www.burmeseclassic.com

ဝိန်သရဖူစာပေ

BURMESE CLASSIC .com

# ဟောင်လှမျိုး

(ချင်းရေချောင်းခြံ)

## မနာတတ်တဲ့အသည်း

www.burmeseclassic.com

www.burmeseclassic.com

တ်ဝေသည့်ကာလ – ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ
(ပထမအကြိမ်)

အုပ်ရေ – ၅၀၀ အုပ်

န်ဖိုး – ၁၀၀ ကျပ်

န်ပျူတာ – ပြည့်ဖြိုး

က်နှာဖုံးဒီဇိုင်း – မင်းမြင့်နိုင်

တ်ဝေသူ – ဒေါ်တင်တင်အုန်း (၀၃၇၄၈)
စိန်သရဖူစာပေ
အမှတ် (၆၆)၊ (၆)လမ်း
လမ်းမတော်မြို့နယ်။

တွင်းပုံနှိပ် – ဦးကျင်ရင် (၀၅၄၁၇)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
(၂၅)၊ အခန်း(၂)၊ (၃၁)လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ဖုံးပုံနှိပ် – ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)၊
အမှတ်(၁၂၉၉)၊ အောင်သုခ (၂၇)လမ်း၊
(၆)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်။

လှမျိုး၊ မောင် (ချင်းချောင်းခြံ)
မေတ္တာတံတားအသည်း/မောင်လှမျိုး (ချင်းချောင်းခြံ) ရန်ကုန်
စိန်သရဖူစာပေ (၂၀၁၃)
[illegible] ၁၁.၄ x ၁၇.၈ စင်တီ။
(၁) မေတ္တာတံတားအသည်း

BURMESE CLASSIC .com

တင်တင်အုန်း
စီစဉ်သည်

စိန်သရဖူ
စာပေ

အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၂၁၇၅၂

www.burmeseclassic.com

www.burmeseclassic.com

# ဟောင်လှမျိုး (ရှင်းချောင်းမြို့)

# မနာတတ်တဲ့ အသည်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မေမြတ်နိုးလှိုင် . . . သို့

www.burmeseclassic.com

www.burmeseclassic.com

ဘဝ • • • ဆိုတာ၊ တိုက်ပွဲလေး။
သိတယ် မဟုတ်လား။ တိုက်ပွဲတိုင်းမှာ၊
ကျည်ဆန် သေးသေးလေးနဲ့ ထိလည်း၊
သေတယ်။

www.burmeseclassic.com

www.burmeseclassic.com

အမြော်အမြင်ကြီးတဲ့သူရဲ့ ,
စကားတစ်ခွန်းကို ဉာဏ်မီတဲ့သူပဲ
ချက်ချင်း လိုက်နာနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

(ငါ့ဘဝက၊ ဘယ်တုန်းကမှ၊ ကဗျာ မဆန်ခဲ့ပါဘူး ... သက်ထား။ ဘဝ ခရီးကို လူသား ... ဆန်ဆန်၊ ဘဝ ... ဆန်ဆန်၊ လူ ... ပီပီသသ၊ ဘဝ ... ပီပီသသ၊ ငါ ..., ရုန်းကန် ဖြတ်သန်းခဲ့ရတာပါ။

ဘဝ ... ဆိုတဲ့ ဝေါဟာရ ပိုင်နက်ထဲမှာ၊ (နင်၊ အပါအဝင်) လူတော်တော်များများ၊ လိုချင်မက်မောတတ်ကြတဲ့၊ အချစ် ... ဆိုတဲ့အရာ၊ ပါကောင်း ပါနိုင်မှာပါ ... သက်ထား။

ဒါပေမဲ့ ...၊ ဘယ်သူ့ဆီက,မှ၊ ချစ်ခင်ကြင်နာမှု၊ မရရှိဘူးတဲ့၊ ငါ့ဘဝ ပိုင်နက်ထဲမှာတော့၊ အဲဒီ အချစ်ဆိုတဲ့ အရာဟာ၊

www.burmeseclassic.com



ကြည့်တတ်မှ မြင်နိုင်ရဲ့လောက်အောင်၊ ငုပ်လျှိုး မှေးမှိန်နေတဲ့အတွက်၊ နင် ... မြင်နိုင်မှာ မဟုတ်ဘူး ဆိုတာကို၊ ငါ ..., ခန့်မှန်းနိုင်ပါတယ်။

ဒီမယ် ... သက်ထား။

နင့်ဆီက၊ ငါ ..., ဘာမှ ရစရာမရှိဘဲ၊ နင့်ကို လက်ထပ်ခဲ့တယ် ... ဆိုကတည်းက၊ အဲဒါ ... အချစ် မဟုတ်ဘူးလား။ ဒီ ... မေးခွန်းဟာ၊ နောက်ကျ မေးခွန်းဆိုတာ၊ ငါ ... သိပါတယ်။

အချစ်ဆိုတာ၊ "ချစ်တယ်" ... ဆိုတဲ့ ဝေါဟာရလေးနှစ်လုံးထက်၊ ပိုပြီး ...၊ ကြီးမားကျယ်ပြန့်ပါတယ်။

ဘဝခရီးကြမ်းကို၊ ရမ်းသန်း မှုန်းသန်းနဲ့၊ ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းခဲ့ရသူအဖို့၊ "အချစ်" ... ဆိုတဲ့ ဝေါဟာရကို ဘယ်တုန်းကမှ၊ ငါ ..., ဘာသာ မပြန်ဖြစ်ခဲ့ပါဘူး။ အဓိပ္ပာယ်ဖွင့်ဆိုကြည့်ဖို့လည်း၊ ငါ ... အချိန်မရခဲ့ပါဘူး။

ချစ်တာကို၊ ချစ်တယ် ... လို့ပဲ၊ သိပြီး ကျန်တာတွေကို ငါ ... စိတ်မဝင်စားခဲ့ဘူး။

နင့်ကို၊ ငါ, ချစ်လို့ လက်ထပ်တယ်။ နောက်ဆုံး ထွက်သက်အထိ၊ ချစ်ခင်သွားဖို့၊ ရည်စူးခဲ့တယ်။ ဒါ ..., အဲဒါ၊ ငါ ... ပြောတတ်တဲ့၊ ချစ်စကားပဲ သက်ထား။





ဒါပေမဲ့ ... နင်နဲ့ငါ၊ လက်ထပ်ပြီးတဲ့၊ နောက် ..., နင်, ငါ့ကို စွန့်ခွာသွားတဲ့၊ အချိန်အထိ၊ ငါ ... နင့်ကို ချစ်တယ် ... လို့၊ မပြော ဖြစ်ခဲ့ဘူး။

အဲဒါ ... ဘာကြောင့်လို့၊ နင်, ထင်သလဲ ... သက်ထား။

နင်, မကြားနိုင်မှန်း သိလျက်၊ ငါ ... ပြောပြလိုက်မယ်။ အဲဒါ ...၊ ငါ ..., နင့်ကို သိပ်ချစ်လွန်းလို့၊ ဘယ်သူနဲ့မှ မတူအောင်၊ ချစ်ချင်လို့၊ ချစ်တယ် ... လို့ မပြောဘဲ၊ ငါ ... ချစ်တတ်သလောက်၊ ချစ်ခဲ့တာပါပဲ။

တကယ့် ချစ်ခြင်းမေတ္တာအတွက်၊ ချစ်တယ် ... လို့ ပြောဖို့ မလိုဘူး ... လို့၊ ငါ ... ယူဆ,ခဲ့မိတာပါ။ ငါ ... မှားသွားသလား ... မြသက်ထား)။

❐

"မြသက်ထားနဲ့ ယူထားတဲ့၊ သီဟစည်သူ ... ဆိုတဲ့၊ ကောင်လေးက၊ ငါ့ညီရဲ့ သူငယ်ချင်းမင်း ... တရားစွဲလို့ ရတယ်လေ ...၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သူတို့နှစ်ယောက်ရဲ့ ရှေ့မှာ၊ မင်း ... မတ်တတ် သွားရပ်ပြလို့ ရတယ်။ မင်း ... ဘာလုပ်ချင်သလဲ ... ပြော"

"ငါ ... ဘာမှ၊ မလုပ်ချင်ပါဘူး။ ငါလည်း ...၊ လှိုင်နဲ့ လက်ထပ်တော့မှာပဲလေ။ သူ့လမ်း သူလျှောက်၊ ကိုယ့်လမ်း ကိုယ်လျှောက်ပေါ့"

"မြသက်ထားက၊ မင်းဆီက,နေ ... ထွက်သွားသွားချင်း။ အဲဒီ ကောင်လေးကို၊ ယူတာ။

နဂိုကတည်းက၊ သစ္စာယွင်းသူရဲ့၊ အခြေအနေကို၊ မင်း ... သိသိချည်းနဲ့၊ လွှတ်ပေးလိုက်တယ်ပဲ ... ထား။

မင်းနဲ့ သူနဲ့ ဘာမှ မပတ်သက်ခဲ့ဖူးဘူး။ မင်းက ... အနိုင်ကျင့် စော်ကားပြီး၊ လက်ထပ်ထားလို့ သူ ... ထွက်ပြေးခဲ့ရတာ ... ဆိုတဲ့၊ စကားမျိုးပြောပြီး ... သူ့ကိုယ်သူ ကာကွယ်ခုံးအုပ်တာမျိုးကျတော့၊ မင်းရဲ့, သိက္ခာကို၊ အလုံးစုံ ထိခိုက်နေတယ် ... မာယာ။

တရားစွဲစေချင်တယ်ဆိုတာ၊ သူတို့ကို၊





ကွေကွင်းစေချင်လို့၊ စွဲခိုင်းတာ မဟုတ်ဘူး။

မဟုတ်မဟုတ် ပြောတဲ့ ... စကား။ ရပ်သွားစေချင်လို့ကွ"

"အရင်လူ မကောင်းဘူး ပြောမှ၊ နောက်လူက၊ ကရုဏာ သက်မှာလေကွာ။

သူ့ ခင်ပွန်း။ သူ့အပေါ်၊ ပို ... ခင်တွယ်စေချင်လို့၊ သူ ... သိသလောက်၊ တတ်သလောက် ဉာဏ်လေးနဲ့၊ ငါ့ မကောင်းကြောင်း၊ ပြောတာနေမှာပေါ့"

"မင်းက ... သဘောထားကြီးနေတာလား။ မာယာ။ ဒါမှ မဟုတ်၊ မေမြတ်နိုးလှိုင်က၊ ခွင့်မပြုမှာ စိုးရိမ်နေတာလား"

"လှိုင် ... အားလုံး သိပြီးသားပါ။ ငါ ... ဘာလုပ်လုပ်၊ လှိုင် ခွင့်ပြုမှာပါ။

ဒါပေမဲ့ ... ကိုယ့် သိက္ခာ အဖတ်ဆယ်ဖို့၊ သူတစ်ပါး၊ အိမ်ရာ ပြိုကွဲသွားမှာမျိုးကိုတော့၊ လှိုင်လည်း ... ငါ့လိုပဲ၊ လိုလားမှာ မဟုတ်ပါဘူး"

"မာယ ... ဆိုတဲ့ မင်းက၊ မိုက်မိုက်ကန်း



www.burmeseclassic.com

www.burmeseclassic.com



ကန်။ ခင်မင်မှုကို အခွင့်အရေး ယူပြီး အနိုင်ကျင့် လက်ထပ်ထားတာပါ . . . ဆိုတာကြီးက၊ မင်း . . . လူယုတ်မာ ဖြစ်သွားနိုင်တဲ့ စကားမျိုးနော် . . . မာယ။

မင်းကိုယ် . . . မင်း။ ကာကွယ်ဖို့ ငါ . . . , ပြောနေတာ"

"သူငယ်ချင်း . . . ဇော်ဇ"

"ပြော"

"ငါနဲ့ . . . မြသက်ထား စ,တွေ့တုန်းက, လည်း။ သူ့ အဖေက၊ သူ့ကို၊ ယောက်ျားပေးစား လို့၊ အိမ်က, ထွက်ပြေးလာတာ . . . လို့၊ ငါ့ကို၊ ပြောတာကွ"

"အဲဒါ . . . ဘာဖြစ်လဲ"

"သူ . . . သုံးတတ်တဲ့ စကားလေးကို၊ သူ . . . သုံးနေကျအတိုင်း၊ အသုံးပြုနေတယ် . . . လို့ပဲ၊ ငါ . . . ယူဆ, ပါတယ်၊ သူငယ်ချင်းရာ။

ကျန်တာက,တော့၊ ငါ့ ကံပေါ့။ သူ့ စကား ကြောင့်၊ ငါ့သိက္ခာ ကျသွားမယ်ဆိုရင်တောင်၊ ငါ . . . ငြိမ်ခံနေချင်ပါသေးတယ်"





"မင်း . . . စိတ်မနာဘူးလား မာယ"

"စိတ်လည်း၊ မနာဘူး။ အသည်းလည်း မနာဘူး။ သူ . . . ဘာလုပ်လုပ်, ဘာပြောပြော၊ ငါ . . . ခွင့်လွှတ်တယ်။

ငါ့ ကျေးဇူးကို၊ သူ . . . , မြင်မြင်, မမြင်မြင်။ သူ့ကျေးဇူးကို၊ ငါ . . . မြင်ရတယ် . . . ဇော်ဇ"

"ဘာကွ။ နေစမ်းပါဦး။ ငါတို့ သိသလောက် က,တော့၊ မြသက်ထား မင်းကို၊ ကလိမ်ကျသွား တာပဲ . . . သိတယ်။

မင်းရဲ့ . . . ကျေးဇူးရှင်ကြီးအဖြစ်နဲ့တော့၊ မသိဘူး။ ဘာ ကျေးဇူးတွေများ၊ ဒီလောက် ကြီးခဲ့ လို့လဲ"

"ထမင်း ဆာစ်လုပ် . . . ရေတစ်မှုတ်၊ ထောက်ပံ့ ကူညီဖူးရင်တောင်၊ ကျေးဇူးပြုသူ၊ ကျေးဇူးရှင်အဖြစ်၊ သတ်မှတ်ပြီး၊ မပြစ်မှား . . . မစော်ကားရဘူးလေကွာ။

ကျေးဇူးကို၊ မမြင်ရင် . . . အကန်းပဲ။ အဲဒါ ကိုပဲ၊ ကျေးဇူး ကန်းတယ် . . . လို့၊ ခေါ်တာကွ။ ငါ

www.burmeseclassic.com



…, ဘယ်တော့မှ၊ ဘယ်သူ့ကိုမှ၊ ကျေးဇူးမကန်းဘူး။

အဲဒါကြောင့်၊ ငါ … ဒေါသ, သောက, မဖြစ်အောင်၊ ငြိမ်ငြိမ်လေး နေနေတာပေါ့”

“သူတောင်၊ မင်း … ကျေးဇူးကို၊ မမြင်ချင်ယောင် ဆောင်နေပြီပဲကွာ”

“ကိုယ် … ကောင်းတာ၊ ကိုယ် … သိသလို၊ ကိုယ် … မကောင်းတာ၊ ကိုယ် အသိဆုံးမို့၊ သူများ … မကောင်းတာ ကိုယ် … မေ့ထား။

ကိုယ် … ကောင်းတာ ကိုယ်သိသလို ကိုယ် … မကောင်းတာ၊ ကိုယ် … အသိဆုံးမို့၊ သူများအကောင်းကို၊ ကိုယ် … လေးစား … တဲ့။

အဆိုတော် စိုးလွင်လွင်ရဲ့ သီချင်းလေး။ မင်း … ကြားဖူးမှာပေါ့။

မှတ်သက်ထားကြောင့်၊ ငါ့စိတ်ထား တစ်ခု၊ ပြောင်းလဲခဲ့ဖူးတယ်လေ။ အဲဒါ … သူ့ကျေးဇူးပဲ။

သူ … ကောင်းကောင်း မကောင်းကောင်း၊ ငါ … သူ့အပေါ်မှာ၊ မဖောက်လွဲ, မဖောက်ပြန်ခဲ့





တာ၊ သူ … အသိဆုံးပဲ ဇော်ဇော်။

သူ … ဘယ်သူ့ကို၊ ဘာပြောနေ … ပြောနေ၊ သူ့စကား မှန်, မမှန်။ သူ့ဘာသာ, အသိဆုံး ဖြစ်မှာပါ။ ငါ … သွားပြီး၊ ငြင်းခုန်ဖို့ မလိုပါဘူးကွာ”

“…။…”

“…”

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

သူ့တစ်ပါးကြောင့်၊ ရှိုယ့်စိတ်,
အညစ်ခံနေတဲ့ သူဟာ၊ လူညံ့ပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

(ဘယ် ... မိန်းကလေးကိုမှ ငါ ... အထင်မကြီးခဲ့ဖူးဘူး သက်ထား။ ချစ်ခြင်းတွေ ... လက်ထပ်ခြင်းတွေကိုလည်း ငါ ... မယုံကြည်ခဲ့ဖူးဘူး။

အထူးသဖြင့် သနားတယ် ... ဆိုတဲ့ ဝေါဟာရ ငါ့ဘဝ ကြမ်းကြမ်းကြီးထဲမှာ တစ်ခါမှ မထားရှိခဲ့ဖူးပါဘူး။

နင်နဲ့ ... မတွေ့ခင်တုန်းက မိန်းကလေးဆိုတာ ငါ့ အပျော်တွဲရမယ့် အရုပ်လှလှလေးတွေ ... လို့ပဲ ငါ ... ယူဆ ထားခဲ့သူပါ။

အနိမ့်ခံဘဝ,ကို တိုးတက်အောင် လုပ်မယ်။ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်မယ်။ တိုးတက်အောင်မြင်မှုတိုင်းရဲ့ နောက်နားမှာ၊ လက်ခုပ်သံတွေ . . . ချစ်သူတွေ . . . အများကြီး ရှိလာလိမ့်မယ် . . . လို့ပဲ၊ ငါ . . . ယုံကြည်တယ်။

တကယ့် ချစ်ခြင်း မေတ္တာဆိုတာကို၊ ဘယ်, အထောက်၊ အထားနဲ့မှ၊ ငါ . . . မယုံကြည်ခဲ့ပါဘူး . . . မြသက်ထား)

❑

"နှင့် အလုပ်ခန်းထဲမှာ၊ ကောင်မ, ငယ်ငယ် လေးတစ်ယောက်၊ အဝင်အထွက် လုပ်နေတယ်ဆို . . . မာယ"

သူငယ်ချင်း ပိုပို၏ မကျေမနပ် စစ်ဆေးမေးမြန်းချက်။ (သူငယ်ချင်း . . . ဟု၊ ဆိုသော်လည်း ပိုပို့ကို ကျွန်တော် . . . ကြိုက် လိုက်ရင် ကောင်းမလား . . . ဟု၊ လေး,ငါးကြိမ် . . . တွေးဖူးသည်။ ဒီအတွေးစိတ်ကိုလည်း၊ ပိုပို့အနေဖြင့်၊ နည်းနည်းပါးပါး ရိပ်စားမိ နိုင်၏)။

"ဟဲ့ . . . မေးနေတယ်လေ"





"မေးလေ"

"မေးပြီးပြီလေ။ နှင်, ဖြေတော့"

"ဪ . . . ဆက်မေးဦးမယ် ထင်လို့။ မဖြေသေးတာ"

"ဆက်မမေးတော့ဘူး။

မေးထားသလောက်ပဲ ဖြေတော့"

"နှင့် . . . မေးခွန်းက၊ တိုတိုလေးပဲ၊ နှစ်မှတ် တန် မေးခွန်းလောက်ပဲ၊ ရှိတယ်"

"မာယ။ ငါ . . . တကယ်စိုးရိမ်ပြီး၊ မေးနေ တာနော်။ နှင့် ဘေးနားမှာ၊ မိန်းမတွေ ဝိုင်းနေတာ၊ ငါ . . . ဘာမှ မနာလိုဖြစ်စရာ မရှိဘူး။ ဒါပေမဲ့ . . . အခု ဒီကောင်မ,လေးက၊ နှင့်ထက် အသက် ဆယ်နှစ်လောက် ငယ်တယ် . . . တဲ့"

"ဆယ်နှစ် မဟုတ်လောက်ဘူး။ ဆယ့်တစ် နှစ်လောက် ဖြစ်မယ်ထင်တယ်။

နာမည်က၊ မြသက်ထား . . . တဲ့။ အသက်က ဆယ့်ကိုးနှစ် . . . တဲ့"

"နှင့်ကို . . .၊ ငါ . . . နာမည် မေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး''

ပိုပို မျက်စောင်းထိုးပြီး၊ ပြောသည်။

ကျွန်တော် ပေါ့လျော့စွာ ရယ်လျက် . . .၊

''နင် . . . မေးတဲ့ မေးခွန်းကို၊ ငါ . . . တိတိကျကျ ဖြေတာပါဟာ''

''အဲဒီ ကောင်မ,လေး . . . နင့်အလုပ်ခန်းကို၊ လာတဲ့နေ့က၊ နင် . . . ငါ့ကို၊ ဘုရားမှာ ချိန်းထားတာနော်။

နင် . . . ဖုန်းဆက်ပြီး ငါ့ကို၊ ဟိုနိုင်း . . . ဒီနိုင်းလုပ်ကတည်းက၊ နင် . . . တစ်ယောက်ယောက်နဲ့ တွေ့နေပြီဆိုတာ၊ ငါ သိတယ်။

နင့် အလုပ်သမားတွေ မေးကြည့်တော့ အဲဒီနေ့က၊ နင် . . . ပုစု . . . ခရုစုလေးကို၊ ညှော်နေတာတဲ့ . . .။

မာယာ။ အသက်ယော်တဲ့သူနဲ့ မပတ်သက်နဲ့နော်။ အန္တရာယ် . . . ရှိတယ်''

''ပိုပိုရယ် . . .။ တိကောင်ကိုက်လို့၊ မသေပါဘူးဟာ''





''ဟဲ့။ တိကောင်ကိုက်လို့၊ မသေပေမဲ့၊ တိကောင်လောက် . . . သေးတဲ့၊ မြွေပွေးကိုက်ရင်၊ သေတယ်ဟဲ့''

''ဟုတ်ပါပြီ။ ငါ . . . ဘာလုပ်လို့လဲ''

''ကောင်မ,လေး။ ဝင်လာတဲ့ အနေအထားကို၊ ငါ . . . မကြိုက်ဘူး။ ပလိန်းကြီး . . . ဝင်ရောတာ''

''ဝင်ရောတယ် ရယ်လို့ မဟုတ်ပါဘူးဟာ။ ခင်ရာမင်ကြောင်းပါ''

''ငါ . . . ကြားရသလောက်တော့၊ နင့်ဆီကို၊ အဆက်မပြတ် လာနေတာ . . . တဲ့''

''သူက၊ ဟိုဘက် ရပ်ကွက်မှာ၊ နေတာဟ။ နီးလို့၊ အမြဲ ရောက်တာပါ''

''မိဘ မျိုးရိုးကိုရော . . . နင်, သိရဲ့လား''

''မိဘမျိုးရိုး . . . သိရအောင်၊ ငါက . . . သူနဲ့ ဘာဖြစ်နေလို့လဲ။ ငါ . . . စိတ်ဆိုးမိတော့မယ်နော် . . . ပိုပို။

အလည်လာတဲ့သူကို၊ ငါက . . . နင့်လိုတိ



www.burmeseclassic.com

www.burmeseclassic.com



ရမှာလား''

''အချိန်တိုတိုအတွင်းမှာ၊ ရင်းနှီးလွန်းတာကို ငါ ... ပြောတာ မာယာ။

နှင်ထုတ်နိုင်းနေတာ မဟုတ်ဘူး။ သတိထား ဖို့ ပြောနေတာ။

မေလ ... ခြောက်ရက်နေ့၊ ချစ်ဆုသဲနဲ့ တတ်ပုံရိုက်ဖို့၊ နှင် ... ချိန်းထားပြီးသား။

မေလ ... နှစ်ရက်နေ့၊ အဲဒီ ... ကောင်မ လေး ရောက်လာတာနဲ့၊ အဲဒီ တစ်ပတ်လုံး အလုပ် ကိစ္စတွေ၊ နှင် ... ရက်ရွှေ့ပစ်တယ်လေ။ အဲဒါ ... ဘာဖြစ်တာလဲ''

''ပိုပို။ မိန်းမသားအချင်းချင်း။ နှင် ... အလွယ်တကူ၊ အထင်မသေးပါနဲ့လား''

''ရော် ...။ ငါ ... နှင့်ကို၊ သတိပေးရုံပဲ ရှိပါသေးတယ်။ ဖြစ်သင့် ဖြစ်ထိုက်တဲ့။

ပုံမှန် အဖြစ်အပျက်တိုင်းအတွက်၊ ဘာ ... သတိပေးချက်မှ မလိုဘူး ... မာယာ။

သတိပေးရပြီ ဆိုရင်တော့ ...၊ အဲဒါ ...





မဖြစ်သင့် ... မဖြစ်ထိုက်တဲ့၊ အခြေအနေ၊ အဖြစ် အပျက်မျိုး။ ဖြစ်နိုင်ချေရှိလို့ပဲ''

''ငါ ... အသေးစိတ်၊ ပြောပြပါရစေဦးလား ... ပိုပို''

''အသေးစိတ်တောင်၊ ပြောပြချင်နေပြီပဲ'' ... ဟု၊ ပိုပို ကားနာထိုး၏။

❑.❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၃)

ထို မနက်က၊ ကျွန်တော် ဘုရားရှိခိုးနေသည်။

"ဒေါက် ဒေါက်။ ဒေါက် . . .။

ဒေါက် . . . ဒေါက် . . ."

ဘုရားရှိခိုးနေစဉ်၊ ကြားလိုက်ရသည့် တံခါးခေါက်သံ။ …သဲ့မျှ။ မကြာ မကြာ။

တုံ့ပြန်သံ မကြားရပါမှ၊ တံခါးခေါက်သံ ရပ်သွားတော့။ …န်တော် ဘုရားရှိခိုး အမျှဝေ . . . ကြေးစည်တီးပြီးမှ၊ တိုက်ခန်း …ခါးကို၊ ဖွင့်လိုက်တော့။

"အို . . ."

www.burmeseclassic.com



တံခါးဝ,တွင်၊ ကောင်မ,လေးတစ်ယောက်၊ ငုတ်တုတ်ထိုင်နေ၏။

"ဓာတ်ပုံဆရာ ကိုမာဃလားရှင့်"

"ဟုတ်ကဲ့။ ခုနက . . . တံခါးခေါက်တာ၊ ဒီ . . . ညီမ,လေးလား"

"ဟုတ်ကဲ့ ရှင့်"

"ဪ . . .၊ ဘုရားရှိခိုးနေလို့။ တံခါးခေါက်သံတော့ ကြားတယ်။ ပြန်သွားပြီတောင် ထင်တာ။

ဆို . . .။

ဘာ ကူညီရမလဲ"

"ကျွန်မ, ဝင်ထိုင်မယ်နော်"

"ဪ . . . အင်း။ လာ . . ."

❒

"ဆရာက၊ အဝိဇ္ဇာန်ဝင်နေတာလားရှင့်"





"ဟင့်အင်း။ မဟုတ်ပါဘူး။ နေ့စဉ် အလုပ်ပါ။ ဘာဖြစ်လို့လဲ"

ပြုံးလျက် –

"ဝတ်ဖြူစင်ကြယ် ဝတ်ထားလို့ပါ"

"အင်း။ ဘုရားခန်း ဝင်ရင်၊ ဒီ . . . အဝတ်အစားနဲ့ ဝင်တာပါ။

ခဏ။ ထိုင်ဦးနော်။ အဝတ်အစား လဲလိုက်ချင်လို့"

"ဟုတ်ကဲ့ရှင့်"

ပိုပိုနှင့် ကျောက်တော်ကြီး ဘုရားတွင်၊ ချိန်းထားသည်မှာ . . . နေ့လယ်ပိုင်း။ ဒီ, ကောင်မ,လေးကို၊ ညှော်ခံစကားပြောနေရရင်တော့၊ နောက်ကျလောက်၏။

ထို့ကြောင့် . . . အဝတ်အစား လဲပြီးသည့်အခါ၊

"ပြော . . .။ ကိုယ် . . . ဘာကူညီရမလဲ"

"ဘာမှ မကူညီရပါဘူးရှင့်။ ကျွန်မက, ဟိုဘက်ရပ်ကွက်မှာ၊ လာနေတာ နှစ်လ, လောက်ရှိပါပြီ။

အဲဒါ . . . ဒီရပ်ကွက်မှာ၊ ဓာတ်ပုံ မာဃ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုလို့ လာမိတ်ဆက်တာပါ။

ဟို ... ကျွန်မ နာမည်၊ မြသက်ထားပါ။

ကျွန်မ ... ဘိုးဘိုးက၊ ..."

ပန်းချီဆရာကြီးတစ်ဦး၏ အမည်နာမ,ကို၊ သူ ... ပြော၏။

"ဒေါ ...။ ...,

..."

အနုပညာရှင်တစ်ဦး၏ အမည်နာမ,ကို ပြောလျှက်၊ သူ၏ မိခင်ဖြစ်ကြောင်း ပြော၏။ သူ မိတ်ပွဲ့သည့် အမည်နာမ, များထဲတွင်၊ သူ့ ... ဖခင်အမည် ... မပါ။

"ဩော် ...၊ ကြုံလို့ ဝင်လည်တာပေါ့။

ဟုတ်လား"

ပြုံးလျှက်၊ ကျွန်တော် နောက်ပြောင်မိ၏။

"ဟင့်အင်း။ မဟုတ်ပါဘူး။ တမင် ...

လာလည်တာပါ။

ဆရာ ... ကျွန်မ,ကို၊ မမှတ်မိတာ ဖြစ်မယ်"

"ဘယ်လို"

"ကျွန်မ ... ရှစ်တန်း ကျောင်းသူ အရွယ်

တုန်းက ...၊ ဆရာနဲ့ ကျွန်မ, ဗန္ဓုလ ပန်းခြံထဲမှာ



မနှာတတ်တဲ့ အသည်း

... တွေ့ဖူးတယ်လေ။ အဲဒီတုန်းက၊ ဆရာက ...

ပန်းခြံထဲမှာပဲ ... ရိုက်တဲ့၊ ဓာတ်ပုံဆရာ"

ကျွန်တော် ... မျက်ခုံးတွန့်ကွေးကာ၊ မှတ်ဉာဏ်တွေကို၊ စုစည်းမိသည်။

"...။ ...

..."

☐

"ဒီကောင်မ,လေးက၊ ဘာဖြစ်လို့ ငိုနေတာ

လဲကွ။ ပန်းခြံပိတ်တော့မယ်လေ။ ဘာဖြစ်နေတာ

လဲ"

ကျွန်တော့် ... အမေးစကား။

"သူ့အဖေ မိန်းမ, ယူလိုက်လို့ ... တဲ့။

အဲဒါ ... အိမ်မပြန်ချင်တော့ဘူးတဲ့။ မနက်ဖြန်၊

စာမေးပွဲလည်း၊ ဖြေရမှာ"

သူငယ်ချင်း ကောင်မ,လေး၏ အဖြေစကား။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . .။ ဒုက္ခပဲ။ အဖေက . . . မိန်းမ ယူတယ်ဆိုတော့၊ အမေက,ရော . . .။ . . ."

ကျွန်တော့် အမေးစကားအဆုံးတွင်၊ ငိုနေသူ ကောင်မလေး၏ စကားသံ ထွက်ပေါ်လာ၏။

"အမေက . . .၊ နောက်ယောက်ျားနောက် လိုက်သွားတာ။ ကြာပြီ။

အဖေ အခု၊ ယူတဲ့ မိန်းမက၊ သုံးယောက်မြောက်။ ပြီးတော့ . . . မီးမီးထက်၊ လေးနှစ်လောက်ပဲ၊ ကြီးတာ။ မီးမီး . . . အိမ်မှာ၊ မနေချင်တော့ဘူး"

"ညီမ,လေး နာမည်က၊ မီးမီး . . . တဲ့လား"

"နာမည်အရင်းက၊ မြသက်ထားပါ . . . ကိုကြီး"

"ကဲ . . . လာလာ။ ဆူးလေ စေတီပေါ် သွားရအောင်။ အစ်ကိုကြီး . . . ညီမ,လေးကို၊ ပြောပြစရာ ရှိတယ်။ ဘုရားပေါ် လိုက်မယ် မဟုတ်လား"

ခေါင်းညိတ်၏။

"ဒီက . . . ညီမ,လေး နာမည်က,ရော"





"နုငယ်သွေး"

"ဘယ်မှာ နေကြတာလဲ"

"ဒီနားမှာပဲ . . . နေတာ။ ကျူရှင်က,နေ၊ အိမ်မပြန်ကြရသေးတာ"

"သူငယ်ချင်းတွေလား"

"ဟုတ်ကဲ့"

"အင်း။ ကောင်းတယ် . . . ကောင်းတယ်။ သူငယ်ချင်းဆိုတာ၊ တစ်ယောက်နဲ့တစ်ယောက် စောင့်ရှောက်ကြရတယ်"

ဆူးလေစေတီတော်ဘက်သို့ မျက်နှာမူကာ၊ အာရုံပြုလျက်၊ ကျွန်တော် ပြောလိုက်၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၄)

"ဘာနေ့ သမီးလဲ"

"ကြာသပတေး"

"ကြာသပတေး သားသမီးတွေက၊ အသက် ဆယ့်လေးနှစ်ထဲရောက်တာနဲ့ စိတ်နည်းနည်း ညစ် ရတတ်တယ်။

ဘာမှ မပူနဲ့၊ အစ်ကို ယတြာချေပေးထား မယ်။ မီးမီးက, စာမေးပွဲ မဖြေခင်ရော ...၊ ဖြေပြီး ရင်ရော ...၊ ပုတီးစိပ်ရမယ်။ စိပ်မှာလား"

ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက် …၊ အရေးကြီးတာ၊ မှာမယ်နော်။ သေသေချာချာ နားထောင်။

မိဘ,ကို။ ဘာကြောင့်မှ၊ စိတ်မဆိုးရဘူး"

"သူတို့က၊ ကောင်းမှ မကောင်းတာ"

"No. No. … အဲဒီလို မပြောနဲ့။ အဲဒါ … မိဘ,ကို ပြစ်မှားတာပဲ။

မိဘ,ပြစ်မှားတဲ့ သားသမီး၊ မကြီးပွားဘူး။ မအေးချမ်းဘူး။ တစ်ခါတည်း မှတ်ထား"

"သားသမီးကို၊ ပစ်ထားတဲ့ မိဘ, ကျတော့ရော"

အဖြေခက်စေသည့်၊ အမေး စကား။

"သူတို့လည်း၊ သူတို့ ပြဿနာနဲ့ သူတို့ပဲလေ။

ကိုယ်က …သားသမီး။ မိဘ,ကြောင့်၊ ကိုယ် … ဆင်းရဲချင် ဆင်းရဲပလေ့စေ။

မိဘ,ကို၊ လုံးဝ … အပြစ်မမြင်ရဘူး။ အစ်ကိုကြီး၊ အဓိက, ပြောချင်တာ၊ အဲဒါ … မဟုတ်ဘူး။





မိဘကို၊ အားကိုးခွင့်ရတဲ့၊ သားသမီးတွေ … ရှိကြသလို။ မိဘကို၊ အားကိုးခွင့် မရတဲ့၊ သားသမီးတွေလည်း၊ ရှိတတ်ကြတယ်။

အဲဒီ … အားကိုးခွင့်မရတဲ့၊ သားသမီးတွေ အနေနဲ့၊ ကိုယ့်အားကိုယ်ကိုးရမယ် … လို့ ပြောချင်တာ။ မီးမီးက၊ ကိုယ့်အားကိုယ်၊ မကိုးချင်ဘူးလား"

"ကိုးချင်တယ်"

"ကိုယ့်ကိုယ်ကိုယ်၊ အားကိုးမယ့်သူက၊ စိတ်ညစ်နေလို့ … ရပါ့မလား"

ခေါင်းခါပြ၏။

"ကိုယ် … မဟုတ်တဲ့သူ အားလုံးဟာ၊ သူတစ်ပါးပဲ။ သူတစ်ပါးကြောင့်၊ ကိုယ့်စိတ် အညစ်ခံနေတဲ့သူဟာ၊ လူညံ့ပဲ"

"မီးမီး … မညံ့ချင်ဘူး"

"မညံ့ချင်ရင် … တော်အောင်လုပ်ရမှာပေါ့။ တော်ချင်တဲ့ သူက၊ စာမေးပွဲတိုင်းကိုတော့၊ အောင်မှ ဖြစ်မယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကိုကြီး၊ မီးမီး အရွယ်တုန်းက ...

အစ်ကိုကြီး။ မိသားစုမှာ၊ အဖေ ...။ အဖေ ...

ပြဿနာ တက်ဖူးတယ်။

မိဘ ပြဿနာက၊ ကိုယ့်ကို လာ ...

လောင်တာတော့၊ အမှန်ပဲ။

ဒါပေမဲ့ ...၊ ငါ, စိတ်ညစ်နေရင်၊ အသ...

ကြီးလာတဲ့အခါ၊ ငါ ... လူတော်ဖြစ်မှာ မဟုတ်...

... လို့၊ တွေးပြီး၊ ကိုယ့်စာ ကိုယ်ကျက်တယ်။

မိဘကို၊ ဘယ်စိတ်နဲ့မှ၊ မပြစ်မှားဘူး၊ ...

... တော်မှဖြစ်မယ်၊ ငါ ... တတ်မှ ဖြစ်မယ် ...

လို့ တွေးတွေးပြီး၊ စာမေးပွဲတိုင်းကို၊ အောင်အော...

ဖြေခဲ့တာပဲ။

အခု ... အစ်ကိုကြီးက၊ ကျောင်းပြီးသွ...

ပြီ၊ တတ်ပုံပညာနဲ့ အသက်မွေးဖို့ ကြိုးစားနေတယ်...

အစ်ကိုကြီးနာမည် မှတ်ထားနော်။ မ...

... တဲ့။ ဘဝ ... မတိုးတက်သေးဘူးဆိုရင် ... တော်က ...

... ပန်းခြံ ... ဟိုပန်းခြံ ... တွေမှာပဲ၊ အစ်ကို...

ရှိနေဦးမယ်။





တိုးတက်ပြီ ... ဆိုရင်တော့၊ ဒီမှာ ... ရှိ

တော့မှာ မဟုတ်ဘူး။

ဒါပေမဲ့ ... ဘယ်ကို၊ ရောက်ရောက်, မာဃ

... ဆိုတဲ့၊ နာမည်နဲ့ပဲ၊ အလုပ်, လုပ်မယ်။

တစ်ချိန်မှာ ...၊ မီးမီးက၊ တက္ကသိုလ်

ကျောင်းသူကြီး ဖြစ်ပြီဆိုရင်၊ အစ်ကိုကြီးကို လာ

နှုတ်ဆက်။

ဟုတ်ပြီလား''

''...။ ...။

...''

❑

ငယ်ရုပ်သွင်လေးကို၊ ခန့်မှန်းတွေးမြင်ကြည့်ပြီးမှ၊ ကျွန်

''ဩော် ...။ ဒါဆို ... ညီမ,လေး နာမည်

က ...၊ မီးမီး။ အဲ ... မြသက်ထားပေါ့''

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးစွာ ပြုံး၏။

"အခု ... ကိုယ့်ကိုယ်ကိုယ်၊ မီးမီး ... လို့ တောင်၊ မသုံးနှုန်းတော့ပါဘူး ... ဆရာ။ ကာလေး ဆန်တယ် ... ထင်လို့လေ။

အခု ... ကျွန်မ၊ တက္ကသိုလ် ကျောင်းသူ ဖြစ်နေပါပြီ"

"သြော် ...။ တော်လိုက်တာ"

"လောလောဆယ်တော့၊ ကျောင်းနားထား တာ၊ နှစ်နှစ်ရှိပြီ ... ဆရာ။

ထုံးစံအတိုင်း၊ မိသားစု ပြဿနာတွေကြောင့် ပဲ ဆိုပါတော့"

"အင်း ...။ ဘာပဲ ဖြစ်ဖြစ်၊ နှိုးကျူးပါတယ်။ တက္ကသိုလ်ကျောင်းသူကြီးတောင်၊ ဖြစ်နေပြီပဲ"

"ဟုတ်တယ် ... ဆရာ။

ထွန်းထွန်းပေါက်ပေါက် မဟုတ်လှပေမဲ့ ဒီ ... အခြေအနေအထိ၊ ရောက်ခဲ့ရတာ၊ ဆရာ့ ကျေးဇူးပါ"

"ဘယ်လို၊ ကျေးဇူးတုံး။ ပြန်ပြောပြပါဦး"



မနောတတ်တဲ့ အသည်း

"ဆူးလေ စေတီ ရင်ပြင်တော်ပေါ်မှာ၊ ဆရာ ... ပြောခဲ့တဲ့ စကားတွေ ... အားလုံးဟာ၊ ကျွန်မ, အတွက်၊ ကျေးဇူးကြီးတဲ့၊ စကားတွေပါ။

သူ တစ်ပါးကြောင့်၊ ကိုယ့်စိတ် အညစ်ခံနေ တဲ့သူဟာ၊ လူညံ့ပဲ ... တဲ့။ အဲဒီ ... ဆရာ့စကား လေးက၊ ကျွန်မ,ရဲ့၊ ဘဝ ထူထောင်ရေး ဒဿနပါပဲ ... ဆရာ"

"စကား မစပ်။ ဆရာ ... လို့ မခေါ်စေချင် ဘူး"

"ဘာဖြစ်လို့လဲ ... ဆရာ"

"အင်း ...၊ ကိုယ့်ရဲ့၊ အစွဲအလမ်းပဲ ဆိုပါ တော့။

လူတိုင်းကို၊ မလိုအပ်ဘဲ၊ ဆရာ ... လို့၊ မခေါ်စေချင်လို့။

ကားဆရာ, ဆိုက်ကားဆရာ, ထီးပြင်ဆရာ, ဗေဒင်ဆရာ, ဆရာ ... ဆရာတွေ၊ များလွန်းနေ တော့။ ဘယ်ဟာ ... တကယ့် ဆရာမှန်း၊ မသိမှာ စိုးလို့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အနေနဲ့ မလိုအပ်ဘဲ၊ ဘယ်သူ့ကိုမှ ဆရာ . . . မခေါ်ဘူး။

အဲ . . .၊ ကားဆရာ, ဆိုက်ကားဆရာ၊ ခေါ်ရ . . . ပြောရတာ၊ စိတ်ထဲမှာ . . . ဘာမှမဖြစ်ပါဘူး။ ဂုဏ်မြှင့်တင်ပေးတဲ့အနေနဲ့ ခေါ်ပေးဖို့လည်း ဝန်မလေးပါဘူး။

ဒါပေမဲ့၊ တချို့နေရာ, နေရာတွေမှာ၊ ကိုယ့်ကိုလည်း၊ ဘာမှ . . . သင်အံမပေးဘူးဘဲ၊ ဘာမှ . . . ကောင်းကျိုးမပြုဘူးဘဲနဲ့၊ အခွင့်အရေး ရရာရကြောင်းအတွက်၊ ဘာမှန်းမသိတဲ့ လူတွေကို ဆရာ . . . ဆရာ ခေါ်နေတာ မြင်ရ, ကြားရ . . . တာ၊ နားကြားပြင်းကပ်လို့၊ ဆရာ . . . လို့၊ လုံးဝ . . . အခေါ်မခံချင်ဘူး''

''ကျွန်မ . . . ဆင်ခြင်ပါ့မယ်''

''အင်း။ တိုက်တိုက်ဆိုင်ဆိုင်။ ကိုယ်ကမင်းမွေတောင်၊ ကျောက်တော်ကြီးဘုရားမှာ၊ ဓာတ်ပုံရိုက်စရာ ရှိတယ်''

''ကျွန်မ . . . လိုက်လို့ ရမလားဟင်။ ကျွန်မ





က . . . အားနေတာဆိုတော့လေ။ အနှောင့်အယှက် မဖြစ်ရင်ပါ''

ကျွန်တော်၊ ပိုပို့ ဖုန်းနံပါတ်တွေကို၊ နှိပ်လိုက်၏။

''ပိုပို။ နင် . . . ကွန်ပျူတာခန်းကပဲ၊ စောင့်ပေးတော့။ ပြီးတော့မှ၊ အလုပ်ခန်းကို၊ နင် . . . လာပေးပါလား''

''. . . ။ . . .''

''ငါ . . . တခြားကိစ္စလည်း၊ ရှိသေးလို့ပါ''

''. . . ။

. . . ! . . .''

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

(၅)

(အဲဒီ အချိန်တုန်းက၊ နှင့်အပေါ်၊ ငါ . . ., ဘာ စိတ်ဝင်စားမှုမှ မရှိခဲ့ပေမဲ့၊ နှင်ဟာ . . . လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က၊ ငါနဲ့ တွေ့ဖူးပြီး၊ ငါ့စကားလေးကို၊ နားထောင်လိုက်နာခဲ့တဲ့၊ မြသက်ထား ဆိုတဲ့ ကောင်မ,လေးမှန်း သိလိုက်ရတဲ့အခါ၊ ငါ . . . သိပ်ပျော်သွားတာ၊ အမှန်ပဲ . . . သက်ထား။

ငါ့ စကားကြောင့်၊ လူ တစ်ယောက်၊ ကြိုးစားချင်စိတ် . . .၊ တိုးတက်ချင်စိတ် . . .၊ ဖြစ်သွားရတယ်ဆိုတာမျိုး၊ ငါမှ မကြုံဘူးခဲ့ဘဲ။ နောက်ပြီး . . .၊ ငယ်ရွယ်တဲ့ ဘဝမှာ၊ ငါ့လို . . . မိသားစု ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပါလျက်၊ ဘဝ . . . လမ်းမချော်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း။ ငါ . . . ကိုယ်ချင်းစာပြီး ဂုဏ်ယူချင်ခဲ့တယ် . . . သက်ထား။

အဲဒီအချိန်က၊ နှင် . . . သေသေချာချာ မတွန်းပေါက်သေးပေမဲ့၊ ဂုဏ်ပြုချင်မိတာလည်း၊ အမှန်ပါပဲ။ ဂုဏ်ပြုရလောက်အောင် တိုးတက်အောင်မြင်ခဲ့သူ မဟုတ်ပေမဲ့၊ နှင့်ကို၊ မြသက်ထား . . . လို့ သိလိုက်ရတဲ့၊ ခဏအတွင်းမှာ၊ ငါ . . . , ဘာကြောင့်မှန်း မသိဘဲ၊ တော်တော် ပျော်သွားခဲ့တာပါ . . . သက်ထား။

အဲဒီ အချိန်က၊ နှင် . . . , ငါ့ကို၊ မလိမ်ညာသေးဘူး . . . လို့၊ ငါ . . . အခုအချိန်အထိ၊ ယုံကြည်နေမိပါတယ် . . . သက်ထား)

❑

"ဩော် . . . ဒါဆို၊ နှင်က . . . အဲဒီ မြသက်ထားရဲ့၊ ကျေးဇူးရှင်ကြီးပေါ့ . . .။ ဟုတ်လား။

သူက . . . ဘာနဲ့ ကျေးဇူးလာဆပ်တာတဲ့လဲ"

"ပိုပို။ နှင် . . . မိန်းကလေးချင်း၊ ကိုယ်ချင်းစာစိတ်နဲ့ မြင်ကြည့်ပါလားဟာ"

"မာယာ။ ငါ . . . ဘာကူညီရမလဲ။ သူ့ကို ကူညီပေးမယ်။

မနက်စောစော၊ ညနေ စောင်းစောင်း၊ နှင့်၊ အလုပ်ခန်းကို၊ လာလာနေတာ . . .၊ မိန်းကလေး တစ်ယောက်၊ မလုပ်သင့်တဲ့ ကိစ္စပဲဟဲ့။

ပြီးတော့ . . . နှင်က၊ အိမ်ပြန်တဲ့သူ မဟုတ်ဘူး။ သူ လာတဲ့အချိန်တိုင်း၊ နှင် . . . တစ်ယောက်တည်း။

အဲဒါ . . . သင့်တော်သလား။ အကြောင်းအရာလေး တစ်ခု နှစ်ခု၊ သနားအောင် ပြောပြတာနဲ့၊ နှင်က . . . ပုံပြီး ယုံလိုက်တာ။

နှင် . . . မာယမှ၊ ဟုတ်သေးရဲ့လားဟင်။ ဘာလဲ . . . နှင်က, နုနုထွတ်ထွတ် . . . ငယ်ငယ် ချောချောလေးကို၊ တံခါးဖွင့်ဝါဒ၊ ကျင့်သုံးလိုက်ပြီလား"

"ပိုပို။ နှစ်ယောက်စလုံးကို နှင် . . . စော်ကားနေပြီ။ ငါ . . . စိတ်မဆိုးချင်ဘူးနော်"





www.burmeseclassic.com

www.burmeseclassic.com



"မြွေမြွေချင်း ခြေမြင်လို့ ... နှင့်ဆီကို၊ မြွေတစ်ကောင် ဝင်လာတာကို၊ ငါ ... အသိပေးနေတာ မာယ"

"မြသက်ထားက၊ သနားစရာ ... မိန်းကလေး။ ငါ့ ညီမ, အရွယ်လေး ... လို့ နှင် ... တွေးကြည့်ပါလား ... ပိုပို။

အရွယ်ချင်း, အသက်ချင်း, အခြေအနေချင်း ဘာတစ်ခုမှ၊ ပတ်သက်စရာ ... မရှိတဲ့ ဒီ ... ကောင်မ,လေးကျမှ နှင် ... ဘယ်လိုစိတ်နဲ့၊ မနာလို ဖြစ်နေတာလဲ"

"ဟဲ့ ... မနာလိုရအောင်၊ ငါက ... နှင့် ... ရည်းစားလည်း မဟုတ်ဘူး။ နှင့်ကို ကြိုက်နေတာလည်း မဟုတ်ဘူး။

မိန်းကလေးချင်းပဲ သိတဲ့ ... စိတ်။ နှင် ... နားလည်မှာ မဟုတ်ဘူး"

"ငါ ... ပြောပြီးပြီပဲ။ ငါတို့, နှင်တို့, ကူညီရမယ့် ... မိန်းကလေးပါဆို"

"အေး။ ငါ ... ကူညီမယ်။ နှင့်ဆီကို၊ သူ





... မလာစေနဲ့လေ။

ပြော ...။ ဘာကူညီရမလဲ။ ဘယ်လို ထောက်ပံ့ကြေး၊ ပေးလိုက်ရမလဲ"

"ဒုက္ခပါပဲ"

"မဒုက္ခနဲ့။ ငါ ... နှင့်အမေကို၊ မတိုင်ချင်ဘူးနော် ... မာယ"

"တိုင်ရအောင်၊ ငါက ... ဘာကို ကျူးလွန်နေလို့လဲ"

"နှင် ... ကျူးလွန်တာကို၊ ပြောနေတာ မဟုတ်ဘူး။ နှင် ... ကျူးလွန်အောင် လာလုပ်နေတဲ့သူကို၊ မလာစေနဲ့ ... လို့၊ ပြောနေတာ"

"ဟဲ့ ... ပိုပို။ မြသက်ထားက၊ ငါ့ထက်၊ အသက်အများကြီး၊ ငယ်ပါတယ်ဟာ"

"အင်းလေ။ ယောက်ျားတိုင်းက ... နုနုထွတ်ထွတ်လေးမှ ..."

"ပိုပို ..."

ကျွန်တော့်လက် မြောက်တက်သွား၏။ ပိုပိုက၊ သူ့ မျက်နှာကို၊ ကျွန်တော့် လက်ဝါးရှိရာသို့ တိုးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တက်ခေါက်လျက်သား လက်ကို ပြန်ချလိုက်၏။

"နင် ... ငယ်တာ ကြိုက်ရင်လည်း ငါ့ဆွေမျိုးတွေထဲမှာ ရှိပါတယ်ဟာ၊ ငါ ... ရှာပေးပါ့မယ်"

လက်ထဲရှိ လက်ကိုင်ဖုန်းကို ပိုပို့ မျက်နှာသို့ ချိန်ရွယ်ပြီးတော့မှ အနီးရှိ မှန်ချပ်ရှိရာသို့ ကျွန်တော် ပစ်ပေါက်လိုက်မိသည်။

"ခွမ်း ..."

❑ ❑ ❑



(၆)

"မင်း ... ပိုပို့ကို ကြိုက်နေတယ်ထင်တယ် ... လို့ ငါ ... ပြောမိတယ်"

"မင်းက ... အဲဒီလိုကြီး၊ ဘာဖြစ်လို့ ပြောလိုက်ရတာလဲ ... ဇော်ဇ။

သူငယ်ချင်း အချင်းချင်း၊ ချစ်တယ်, ကြိုက်တယ် ပြောပြီး အပျော်သက်သက်၊ ငါ မတွဲချင်ဘူး"

"မင်းပဲ ... ပိုပို့ကို ကြိုက်လိုက်ရင် ကောင်းမလား မသိဘူးလို့ ငါ့ကို ပြောဖူးတယ်လေ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် . . . , ငါ . . . ပိုပိုကို နောက်သလိုလိုနဲ့ ပြောပြမိတာ''

''ကြိုက်တာဟာ ချစ်တာမှ မဟုတ်ဘဲ။ နောက်ပြီး . . . သူက ငါ့ သူငယ်ချင်း။

သူငယ်ချင်း အဖြစ်က,နေ . . . တစ်ဆင့် တက်မိရင် တခြား သူစိမ်းတွေလို လမ်းခွဲရတာ လွယ်မှာ မဟုတ်ဘူး။

သေတစ်ပန်သက်တစ်ဆုံး မရည်ရွယ်ဘဲ။ ကြိုက်တာ တစ်ခုတည်းနဲ့တော့ ငါ . . . ပိုပိုကို Propose . . . ဘယ်လုပ်ပါ့မလဲ''

''မြသက်ထားဆိုတဲ့ ကောင်မလေး ကိစ္စကို သူ . . . ဝင်ဖွက်ဖက်တာက သူငယ်ချင်းစိတ်နဲ့ပဲ ဖြစ်မှာပါ''

''သူ့ စေတနာကို ငါ . . . သိပါတယ်။ ဒါပေမဲ့ . . . သူ အရမ်း စွက်ဖက်တာကိုကျတော့ ငါ, စိတ်ဆိုးတယ်''

''ပိုပို စိုးရိမ်သလို ငါလည်း . . . စိုးရိမ်တယ် . . . မာယ''





''ဘာဖြစ်လို့လဲ''

''အဲဒီ . . . မြသက်ထားဆိုတဲ့ ကောင်မ,လေးကို ကြည့်ရတာ။ လေလွင့်နေသလိုပဲ''

''မင်း ခန့်မှန်းချက် မစောလွန်းဘူးလား . . . ဖော်ဇ''

''အမယ်လေး . . . ဆယ့်ကိုးနှစ်စွန်းစွန်း။ တစ်ယောက်တည်း နေတယ် . . . ဆိုတာ။ မြန်မာ ပြည်မှာ ရှားပါး ဖြစ်စဉ်ပဲ . . . သူငယ်ချင်း''

''အကြောင်း တစ်ခုခု ရှိလို့နေမှာပါ''

''မိန်းကလေးတိုင်းကို သံသယနဲ့ ကြည့် တတ်ခဲ့တဲ့ မင်းက . . . , ဒီကောင်မ,လေးကျတော့ ဖာဖာထေးထေး မြင်ပေးနေသလိုပဲနော်''

''ငါနဲ့ . . . တစ်ကြိမ်တစ်ခါလောက်ပဲ ဆုံတွေ့ဖူးခဲ့တဲ့ ကောင်မ,လေး တစ်ယောက်အနေနဲ့။ ငါ့ကို လိမ်ဖို့ တကူးတက,တော့ လာတာ . . . မဖြစ် နိုင်ဘူးလေ''

''ယယ်မွေးခြံပေါက် မဟုတ်တဲ့ ဘယ် သူစိမ်းကိုမှ မယုံကြည်ဘူး . . . လို့ မင်း, အမြဲတမ်း ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"အင်း။ ပြောဖူးတယ်"

"မြသက်ထားက၊ မင်း, ခြေရင်း . . .

ရင်းအိမ်က၊ ကောင်မ,လေး မဟုတ်ဘူး မာယ

"သူ . . . လာလည်တဲ့ အချိန်၊ ငါ

တယ်။ ငါ . . . အပြင်သွားစရာ ရှိတဲ့အခါ။

လိုက်လာရင်၊ ငါ . . . ခေါ်သွားတယ်။

ဒီ . . . အခြေအနေလောက်နဲ့၊ မင်းတို့ . . .

ဘာမှ၊ မစိုးရိမ်သင့်ဘူးလေ။ နော်"

"ရည်းစားတွေနဲ့ ချိန်းထားပြီးသားတော

အဲဒီ ကောင်မ,လေး၊ ရောက်လာရင်၊ ချိန်းထား

ကို၊ ဖျက်ပစ်တယ်ဆိုတာ၊ ငါ, ကြားတယ်။

မင်း . . . လိုတဲ့ အကူအညီကို၊ ပေးနေတ

တဲ့၊ ပိုပို့ကိုတော်င၊ အခုတစ်လော၊ ဘာအကူအ

မှ၊ မင်း မတောင်းတော့ဘူး . . . တဲ့။

ဘာကိုမှတော့၊ စိုးရိမ်တယ် . . . မဟုတ်

ပေါ့ကွာ။

ဒါပေမဲ့ . . . , မင်းရဲ့ . . . ပြောင်းလဲပုံတွေ





အာရုံတစ်ခုတည်းမှာ၊ စုနေသလိုမျိုး ဖြစ်နေပြီ"

"ငါ . . . တစ်ခုခုကို၊ ဝန်ခံချင်တယ် . . .

ဇော်ဇ"

". . .

. . ."

"ငါ . . . ဘာဖြစ်သွားသလဲ . . . ဆိုတာ၊

မင်းတို့ သိဖို့၊ လက်ခံဖို့၊ နားလည်ဖို့၊ တခြားသူ

တစ်ယောက်ရဲ့၊ ကိုယ်ရေး ကိုယ်တာတွေကို၊ ခင်းပြ

ရလိမ့်မယ်"

"တခြားသူ တစ်ယောက်ဆိုတာ၊ မြသက်

ထားကို၊ ပြောတာလား"

"ဟုတ်တယ်"

"မင်း . . . ပြောပြရင်၊ သူ့ အကျိုးစီးပွားကို၊

ထိခိုက်နိုင်သလား"

"သူ့ . . . အိမ်တွင်းရေးလေကွာ"

"ငါ . . . နှုတ်လုံမယ်ဆိုရင်ကော"

"မင်းတို့ . . . ပိုပိုတို့၊ ငါ့ကို နားလည်ပေးဖို့

ထက်၊ သူ့ ဘဝ,လေးကို နားလည်ပေးစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ... ငါ, ပြောပြမှာ''

''ပိုပို့ကိုရော။ မင်း ... ပြောမပြဘူးလား''

''ငါ ... ပြောပြဖို့၊ ကြိုးစားသေးတယ်။ ဒါပေမဲ့ ...၊ ပိုပိုက၊ လုံးဝ ... အယုံအကြည် မဲ့ နေတော့၊ စကားပဲ၊ စ,ဖြစ်တယ်။

ခရာစေ့တွင်းချ ... မပြောပြဖြစ်တော့ဘူး''

''ငါ ... နားမထောင်ခင်၊ တစ်ခု၊ မေးထား ချင်တယ်''

''မေး''

''မင်း ...,' အဲဒီကောင်မ,လေးအပေါ် အခုထိ၊ ဆက်ဆံရေး၊ ရိုးရိုးသားသားပဲလား''

''လုလိုက်တာ၊ ချောလိုက်တာ ... ဆိုတဲ့ အကြည့်နဲ့တောင်၊ မကြည့်ဖူးဘူး ... သူငယ်ချင်း''

''ဟုတ်ပြီ ...၊ မင်း စကားကို၊ ငါ ... ယုံ တယ်။ အခု ... မင်း၊ ပြောပြမှာတွေကိုလည်း၊ ငါ ... ယုံမယ်''

❐ ❐ ❐



(၇)

(မနက်စောစော၊ နင်, ငါ့ အလုပ်ခန်းကို၊ လာလည်တယ်။ ငါ, နင့်ကို မုန့်ကျွေးတယ်။ နင်, နေတဲ့ အိမ်ကို၊ ငါ ... လိုက်ပို့တယ်။

ပြီးမှ ..., ငါ ... အလုပ်တွေ လုပ်တယ်။ အပြင်သွားစရာ ရှိတဲ့အခါ၊ နင့်ကို၊ ခေါ်တဲ့နေ့ ခေါ်တယ်။ အလုပ်များတဲ့နေ့၊ နင့်ကို ... ထားခဲ့တယ်။

သိပ်မိုးချုပ်တဲ့နေ့မှာတောင်၊ နင်, ငါ့အလုပ်ခန်းရှေ့က၊ အအေးဆိုင်မှာ၊ လာ, လာထိုင်စောင့်နေတာ၊ ငါ ... အားနာလို့၊ လာမစောင့်ဖို့၊ ငါ ... ပြန်လာတိုင်း၊ နင့်အိမ်ကို၊ ဝင်လည်ပါမယ် ... လို့၊ ငါ ... ပြောရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီ၊ နင် ... လာလိုက်။ နင့်အိမ်၊ ငါ ... လာလိုက်နဲ့ တစ်ယောက်တည်း၊ နေ့,နေရတဲ့၊ နင့် အခြေအနေကို၊ ငါ့ သိချင် လာတယ် ... သက်ထား။

ဘယ်လိုနေသလဲ။ ဘယ်လို ရှာဖွေစားသောက်သလဲ ဘာကြောင့်လဲ ... ဆိုတာမျိုးတွေပေါ့။

ငါနဲ့ အတူရှိနေချိန်မှာတောင်၊ "ကိုဦးလား။ ဘောဘီ ဒီနေ့ ... ထမင်းလာမပို့နဲ့တော့" ... ဆိုတာမျိုး။ ငါ ... ကြား တယ်လေ။

နင် ...၊ ကိုယ့်ကိုယ်ကိုယ် ... မီးမီး ... လို့ သုံးနှုန်း တာ၊ ငါ ... ကြားသိဖူးသလို၊ ဘောဘီ ... လို့ သုံးနှုန်းတာလည်း ငါ ... ကြားရပြန်တယ်။

ပိုပို့ရဲ့ သတင်းပေးမှုကြောင့်၊ ငါ့အမေ၊ နင့်အကြောင်းကို မေးတုန်းက၊ "ကျွန်တော့်နှမ, အရွယ်လေးပါ" ... လို့၊ ငါ ... ပြောပြတယ်။

ငါ မလိမ်တတ်တာကို၊ ငါ့အမေ သိတယ် ... သက်ထား

အရွယ်ချင်း ကွာလွန်းပေမယ့်၊ သူစိမ်းယောက်ျားလေးတစ် ယောက်နဲ့ မိန်းမငယ်လေးတစ်ယောက်၊ တတွဲတွဲဆိုရင်၊ လူ ... စိတ်ဝင်စားတာ၊ မမွှတာပါ။ လုပ်ဖော်ကိုင်ဖက်တွေရော ...၊ မျက်မှန်





ရဲ့ အသိအကျွမ်းတွေရော ...၊ နင်, ဘယ်သူလဲ ... လို့ ကြပြန်တယ်။

နင် ... နည်းနည်းပါးပါး လိမ်တတ် ညာတတ်တာကို၊ ငါ ခွင့်မှန်းနိုင်ပေမယ့်၊ နင် ... ပြောပြခဲ့တဲ့၊ နင့်ဘဝ, အကြောင်း ကိုတော့၊ ငါ ..., အလိမ်အညာ စာရင်းထဲမှာ၊ မထည့်ရက်ပါ ... သက်ထား။

နင် ..., မမျှော်လင့်တဲ့ တစ်မနက်မှာ၊ နင့်အိမ်ကို၊ ငါ တော့၊ နင့် အိပ်ခန်းထဲမှာ၊ ကိုဦးဆိုတဲ့ လူတစ်ယောက်။ နောက် ... ဧည့်ခန်းထဲမှာ၊ သူ့ အလုပ်သမားနှစ်ယောက်။

ငါ, အဲဒီမြင်ကွင်းကို၊ မြင်မြင်ချင်း။ ချာခနဲ လှည့်ထွက်ခဲ့ ယ်နော်။ [နင် ..., လိမ်တတ်တယ် ဆိုရင်တောင်၊ နင် ... စ်တတ်ရင်၊ မှတ်မိနိုင်ဦးမှာပါ]။

"နင် ... ငါ့ဆီကို၊ မလာနဲ့တော့။ ဒါ ...,

ငါ ... နောက်ဆုံး ပြောချင်တဲ့ စကားပဲ။

ငါ ...' နင့်ကို၊ ဓာတ်ရောက်နေတဲ့၊ မိန်းမ

ကောင်းလေး ... လို့ပဲ။ ထင်ပေးထားတယ်။

ဒါပေမဲ့ ..., နင် ... မိန်းမကောင်း မဟုတ်

လောက်ဘူး။ ဒါကြောင့် ..., ငါ့ဆီကို၊ အဝင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မလုပ်ပါနဲ့တော့''

"ကျွန်မ . . . ရှင်းပြပါရစေဦး . . . ဦးမား၊ အဲ

. . .''

''နင် . . . ရှင်းရှင်းလင်းလင်းသိအောင် ငါ

မကွယ်မဝှက်ဘဲ၊ ပြောပြမယ်။

ငါ့မှာ၊ ရည်းစားတွေ အများကြီးပဲ။

မေလ . . . ခြောက်ရက်နေ့။

ရည်းစားတစ်ယောက်နဲ့ ချိန်းထားတာတော

မေလ နှစ်ရက်နေ့၊ နင် ရောက်လာတဲ့ နောက်ပိုင်

ငါ . . . အားလုံးနဲ့၊ အဆက်ဖြတ် ပစ်လိုက်တယ်

ဘယ်သူငယ်ချင်း . . . ဘယ်လို ဝေဖန် . . .

ဝေဖန်၊ နင် . . . ဒုက္ခရောက်နေတယ် . . . လို့

. . . ယူဆ,လို့ ဘယ်လို ကူညီရမလဲ စဉ်းစားနေတ

ယောကျ်ားလေး တစ်ရုံးရုံးနဲ့၊ ပတ်သက်

အမျိုးအစားမှန်း၊ မသိလို့၊ ငါ . . . ကူညီဖို့ စဉ်း

မိတာပဲ သက်ထား''

"အဲ . . . အဲဒီ့၊ ကိုဦးဆိုတာက,လည်

ကျွန်မ,ကို၊ ဦးမာလို . . . နမ,လေးလို သဘောထ





ပြီး၊ ကူညီတဲ့သူပါ။ သူ . . . ထမင်းလာပို့တာပါ''

''အိပ်ခန်းထဲအထိ၊ ထမင်းဝင်ပို့သလား''

''မောင်လို, နမလို၊ စိတ်ထားမျိုးရှိတဲ့ လူ

တိုင်းအတွက်၊ နေရာ . . . မပိုင်းခြားသင့်ဘူးလေ။

နေမြင့်တဲ့အထိ၊ ကျွန်မ, အိပ်နေလို့၊ ဝင်နိုး

ပေးတာ''

''အေး . . .။ ဟုတ်ပြီ။ ငါက . . . စွပ်စွဲနေ

တာမျိုး မဟုတ်ဘူး။ ငါ့ကို၊ လာ . . . မပတ်သက်နဲ့

တော့လို့ ပြောတာ။

ဘယ် သံသယကိုမှ၊ နင် . . . ဖြေရှင်းပြစရာ

မလိုဘူး။ ကူညီမယ့်သူရှိတာ၊ ကောင်းတယ်။ ငါ

. . . ,အနေနဲ့က,တော့၊ မိဘ,ကဓတောင်၊ လှည့်

မကြည့်တဲ့ သူကို ဘာမှ . . . ဝင်ပူစရာ မလိုဘူးလေ။

နော် . . .။

ဒါပဲ . . .။ ပြန်တော့''

ငိုရှိုက်သံကို၊ ငါ . . . ကျောခိုင်းပစ်ခဲ့ရက်ဘူး . . . သက်

ထား။ အဲဒီ့အချိန်က,မျှား၊ ငါ့ ခြေလှမ်းနောက်၊ ငါ . . . [illegible]

ခဲ့မိရင်၊ နင်လည်း . . . လိမ်စရာ မ[illegible] ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



အလိမ်ခံစရာ မကြုံတော့ဘူးပေါ့။

တစ်တော တစ်တောင်လုံးကို၊ ဟိန်းနိုင်, ဟောက်နိုင်တဲ့ ကေသရာဇာ ခြင်္သေ့ကြီး၊ ပုရစ်သံလေး ကြားလိုက်မိတာနဲ့၊ ငုံကြည့်ခဲ့မိတာ၊ တစ်ဘဝစာ၊ ရင်အခွဲ ခံလိုက်ရသလိုပါပဲ ... သက်ထားရယ်။

"ဦးမာ ... ပတ်သက်တာ မကြိုက်ရင်၊
ကျွန်မ, ဘယ်သူနဲ့မှ၊ မပတ်သက်တော့ပါဘူး။
ကျွန်မ,ကိုတော့၊ ပစ်မထားပါနဲ့၊ ကျွန်မ,
တောင်းပန်ပါတယ်"

အဲဒီအချိန်အထိ၊ နင် ... မလိမ်တတ်သေးဘူးလို့တောင်၊ မျက်စိမှိတ်ပြီး ငါ ..., ယုံကြည်စိတ် မွေးခဲ့ရသူပါ ... သက်ထား)။

"ကျွန်မ ... အိမ်က၊ ထွက်ပြေးလာတာပါ
... ဦးမာ"

"နင် ... ထွက်ပြေးနေကျပဲ၊ ငါနဲ့နင်၊ စ,
တွေ့ဖူးခဲ့တဲ့၊ ဆယ့်လေးနှစ်အရွယ်တုန်းက,လည်း၊
နင် ... အိမ်က, ထွက်ပြေးဖို့၊ စဉ်းစားခဲ့တာပဲ
မဟုတ်လား။

ဒါ ... နင်, လုပ်နေကျ အလုပ်ပဲလေ။ သိပ်
မထူးဆန်းပါဘူး"





"ကျွန်မ, တကယ်အထီးကျန်နေတာပါ ဦးမာ။ ဒါပေမဲ့ ..., ကျွန်မ, တစ်ယောက်တည်း၊ ရပ်တည်နေတာပါ။ ဘယ်သူ့အထောက်အပံ့နဲ့မှ၊ ရပ်တည်နေတာ၊ မဟုတ်ပါဘူး။

မိဘနဲ့ အလှမ်းဝေးတဲ့အတွက်၊ ပေါ့ပျက်ပျက် မိန်းကလေး ဖြစ်လိမ့်မယ်ဆိုတဲ့၊ ဆွေမျိုးတွေရဲ့ ထင်မြင်ချက်မျိုး၊ မမှန်စေရဘူး ... ဆိုတဲ့၊ စိတ်နဲ့ ကျွန်မ ... ရပ်တည်နေတာပါ။

ကျွန်မ, အမေလို၊ မိန်းမ ... မျိုး၊ မဖြစ်စေရဘူးဆိုတဲ့စိတ်နဲ့, ကျွန်မ ... အမြဲတမ်း၊ ဆင်ခြင်နေတာပါ။

အဲဒီ စိတ်တွေနဲ့၊ ကျွန်မ,ကိုယ် ... ကျွန်မ၊ ထောက်ပံ့ရပ်တည်ထားတာပါ ... ဦးမာ"

"နင့် ... အမေက၊ ဘာဖြစ်လို့လဲ"

"လမ်းမ,ပေါ်မှာ၊ ရပ်ပြောရမယ့်ကိစ္စ မဟုတ်ဘူးလေ ဦးမာ"

"တန်ရာ တန်ရာပေါ့ မြသက်ထားရယ်။ နင့်အိမ်ကို၊ ငါ ... လာလည်သွားပဲ။

www.burmeseclassic.com



အိမ်နဲ့မတန်လို့၊ လမ်းဘေး ပလက်ဖောင်းပေါ်မှာပဲ၊ ငါ . . . ရပ်နေရတာပေါ့"

"ကျွန်မ, လမ်းပေါ်မှာ၊ မပြောပြချင်လို့ပါ"

"ငါ့ အလုပ်ခန်းမှာလည်း၊ ပြောလို့ မရဘူး။ နောက် . . . တစ်နာရီလောက်ကြာရင်၊ ပိုပို . . . ဆိုတဲ့ ငါ့ ရည်းစား၊ ရောက်လာတော့မယ်"

"ဩော် . . .၊ ဦးမာက ရည်းစားနဲ့ပေါ့"

"ဒါပေါ့။ ရည်းစားမှ၊ အများကြီးပဲ။ ကဲပါ . . .။ နှင် . . . ပြောချင်တာတွေ၊ များနေရင်တော့၊ အလုပ်ခန်းပဲ၊ လိုက်ခဲ့ပါ။

ငါ့ ရည်းစား ရောက်လာရင်တော့၊ နှင် . . ., ပြန်ပေးပါ"

ပိုပိုနဲ့ ပတ်သက်ပြီး၊ ပြောလိုက်မိတဲ့၊ ငါ့စကားဟာ၊ လိမ်တာ ညာတာတော့၊ မဟုတ်ဘူး မြဲသက်ထား။

နှင်နဲ့ ပတ်သက်တဲ့၊ ခြေလှမ်း ၁၀၀,ကို၊ အဲဟန့်အတားဖြစ်အောင်၊ တမင် ပြောခဲ့တာပါ။

နှင့်ကို၊ အကြွင်းမဲ့ မယုံကြည်သေးသလို၊ လိမ်ညာနေတာပဲ . . . လို့လည်း၊ ငါ . . . မစွပ်စွဲရက်သေးတဲ့ . . . အချိန်ဆိုပါတော့။





အပေါ်နှုတ်ခမ်း လန်လန်လေးနဲ့ နှင့်သွား . . . အနေအထားလောက် ကြည့်လိုက်ရုံနဲ့၊ နှင်ဟာ . . . နှုတ်ကြမ်းသူ့, ဖော်ဟစ်တတ်သူ၊ လိမ်ညာတတ်သူရဲ့ အင်္ဂါရုပ်ကို၊ ပိုင်ဆိုင်ထားဟဲ့သူ . . . လို့တော့၊ ငါ . . ., ခန့်မှန်းတွက်ချက်ထားပြီးသားပါ။

ဒါပေမဲ့ . . . အထင်မသေးချင်တဲ့ ငါ့အဖို့ ရုပ်က, သပ်သပ်၊ စိတ်နှလုံးက၊ သပ်သပ် . . . လို့၊ ဖျစ်ညှစ်ပြီး တွေးခဲ့ရတာပါ။ ငါ . . . အင်္ဂါဝိဇ္ဇာ ပညာရှင်ကြီးတော့၊ မဟုတ်ဘူးပေါ့ . . . မြဲသက်ထားရယ်။

ငါ . . . တွေ့ပုံရိုက်ခဲ့တဲ့ . . . ထောင်သောင်းချီတဲ့ လူတွေရဲ့ မျက်နှာပုံစံမျိုးစုံ၊ စရိုက်မျိုးစုံတွေရဲ့ အတွေ့အကြုံက၊ နှင့်လို မိန်းကလေးတစ်ယောက်ရဲ့ ဟန်အမူအရာ၊ လေယူလေသိမ်း၊ ရုပ်လက္ခဏာလောက်ကို၊ ကြည့်မြင်လိုက်ရုံနဲ့၊ အနီးစပ်ဆုံး၊ စိတ်နှလုံးလောက်တော့၊ ငါ . . . ခန့်မှန်းနိုင်ပါတယ်။

ဒါပေမဲ့ . . . သက်ထားရယ်။ လူဆိုတာက၊ အပြစ်မတင်ချင်ဘူးဆိုရင်၊ ဘီလူး, 'သရဲ, အစွယ်ဖြဲပြနေတာတောင်မှ၊ ပြုံးပြနေတယ် . . . လို့၊ ထင်မိတတ်ကြတာကလား။

နှင် . . . ပြောပြသမျှတွေ၊ အားလုံး . . .။ နှင် . . . လိမ်ပြောခဲ့တာတော့၊ မဟုတ်လောက်ပါဘူး . . . လို့၊ ငါ . . . (တကယ်)



www.burmeseclassic.com

www.burmeseclassic.com

လောင်လုံမှိုး(ချင်းရောင်ခြည်)

သတ်မှတ်၊ ယုံကြည်ပေးခဲ့သူပါ . . . သက်ထား။

ဒီ . . . စကား (သစ္စာ) မှန်ကန်ရင်၊ နှင့် ရောက်ရာဘဝမှာ မိဘစုံလင်စွာနဲ့၊ မိသားစုဘဝကို၊ အေးချမ်းစွာ၊ ထူထောင်နိုင်ပါစေ . . . လို့၊ ငါ . . . အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

❐ ❐ ❐

ငါက . . . ရည်းစားပဲ များချင်တာ။
အိမ်ထောင်သည် ဘဝ,မှာ၊ အိမ်ထောင်ရေးတော့၊
မဖောက်ပြန်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

(၈)

[“ကျွန်မ . . .။ အိမ်က, ထွက်ပြေးခဲ့တာပါ။ အလွယ်ပြောရင် အဖေ့အိမ်က၊ ထွက်ပြေးခဲ့တာပါ။ ဘာကြောင့်၊ ထွက်ပြေးခဲ့ရသလဲ . . . ဆိုတာကို၊ ပြောပြဖို့ ကျွန်မ, ဘဝ, တစ်လျှောက်လုံး။ ကြုံတွေ့ခဲ့ရသမျှတွေ . . . ကို၊ အစ,က၊ ပြန်ပြောမှသာ၊ ပို, ပြည့်စုံမှာပါ”]

❑



www.burmeseclassic.com

www.burmeseclassic.com

## [illegible] (ချင်းချောင်းခြံ)

[လူမှန်းသိစ,ကတည်းက၊ ကျွန်မ, စ, မှတ်မိတာတွေ တော့၊ အဖေနဲ့အမေ ခဏ,ခဏ ရန်ဖြစ်ကြတယ်ဆိုတာပါပဲ။ အ သဖြင့်၊ အဖေက, မာန်မဲ ကျိန်းမောင်းပြီး၊ အမေကတော့၊ ငိုကြွေ နေရတဲ့သူပဲပေါ့။

ကျွန်မ, ဉာဏ်မီသလောက်ပြောရရင်၊ ကိစ္စတိုင်းမှာ၊ အ အလွန်တွေချည်းပါပဲ။ အဖေက၊ မိန်းမ, သိပ်ရှုပ်တယ်။ အပျော်အ အသောက်အစား ဝါသနာကြီးတယ်။

အမေ့ သူငယ်ချင်းတွေကိုတောင်၊ မချန်လှပ်ဘူး . . . ဆို အထိ၊ ကျွန်မ, ကြားဖူးတယ်။ နင့် သူငယ်ချင်းက၊ ခါးက, ဘယ် တင်က, ဘယ်ပုံ၊ ရင်က . . . ဘယ်သို့၊ ဆိုတာမျိုးအထိ၊ အမေ့ ပြောနေတတ်ပါသေးတယ်။]

❑

[အဖေက၊ သူဌေးသား။ နာမည်က . . . ဦးသက်ဆေ အမေက အငြိမ့်မင်းသမီး။ နာမည်က . . . ဒေါ်အေးကြိုင်။

လူငယ်သဘာဝပဲ၊ ဆိုပါတော့။ သူဌေးသားနဲ့ အငြိမ်း





င်းသမီး။ အလှကြိုက်သူနဲ့ ပကာသနမက်သူတို့ရဲ့၊ နမူနာပေါ့။

မြသက်ထားဆိုတဲ့ ကျွန်မ, ကို၊ မွေးတယ်။ ချစ်မွေး . . . ဆိုတဲ့ ကျွန်မ, မောင်လေးကို၊ မွေးတယ်။

ကျွန်မ,ကို မွေးပြီးမှ၊ ရှေ့မှာ . . . အဖေ၊ အိမ်ထောင်ပြုဖူး သေးတယ်ဆိုတာ၊ အမေ သိသွားသလို၊ အမေ့မှာလည်း၊ ချည်ငံ့ငြိ နှန်းဖူးတဲ့၊ ရည်းစားဟောင်း ရှိခဲ့ဖူးတာ၊ အဖေ . . . သိသွားတယ်။

အမေ့ရဲ့ . . . အမေ၊ ဒေါ်စိန်ခင် (ကျွန်မ, အဘွား) က, တော့၊ သူဌေးသားဆိုပြီး၊ အဖေ့ကို၊ အထင်တကြီး၊ လက်ခံလိုက် ပြီးပါမှ၊ ကဖော်သမား . . . မြာသမားမှန်း သိခဲ့ရပြီး၊ ရင်ဘတ်စည်တီး ဆိုလှုံးစီးခဲ့တော့တာပေါ့။

အမေ့ရဲ့ အဖေ (ကျွန်မ, အဘိုး) က,တော့၊ ဘာမှ ထွေထွေ ထူးထူး မရှိခဲ့ပါဘူး။]

"… ။ … ။

…"

"နင်လည်း၊ ငမျိုးဆိုတဲ့ကောင်နဲ့၊ တိတ် တိတ်ပုန်း၊ ညားဖူးတာ၊ ငါ . . . မသိဘူး ထင်နေ သလား။

အဲဒီ ငမျိုးက၊ ငမွဲမို့၊ နင့်အမေက၊ နင့်ကို၊



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ပေးစားတာလေ။

နှင့်အမေက၊ နာမည်နဲ့ လိုက်တယ်။ ခြေ

လိုက် ...။ သောက်ဂရုမစိုက်ဘူး ... လို့"

"...။..."

တကျက်ကျက် ... ဆိုတာထက်၊ အဖေ အနိုင်ကျင့်ခဲ့တာ

ပိုများပါတယ်။ အမေ့ကို၊ မီးပူနဲ့ ကပ်တာတောင်၊ ကျွန်မ, မြင်

တယ်။

အဖေက, မူးလာ။ အမေက ... ညှော်ခံပွဲက၊ ပြန်လာ

ကိုယ်လက်နှိုးနေ့သို့ အမေ့ တောင်းဆိုတာ၊ အမေ ... လက်မခံ

ခါးပတ်နဲ့ ရိုက်တာလည်း၊ ကျွန်မ, မြင်ဖူးတယ်။

ကျွန်မ, သိရသလောက်က,တော့၊ မောင်လေး ချစ်

မွေးပြီးတဲ့.အထိ၊ အဖေ ... ဘာ,အလုပ်မှ၊ မလုပ်ခဲ့ဘူး ဆိုတာ

အဖေ့ မိဘ,တွေက၊ ကျိုကျိုတက် ချမ်းသာကြတော့၊ မိ

အလုပ်လေးကို၊ ဟိုလိုလို ဒီလိုလို၊ ကူယောင်ပြုပြီး၊ ကားတစ်စီး

မြို့ပတ်နေတာ၊ အဖေ့အလုပ်ပဲလေ။

ကျိုကျိုတက်တဲ့၊ မိဘ,တွေလည်း၊ မရှိကြတော့တဲ့အခါ

အဖေ ... သစ်ကိုင်းလွှတ်တော့တာပါပဲ။

အဖေ့မှာ ညီတစ်ယောက်၊ နှမ, တစ်ယောက် ရှိတယ်





ဘ,တွေ ... မရှိကြတော့တဲ့အခါ၊ အဖေက,ပဲ၊ အမွေစကား စ,

ပြောတော့တာပဲ။

နှမ, အငယ်ဆုံးက၊ အမွေတွေကို၊ ကိုင်ထားပြီး၊ မခွဲမဝေ

ဲ အိမ်ကြီးထဲမှာ၊ အတူတူ နေထိုင်ကြဖို့ပဲ, တောင်းဆိုတယ်။

အဖေ ... ဘယ်လက်ခံချင်ပါ့မလဲ။ သူ ... အကြီးဆုံး။

ူ့လက် သူ့ခြေ လုပ်ချင်တာပေါ့။

ပညာတတ် ဘွဲ့ရဖြစ်ပါလျက်၊ မိဘ,ဆီက၊ လက်ဖြန့်တောင်း

ဲ့ စီးပွားရေးက, လွဲပြီး၊ ဘာမှ မလုပ်ခဲ့ဘူးတဲ့၊ အဖေ့အတွက်၊

အမွေ ... ဆိုတာ၊ နောက်ဆုံး၊ စီးပွားရေးပေါ့။

စားစွက်လုကြတဲ့၊ စရိုက်အတိုင်းပါပဲ။ အရက်မူးလိုက်၊

အမွေတောင်းလိုက်။ အမေ ... အငြိမ့်က,တာကိုလည်း၊ တားဆီး

ိုက်နဲ့၊ အိမ်ကြီးထဲမှာ၊ အဖေ ... သောင်းကျန်းနေခဲ့တာ၊ ကျွန်မ

... ငယ်ဘ၀, တစ်လျှောက်လုံးပဲ ဆိုပါတော့။

နှမ, ဆီက ...၊

အမွေတောင်းလို့ မရတော့၊ အသုံးအစွဲစရိတ် တောင်းတယ်။

ာက်ဖျားငွေသီးခဲ့တဲ့သူ၊ မိဘ. မရှိတော့တဲ့အခါကျတော့၊ မနေတတ်၊

သုံးတတ်တော့ဘူး။

ကားရောင်းတယ်။ အငြိမ့်ထောင်တယ်။ အရှုံးပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး . . . အဲဒီခေတ်က, စ,တင် ခေတ်စားခဲ့တဲ့ သဘော်သား အလုပ်ကို၊ လုပ်ဖို့၊ အဖေ . . . နိုင်ငံခြား သွားရတယ်လေ။

ထားလိုက်ပါ။ ဒါတွေက . . . ကျွန်မ, မှတ်မိသလောက်, ကြားသိသလောက်၊ ဖြစ်ပျက်ခဲ့တဲ့၊ ကျွန်မနဲ့ တိုက်ရိုက် မပတ်သက်တဲ့၊ ကိစ္စတွေ။]

❑

[ကျွန်မ ဆယ်နှစ်သမီး၊ မောင်လေး တစ်နှစ်သား၊ အရွယ်မှာ၊ အဖေ နိုင်ငံခြား သွားတယ်။

အဖေ နိုင်ငံခြားသွားပြီး . . . တစ်လ, လောက်အကြာမှာပဲ အမေ . . . နောက်ယောက်ျားနောက်၊ လိုက်ပြေးသွားတာပါပဲ။ အဲဒီကတည်းက၊ ကျွန်မ, ဘဝ . . . မှောင်မိုက်ခဲ့ရတာပါ။],

❑





[

"မေမေ"

"ဘာလဲ . . . သမီး"

"ဘယ်သွားမလို့လဲ"

"မနက်ကျရင်၊ အငြိမ့်က, ရမယ်လေ သမီးရဲ့"

"မေမေ အဝတ်အိတ်ထဲ ထည့်တာ၊ အငြိမ့်က,မယ့် အဝတ်လည်း၊ မပါဘူး"

"ဩော် . . . ရိုးရိုးညည်ခံပွဲမှာ က,ရမှာမို့။ မင်းသမီး ဝတ်စုံတွေ မထည့်တော့တာလေ"

"မနက်ဖြန်၊ မေမေ . . . ဘယ်အချိန် ပြန်လာမှာလဲ"

"ညနေ ပြန်လာမှာပေါ့ သမီးရဲ့" ]

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၉)

[နောက်တစ်နေ့ ညဉ့်မိုးချုပ်တဲ့အထိ၊ အမေ . . . ပြန်မလာသွား။ ကျွန်မ့နဲ့ ကျွန်မ့ မောင်လေး ချစ်မွေး၊ တစ်နေ့လုံး၊ ထမင်းစားရဘူး။

အမေက့တော့၊ မသွားခင်၊ ထမင်း တစ်အိုး ချက်ပေးသွားပါတယ်။ ဒါပေမဲ့ . . . အမေ ပြန်လာမှ၊ စားမယ် . . . လို့၊ မျှော်နေရင်းက၊ ညဉ့် မိုးစုန်းစုန်း ချုပ်သွားရတာပါ။

မောင်လေးကိုတော့၊ ကျွန်မ့ ကြက်ဥကြော်ကျွေးလိုက်ပါတယ်။ ကျွန်မ့ ဘဝမှာ . . . အဲဒီ့နေ့၊ အဲဒီညဉ့်ဟာ၊ အမှောင်ဆုံးညပါ။

နောက်တစ်နေ့ မနက်လင်းမှ၊ အဖေ့ညီမ ကျွန်မ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မြင့်၊ ကျွန်မ,တို့ အခန်းထဲ ကို၊ ရောက်လာပြီး၊ အမေ ... ပြန်မလာတဲ့အကြောင်း၊ သိသွားပါတယ်။

အဲဒီနေ့၊ ညနေမှာပဲ၊ အမေ့ရဲ့ အစ်ကို၊ ဦးခင်ကြည်ရဲ့ မိန်း ဒေါ်ဆွေပပ ရောက်လာပြီး၊ ကျွန်မ,တို့၊ မောင်နှမ,နှစ်ယောက်ကို၊ လာခေါ်သွားပါတယ်။ ဒေါ်ဆွေပပ,က၊ "နင်တို့၊ ခွေးဖြစ်ပြီ" ... လို့လည်း၊ ပြောပါတယ်။ အမေ့ရဲ့ အမေ၊ ကျွန်မတို့ရဲ့ အဘွား ဒေါ်စိန်ခင်၊ အခေါ်ခိုင်းလိုက်တာလေ။

"နင့်အမေ၊ လင်ငယ်နောက် လိုက်သွားပြီ" ... လို့လည်း၊ ပြောတယ်။ အဲဒီတုန်းက၊ အဲဒါ ... ဘာ, စကားမှန်းတောင်၊ ကျွန်မ, မသိတတ်ခဲ့ဘူး။ အိမ်မှာ ... ဝင်ထွက်နေတဲ့၊ အဖေ့ရဲ့ တပည့်တစ် ယောက်နဲ့ လိုက်ပြေးသွားတာ ... တဲ့။

အရွယ်နည်းနည်း ရောက်လာမှ၊ သိရတာက၊ အမေက၊ သူ့အမေကို၊ အကြောင်းကြားသွားတယ်ဆိုတာပါပဲ။

အဖေ့ကို၊ မုန်းတဲ့စိတ်နဲ့ ကျွန်မ အဘွား၊ ဒေါ်စိန်ခင်က၊ ကျွန်မ,တို့ မောင်နှမ နှစ်ယောက်ကို၊ အိမ်ကျွန်လိုပဲ၊ ထားတယ်။

ကျွန်မ အရွယ်နဲ့၊ နားမလည်နိုင်တဲ့ စကား။ "ကျွန်စုတ်တဲ့ သရက်စေ့တွေ" ... လို့၊ ကျွန်မ,တို့၊ မောင်နှမ,ကို ခေါ်တယ်။ စားတာ, သောက်တာ ... နေထိုင်တာ, အိပ်တာက, အစ, တကယ့်



# မနာတတ်တဲ့ အသည်း

အိမ်ကျွန်လိုပဲ၊ နေခဲ့ရပါတယ်။

ခြောက်လ,လောက်ကြာတော့၊ အဖေ နိုင်ငံခြားက၊ ပြန်လာ ပြီး ကျွန်မ,တို့ကို၊ လာခေါ်တယ်။ အဖေက၊ မိုက်မိုက်ကန်းကန်း အမေဆိုတော့၊ အဘွားတို့၊ ဘာမှ မပြောရဲဘဲ၊ ကျွန်မ,တို့ကို၊ အဖေ နဲ့ ထည့်လိုက်တာပေါ့။

အဖေနဲ့ မနေချင်ပေမဲ့၊ အဘွားရဲ့အိမ်မှာ အနှိမ်ခံဘဝနဲ့ နေရတာကို၊ မနှစ်မြို့လို့၊ အဖေလာခေါ်တာကိုတောင်၊ ကျွန်မ ... ပျော်မိခဲ့သေးတယ်။

အိမ်လည်း၊ ရောက်ရော၊ အဖေလေ ... ကျွန်မ,တို့၊ မောင်နှမ နှစ်ယောက်ကို၊ ဖက်ပြီး၊ ငိုပါတော့တယ်။

"အဖေ၊ မကောင်းပါဘူး၊ သမီးရယ်၊ ဒါပေမဲ့၊
သမီးအမေ၊ မှားတယ်"

ကျွန်မ၊ အဖေ့ကို တစ်ခါမှ၊ မသနားခဲ့ဘူးပေမဲ့၊ အဲဒီနေ့က၊ အဖေ့ကို၊ သနားပြီး၊ ငိုခဲ့မိတယ်။

ဘာဖြစ်လို့လဲ ... ဆိုတော့၊ အဖေလေ ... အမေ့ဖို့ နိုင်ငံ ခြားက၊ မိတ်ကပ်ဘူးတွေ၊ နှုတ်ခမ်းနီဘူးတွေ၊ အလှပြင်ပစ္စည်းတွေ ... အများကြီး ဝယ်လာတယ်လေ။

အဖေက၊ အမေ့အကြောင်းကို၊ ပြန်ရောက်မှ၊ သိရတာပါ။

www.burmeseclassic.com



အားလုံးက၊ သတင်းကို ဖုံးပေးထားကြတယ်နဲ့ တူပါရဲ့။

အဖေ လက်တိုလက်တောင်းခိုင်းတဲ့လူ၊ အမေ့ထက်၊ အသက် ဆယ်နှစ်လောက်ငယ်တဲ့ . . . လူ၊ ဦးသင်းနိုင်နဲ့ လိုက်သွားတာ။

ဦးသင်းနိုင်၊ အိမ်မှာ ဝင်ထွက်နေတာတော့၊ ကျွန်မ, မှတ်မိတယ်။ အမေ့ကို မမကြိုင် . . . မမကြိုင် . . . လို့၊ ခေါ်တာလည်း ကျွန်မ, သိတယ်။ တစ်ခါတစ်ရံ၊ အမေ ငိုနေတာကို၊ ဦးသင်းနိုင် ချော့နေတာကိုလည်း၊ မြင်ပါတယ်။

ဒါပေမဲ့ . . ., ဖောက်ပြန်နေကြတယ်လို့တော့၊ ကျွန်မ, မသိဘူးပေါ့။

အဖေနဲ့အမေ့ ပြဿနာကြားမှာ၊ အမေ့ကို၊ အမြဲ သနားခဲ့တာ မှန်ပေမဲ့ ရေရေရာရာ သိတဲ့ အချိန်က၊ စ,ပြီး ကျွန်မ . . . အမေ့ကို၊ သိပ်မုန်းပစ်လိုက်တယ်။

ပြေးချင်လို့ ထွက်ပြေးသွားတာ၊ မှန်ပေမဲ့၊ ပြေးနည်းမှားတယ်။ နောက်ဆုံး . . . ကျွန်မ,ကို၊ ထားသွားတာကိုလည်း၊ ကျွန်မ, ခံနိုင်ရည်ရှိအောင်၊ ကြိုးစားနိုင်ပါတယ်။ ဒါပေမဲ့ . . . တစ်နှစ်သားလေးပဲ ရှိသေးတဲ့၊ မောင်လေး ချစ်မွှေးကို၊ ထားသွားရက်တာကိုတော့၊ ကျွန်မ, အံ့သြ ရွံ့မုန်းမိတယ်။





ရင်ထဲမှာ . . . ရှိတဲ့အတိုင်း ပြောရရင်၊ အဖေ့ကိုရော၊ အမေ့ကိုရော၊ ဆွေမျိုး အားလုံးကိုရော၊ ကျွန်မ . . . သိပ်မုန်းတယ်။

"နင့်ယောက်ျားက၊ ဟိုမှာ . . . ပွေလို့ ရှုပ်လို့၊ ကောင်းနေမှာပေါ့" . . . ဆိုတာမျိုး လာလာ ပြောကြတဲ့၊ ဆွေမျိုးတွေရဲ့ စကားက၊ မီးခဲကို၊ လာ . . ယပ်ခတ်ပေးကြတယ်လို့၊ ကျွန်မ . . . မြင်တယ်။]

❐

[နှကိုက,တည်းက၊ အရက်သမား အဖေက၊ အဲဒီ့နောက်ပိုင်း၊ နေ့ ည မရွေး၊ သောက်နေတော့တာပါပဲ။

အဖေ့ညီမ ဒေါ်မြင့်မြင့်က၊ ကျွန်မ,တို့၊ မောင်နှမ,ကို၊ စောင့်ရှောက်ပါတယ်။

အဖေက,တော့၊ နေချင်သလို . . . နေ၊ ပေချင်သလို ပေ၊ ပွေချင်သလို ပွေနေတော့တာပါပဲ။

မရှက်တမ်း ပြောရရင်၊ အိမ်ဖော်နဲ့တောင်၊ မလွတ်ပါဘူး။ ပြီးတော့ မရိုးသေ့စကား။ အဖေက၊ အရက်မူးလာရင်၊ သမီးကို

www.burmeseclassic.com



တောင်၊ မမှတ်မိတတ်ဘူး။ အသိစိတ်ပျောက်ရော . . .။

❑

အဖေ့ သူငယ်ချင်း၊ တော်မီနဲ့ တိတ်တိတ်ပုန်း ရည်ငံနေ တဲ့၊ ကြည်ပြာဆိုတဲ့ အစ်မကြီးတစ်ယောက်နဲ့၊ ယူလိုက်တယ်။

မကြည်ပြာနဲ့ မယူခင်၊ နှင်းဆိုတဲ့ တစ်ယောက်နဲ့လည်း ယူလိုက်သေးတယ်။

မကြည်ပြာကို၊ ယူတာ၊ ကျွန်မ ရှစ်တန်းမြေမယ့် နှစ်က ယူတာ။

မိန်းမ ယူလို့၊ ကျွန်မ စိတ်ညစ်ခဲ့တာ မဟုတ်ဘူး။ ကျွန်မ ထက် အသက်လေးနှစ်လောက်ပဲ ကွာလို့၊ စိတ်ညစ်ခဲ့တာလည်း မဟုတ်ဘူး။

အဲဒီ . . . မကြည်ပြာက၊

ဦးတော်မီဆိုတဲ့၊ ကျောင်းဆရာ တစ်ယောက်ရဲ့ အိမ်ထောင် ဦးတော်မီရဲ့ ဇနီးက၊ သူ့ခင်ပွန်း ဦးတော်မီနဲ့ မကြည်ပြာနဲ့ ငြိစွန်း နေတာ၊ သိသွားလို့၊ သူငယ်ချင်းဖြစ်တဲ့၊ အဖေ့ ဆီမှာ၊ ခထာ





လာနေခိုင်းထားတာ။

အဲဒီ . . . အခြေအနေနဲ့ မိန်းကလေးကို၊ အဖေ ပတ်သက် ခဲ့တယ်။ အဲဒီလို ပတ်သက်တာကို၊ ဦးတော်မီ သိတော့၊ ပြဿနာ ဖြစ်တယ်။

ဦးတော်မီက၊ လျော်ကြေးတောင်းတာ၊ အဖေ . . . သိန်း ပေးဆယ်၊ ပေးလျော်လိုက်တယ်။

စဉ်းစားကြည့်တိုင်း၊ အဖေ . . . ဦးနှောက်ပျက်နေပြီလား တောင်၊ ထင်မိတယ်။

❑

ဘယ်လောက်ပဲ စိတ်ညစ်စိတ်ညစ်၊ ဦးမော ပြောဖူးခဲ့တဲ့ စကားလေးကိုပဲ၊ သတိတရ နှလုံးသွင်းပြီး၊ ကျွန်မ . . . စိတ်ထိန်းခဲ့ ဘယ်။

အသက် ဆယ့်ခြောက်နှစ်လောက်မှာ၊ ကျွန်မ ရည်းစား တစ်ယောက်ထားတယ်။

အဖေ့ကို ရှုပြီး၊ အဲဒီ ရည်းစားနဲ့ပါ၊ နေ့ . . . ည မရွေး၊



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေထိုင် ပစ်ခဲ့ဖူးတယ်။

ကျွန်မ . . . တက္ကသိုလ်ဝင်တန်းကို၊ နှစ်ခါဖြေမှ အောင်တာ။ မကြည်ပြာကို၊ တက္ကသိုလ်ထားပေးခဲ့တဲ့ . . . အဖေက၊ ကျွန်မ,ကို၊ တက္ကသိုလ်၊ ဆက်မထားပေးခဲ့ဘူး။

ကျွန်မ, အဒေါ် ဒေါ်မြင့်မြင့်ရဲ့ အထောက်အပံ့နဲ့ တက္ကသိုလ် တက်ခဲ့ရတာ။ ပထမနှစ်တက်ပြီး စာမေးပွဲတောင်၊ မဖြေရသေးခင်၊ အိမ်မှာ . . . အဖေနဲ့အဒေါ် ပြဿနာတက်တယ်။

ပြဿနာက၊ အမွေ ပြဿနာ။]

❑❑❑

(၁၀)

[ "နင် . . . ငါ့သားသမီးတွေကို၊ ဘာမှ စောင့်ရှောက်စရာ မလိုဘူး။

သူတို့ရမယ့် ဝေစုရော . . . ငါ့ဝေစုရော . . . ပေး။

ငါ . . . ကြည်ပြာတို့နယ်မှာ၊ သွားနေမယ်။ ငါ့ သားသမီးတွေကို၊ ခေါ်သွားမယ်။ ဒါပဲ"

အဒေါ်က၊ အမွေကို၊ မက်မောပြီး၊ ထိန်းသိမ်းထားတာ မဟုတ်ပါဘူး။ အဖေ့အချိုးနဲ့ဆို၊ ကျွန်မ, တို့ မောင်နှမ ဒုက္ခရောက် မှာ စိုးလို့၊ တမင် . . . မခွဲတာပါ။





www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . အဖေက၊ တုတ်ဆွဲ, ဓားဆွဲလုပ်တော့၊ အ

ဆိုင်အားလုံး၊ အဖေ့လက်ထဲ ထည့်လိုက်ရတော့တာပေါ့။

❑

အဖေနဲ့ နယ်မှာ လိုက်နေရတယ်။

နယ်မှာ၊ ကားဆွဲတဲ့လုပ်ငန်း လုပ်တယ်။ မအောင်မြင်

လင်မယား စကားများကြတာ၊ အဖေ့ကို . . . ၊ မကြည်

က, ခြေနဲ့ကန်သို့၊ ကျွန်မ, ဝင်ရိုက်မိရာက၊ ပြဿနာ ပိုကြီး

မကြည်ပြာ ဆွေမျိုးတွေနဲ့၊ ကျွန်မ,တို့ သားအဖ,တွေ၊ အမှုဖြစ်

တယ်။

ကျွန်မ,က၊ လက်ရောက်မှုနဲ့ ပုဒ်မ, အတပ်ခံရတယ်။ အ

ရင်ဆိုင်နေဟုန်း၊ ကျွန်မ,ကို၊ ကောင်လေးတစ်ယောက်နဲ့ ပေး

ဖို့၊ အဖေ လုပ်တယ်။

မကြည်ပြာရဲ့ စနက်ပေါ့။ အဲဒီ ကောင်လေးနဲ့ မကြည်

နဲ့ ပေါင်းပြီး၊ ကျွန်မ,ကို၊ ဖျက်ဆီးဖို့ ကြံတာ။ အဖေက၊ မသိ

ကျွန်မ,ကို၊ အတင်းအဓမ္မ တိုက်တွန်းတယ်။





အမှုပြီးတော့၊ အဖေ လျော်ကြေးပေးရတယ်။ မကြည်ပြာ
နဲ့ လင်မယားခန်း ပြတ်တယ်။

ဒါပေမဲ့၊ ကျွန်မ,ကို၊ အိမ်ထောင်ချပေးဖို့ အစီအစဉ်က၊
ပျက်ဘူး။

အဖေလစ်တာနဲ့၊ ကျွန်မ, ရန်ကုန်ကို၊ ထွက်ပြေးခဲ့တာ။
ကျွန်မ, ဒီနားမှာ၊ တစ်ယောက်တည်း၊ လာနေတာ၊ အဒေါ် ဒေါ်မြင့်
မြင့်ပဲ၊ သိတယ်။ အဒေါ်ကို အကျိုးအကြောင်း၊ ပြောပြပြီး၊ နှုတ်ပိတ်
ထားရတာပေါ့။

ရန်ကုန် ရောက်ရောက်ချင်း၊ ညကြီး မိုးချုပ်၊ ဘယ်သွားရ
မှန်း မသိ ဖြစ်နေတုန်း၊ သိရိမင်္ဂလာဈေးရှေ့မှာ၊ လူတွေ ကွက်ကြည့်
ကွက်ကြည့်၊ အကြည့် ခံရတယ်။

အဲဒီ အချိန်မှာ၊ ကိုသန်းဦးဆိုတဲ့၊ အစ်ကိုကြီးတစ်ယောက်
က၊ အကူအညီပေးလို့၊ ကျွန်မ, ဒီ . . . အခု,နေတဲ့ အိမ်မှာ၊ ငှားနေ
ဖြစ်တာ။ ကိုသန်းဦးက၊ တကယ့်ကို ရိုးရိုးသားသား၊ ကူညီတာပါ။

လှိုင်သာယာဘက်မှာ၊ အသိတစ်ယောက် ရှိတယ်လေ၊
အဲဒီကို သွားဖို့ ကားစောင့်နေတုန်း၊ ကိုသန်းဦးနဲ့ တွေ့ရတာ။]

❑

www.burmeseclassic.com



[ ကျွန်မ,နေတဲ့ နေရာနဲ့ ဦးမာရဲ့ အလုပ်ခန်းနဲ့ နီးတယ်
... လို့ သိသိချင်း၊ ကျွန်မ, ဟိုမေး ... ဒီမေးနဲ့ လာခဲ့ရတာပါ

❑

“အမေနဲ့ရော ...၊ အဆက်အသွယ် ... ရှိလား”

“ပြည်ပ,မှာလို့ ကြားတယ်၊ အဆက်အသွ
တော့ မရှိဘူး။

အဖေက၊ ဦးသင်းနိုင်ကို၊ မယားခိုးမှုနဲ့
ဖွင့်ထားတာ။ အခုထိ အမှု မပိတ်ဘူး။

မြန်မာပြည်ကိုတော့၊ သူတို့ ပြန်လာ
မဟုတ်ဘူး။

တရားဥပဒေထက်၊ အဖေ သတ်မှာကို
ကြောက်ကြမှာ အမှန်ပဲ” ]

(ဒီစကား ဒီအကြောင်းအရာတွေ အားလုံးကို၊ နှင် ...
လိမ်ပြောခဲ့တာ မဟုတ်ဘူး ... လို့၊ ငါ ... အခုအချိန်အ





ကြည်ထားပါတယ် ... သက်ထား။

ငါ့, ကိုယ်ချင်းစာစိတ်ပဲ၊ ပြောမလား။ အချိုးမကျတဲ့၊
ဘ,တွေရဲ့ ကြားမှာ ... မြေစာပင်တွေ၊ ဖြစ်, ဖြစ်နေကြတဲ့ သား
မီးတွေကို၊ ငါ ... စာနာမိတယ်ပဲ၊ ပြောမလား။ မသဲကွဲခဲ့ပေမယ့်၊
ဒီ တဒင်္ဂအတွင်းမှာ၊ ငါ ... ဆုံးဖြတ်ချက်တစ်ခု၊ ချလိုက်မိတာက,
တော့၊ ငါ ..., နှင့်ကို၊ အကူအညီ ပေးချင်တယ် ... ဆိုတာပါပဲ။

နှင် ... မှတ်မိချင်၊ မှတ်မိမှာပါ။ နှင်သာ၊ မိစုံ ဖစုံ မိသားစု
ဝမျိုးနဲ့ ရှိနေတဲ့ မိန်းကလေးဆိုရင်၊ ငါ ... နှင့်ကို၊ လက်မထပ်
ဘူး ... လို့၊ ငါ, ပြောခဲ့ဖူးတယ်လေ။

အောင်မြင် အဆင်ပြေပြီးသား သူကို၊ ကူညီရတာထက်၊
ဘမှ အရာမရောက်သေးသူကို၊ ငါ ..., ပိုပြီး၊ ကူညီချင်မိတယ်။
ပြီးတော့ ... နှင့်ရင်ထဲက၊ အပူသောက၊ ဒေါသ ပရိဒေဝ မှန်သမျှ
ကိုလည်း၊ ငါ ... ဉာဏ်မီသလောက်၊ ကူ ... ငြိမ်းပေးချင်ခဲ့မိတယ်။

အဲဒါကိုသာ၊ အချစ် ... လို့ ဘာသာပြန်ကြစတမ်းဆိုရင်၊
ဒါ ... အချစ်ပဲပေါ့ သက်ထားရယ်။

ဒါပေမဲ့ ... ငါက, နှင့်ကို၊ အချစ်ထက် ပိုပြီး အရေးကြီးတဲ့
ရာတွေ ... ပေးချင်ခဲ့မိတာပါ)။

❑



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . .။ ငါ, အရေးတကြီး စကား ပြောချင်တယ်"

"ပြောပါ . . . ဦးမာ"

"စိတ်ဆိုးစရာ ပါရင်လည်း ခွင့်လွှတ်ပေါ့"

"မဆိုးပါဘူး"

"နှင့် မိသားစုအကြောင်း ပြောပြတဲ့အတွက် ငါ . . . နှင့်ကို၊ သိပ်, ကျေးဇူးတင်တယ်"

"ဘာကို၊ တင်တာလဲ ဦးမာ"

"ငါက . . . ရည်းစား သိပ်များတာ။ ရည်းစား များတယ်ဆိုတာ၊ ရိုင်းရိုင်းပြောရရင်၊ ဒါလည်း . . . မိန်းမ, ရှုပ်တာပါပဲ။

နှင့်အဖေ . . . အကြောင်း။ နှင့်အဖေရဲ့ သူငယ်ချင်း၊ ဦးတော်မီ . . . အကြောင်း။ ပြီးတော့ . . .၊ နှင့်အမေကို ကြာကူလီ ရိုက်သွားတဲ့ ကောင် . . . အကြောင်းတွေကို၊ နားထောင်ရင်းနဲ့ ငါ, နားရှက်လာတယ် သက်ထား။





နားရှက်ရင်းနဲ့၊ ငါ့ကိုယ် . . . ငါ, ရှက်လာတယ်။ အဲဒီ ရှက်တဲ့စိတ်ကြောင့်ပဲ၊ ငါ . . . ပေွတဲ့, ရှုပ်တဲ့ အ-ပုပ်၊ လုံးဝ . . . မလုပ်တော့ဘူး . . . လို့၊ ငါ . . . အခုချက်ချင်းပဲ၊ ဆုံးဖြတ်တယ်။

ဒီ . . . အနေအထိုင် သန့်ရှင်းဖို့ ဆုံးဖြတ်နိုင်တာ နှင်, ပြောပြတဲ့ အနိဋ္ဌာရုံတွေကြောင့်ပဲ။

ဂုဏ်ရိုက်ပြောရရင်၊ နှင့် စကားသံတွေ ကြားရပြီး၊ ငါ . . . သံဝေဂ၊ ရတယ်။

ရှင်းရှင်းနီးနီး ခင်ခင်မင်မင်၊ ပြောရရင်၊ နှင် . . . ပြောပြတဲ့၊ အထဲက လူတွေလို၊ ငါ . . . မဖြစ်ချင်ဘူး။ မဖြစ်အောင် နေမယ် . . . လို့၊ ငါ, ဆုံးဖြတ်တယ်။ ငါက, ရည်းစားပဲ၊ များချင်တာ။ အိမ်ထောင် သည်ဘဝမှာ အိမ်ထောင်ရေးတော့၊ မဖောက်ပြန်ချင်ဘူး။

နှင့်ကို၊ ငါ . . . သိပ်ကျေးဇူးတင်တယ်"

"ကျွန်မ,လည်း၊ ကျွန်မ,ဘဝမှာ . . . ကျွန်မ, အမေလို၊ မဖြစ်စေရဘူး . . . လို့၊ ဆုံးဖြတ်ထားပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ဒီနေ့ဟာ ငါ့အတွက်၊ တန်ဖိုးကြီးတဲ့ . . . နေ့လို့ ငါ . . . သတ်မှတ်တယ်။

နင်ဟာ . . . ငါ့ရဲ့၊ ပွေတေတေ၊ အကျင့်ကို ပြောင်းလဲပေးတဲ့၊ ကျေးဇူးရှင်ပဲ။ အဲဒါကို . . . မှတ်ထား"

"ကျွန်မ့ကို၊ နားလည်ပေးတာကိုလည်း ကျွန်မ၊ သိပ်ကျေးဇူးတင်ပါတယ်"

". . . ။ . . .

. . . ။ . . .

. . . . . ."

❑

"နင် . . . ငါ့ စတီဒီယိုခန်းထဲမှာ၊ ကူလုပ်ပေးနိုင်မလား။ အဲ . . . စကားလောသွားတယ်၊ နင် . . . အလုပ် မရှိရင်၊ ပြောတာပါ"





"ကိုသန်းဦးက၊ ဘဲခြေထောက် အရေခွံခွာတဲ့အလုပ်၊ လုပ်ခိုင်းထားတယ်။ အဲဒီက, ဝင်ငွေရတယ်။

အသုံးလိုရင်တော့၊ တီတို့ဆီကို၊ လှမ်းတောင်းတာ"

"တီတီဆိုတာ . . ."

"ကျွန်မ, အဒေါ်ကို၊ ပြောတာပါ။ အဖေ့ညီမ"

"အဒေါ်က၊ နင့်ဆီကို၊ မကြာမကြာ လာတယ်ပေါ့"

"ဟုတ်ကဲ့။ ကျွန်မ . . . ဖုန်းဆက်မှ၊ လာတာပါ။ လာရင် . . . ဘယ်သူ့မှ၊ အသိမပေးဖို့တော့၊ ပြောထားရတယ်"

"အဖေနဲ့ မောင်လေးနဲ့က"

"နယ်မှာ . . . ကျန်ခဲ့တယ်။ နယ်မှာပဲ၊ ရှိဦးမယ် . . . ထင်တာပဲ"

"နင့်ကို၊ နင့်အဖေက၊ လိုက်ရှာမှာပေါ့"

"အဖေသာ၊ ကျွန်မ,ကို၊ အဲဒီလောက် ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်ရင်၊ ဆယ့်ခြောက်နှစ်နဲ့ ရည်းစားထားဖြစ်မှာ၊ မဟုတ်ဘူး''

''ဒါနဲ့။ အဲဒီ ရည်းစားက,ရော''

''ဒီ ...၊ အခု အိမ်ကို၊ လာတယ်။ ကျွန်မ ... အိမ်ထဲ၊ အဝင်မခံဘူး။ ဆေးသမားမို့လို့ ဖြတ်လိုက်တာ၊ ကြာပြီ၊ ခင်ရာမင်ကြောင်းတော့၊ ရှိတယ်။ သမီးရည်းစားလိုတော့၊ မပတ်သက်တော့ဘူး။

ဦးမာ လိပ်စာကို သူ ... စုံစမ်းပေးတာလေ''

''အမေ့ဘက်က၊ အဘိုးအဘွားတွေက, ရော။ ဦးလေးတွေ ... အဒေါ်တွေ''

''ကျွန်မ ... လုံးဝ၊ မပတ်သက်ဘူး။ အဘိုးအဘွား ဆုံးသွားပြီတော့၊ ကြားတယ်။

အမေ့ လာတောင်းမှာစိုးလို့ ကျွန်တဲ့ ဦးလေး, အဒေါ်တွေက၊ သိပ်, လာစေချင်ပုံ မရဘူး။ အဖေက,လည်း။ ပတ်သက်တာ၊ မကြိုက်ဘူး''

''အမေ့ဆိုတာ ... ဘာကိုပြောတာလဲ''

''အဘိုး အဘွား မရှိတော့ဘူးလေ။ အမေ့ ဝေစုကို၊ ကျွန်မ,တို့ မောင်နှမ,ကို၊ ပေးရမှာ၊ စိုးရိမ်





နေကြတယ်။

ဦးလေးရဲ့ မိန်းမ,က၊ ပြောတယ်။ ကျွန်မ, အမေက၊ မိသားစု စားရင်းထဲ မရှိတော့ဘူး ... တဲ့။ အဲဒါကြောင့်၊ အမွေ ... နဲ့ မဆိုင်တော့ဘူးတဲ့။

အမေ့ကို၊ အဘိုးက၊ သမီးအဖြစ်က၊ စွန့်လွှတ်ကြောင်း၊ သတင်းစာထဲမှာ၊ ထည့်ထားဘူးတယ်''

''ဪ ...။ ဆရာကြီးက ... ဆုံးသွားပြီကိုး''

''ဆုံးတာ၊ သိပ်မကြာသေးဘူး။ ကျွန်မ, အဖေ မသိအောင်တော့၊ တစ်ခါတစ်ရံ သွားဖြစ်ပါတယ်။ ဒါပေမဲ့ ... သံယောဇဉ်နဲ့ သွားတာကို၊ ငွေကြေးအမြင်တွေနဲ့ ကြည့်နေကြလို့ မသွားဖြစ်တော့ဘူး။

အမေ ... ပြည်ပမှာရှိတဲ့ သတင်း၊ အဲဒီ့က၊ ကြားရတာပါ''

''အင်း ...၊ အဆင်ပြေရင်တော့၊ တော်မျိုးပေါ့။ မပြေရင်၊ ငါက ... အလုပ်,လုပ်စေချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောပါ''

''ကျွန်မ ...၊ စတီဒီယိုထဲမှာ၊ အကူအညီပေးရုံတော့၊ အလုပ်မလုပ်ချင်ဘူး။

တပည့်အဖြစ်နဲ့၊ နိုင်းမယ်ဆိုရင်တော့ တပည့်ခံချင်တယ် ... ဦးမာ''

''ငါ့ဘဝ တစ်လျှောက်လုံးမှာ၊ တပည့်ဆိုတဲ့ စကားလုံးကို၊ အကြောက်ဆုံးပဲ။

ငါ, ပြောဖူးတယ်လေ၊ မလိုအပ်တဲ့၊ ဘယ်သူ့ကိုမှ၊ ဆရာ ... မခေါ်ခဲ့သလို၊ ဘယ်သူ့ကိုမှလည်း တပည့် ... လို့၊ မသတ်မှတ်ဘူး။

ဆရာကို၊ ကာပြန်တာ၊ တပည့်တွေရဲ့ စရိုက်ပဲ။ ငါက, နှင့်ကို၊ တပည့်ခံစေချင်တာ မဟုတ်ဘူး။

ကူညီချင်တာ ...၊ ကျေးဇူးပြုချင်တာ။ အလုပ်ပေးချင်တာ။ နှင် ... ဖြစ်ချင်တာ တစ်ခုခု ရှိရင်ပြောင်၊ အဲဒါ ဖြစ်အောင်၊ ကူညီမှာ''

''အင်းလေ။ ကျွန်မ,က ... တပည့်ပဲ ဖြစ်ချင်တာ''

''ငါ့ဆီက၊ ဘယ်ပညာ ယူမှာလဲ''





''အကုန်လုံး''

''အကုန်လုံးတော့ ပေးမယ်။ ဒါပေမဲ့ ...၊ တပည့် အဖြစ်တော့၊ အသိအမှတ် မပြုဘူး''

''ဘာဖြစ်လို့လဲ ... ဦးမာ''

''နှင့်မှာ ... မာန်တွေ၊ အာဃာတ,တွေ၊ ကိန်းနေတာ၊ ငါ ... မြင်လို့ပဲ။

နှင့် မျက်နှာပေါ်မှာ..၊ တစ်နေ့ကျရင် သိမယ် ... ဆိုတဲ့၊ အငြိုးတွေ၊ ရှိနေတယ် ... မြသက်ထား။

လောက,မှာ၊ ကြောက်စရာ အကောင်းဆုံး ဆရာက၊ အင်္ဂုလိမာလရဲ့ ... ဆရာပဲ။ ချစ်စရာ အကောင်းဆုံး တပည့်က၊ အင်္ဂုလိမာလပဲ။

ဆရာ နိုင်းတာကို၊ မြေဝယ်မကျ လိုက်လုပ်တဲ့ ... တပည့်လေ။ အဲဒီလို တပည့်မျိုး၊ မရှိနိုင်သလို၊ အဲဒီလို ... ဆရာမျိုးလည်း၊ ငါ ... မဖြစ်ချင်ဘူး။

မျိုင်းက ... ငါးလေးတွေကို မြှောက် ... မြှောက်ပြီး ... စား။ မြင်တဲ့သူက လိုက်တူ။

www.burmeseclassic.com



တုရင်း ... သင်ရင်းနဲ့ ဓားလုံတွေကိုပါ ပြောက်ပြီး ... ပါးစပ်နဲ့ ဖမ်းတတ်လာတော့၊ ကျော်ကြား။ ဘုရင်ရှေ့ ... ရောက်။

ဆရာ ဘယ်သူလဲ မေးတော့။ တီရှွာန်။ ... ဖျိုင်း။ တီရှွာန်က ... မြင်ဆရာပါ ... လို့ မပြောချင်တော့၊ လိမ်။

လိမ်တော့ ... ပညာပျက်။ အာခေါင်လှံစူး။ သေ။ ဆရာ ကာပြန်၊ အာခေါင်လှံစူး ... တဲ့။ ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဆရာလည်း၊ မဖြစ်ချင်ဘူး။ တပည့်လည်း မလိုချင်ဘူး။ ဒါပဲ။ အကူအညီလိုချင် ပေးမယ်။ မလိုရင်၊ မယူနဲ့"

"ကျွန်မ ... အလုပ်,လာလုပ်ပါ့မယ်"

"ကောင်းပြီ၊ ကျေးဇူးတင်မိလို့ အခွင့်အရေး ပေးတာ။

အလုပ်,လုပ်မယ်ဆိုရင်တော့၊ အလုပ်, စည်းကမ်း လိုက်နာဖို့ လိုမယ်"





"ဟုတ်ကဲ့"

"ရှေ့တန်းစစ်မျက်နှာပြင်ကို၊ ရောက်နေတယ် ... လို့ သဘောထား။ အလုပ်,လုပ်တဲ့ အချိန်တိုင်း မှာ၊ အဲဒီ စိတ်နဲ့၊ အလုပ်လုပ်ရမယ်။

ဒါ ..., ငါ့ရဲ့၊ အလုပ်စည်းကမ်းပဲ။ ကျန်တဲ့ အချိန်မှာ၊ ကြိုက်သလိုနေ။ အလုပ်နဲ့ ပတ်သက်ရင်၊ ဘဝနဲ့ ပတ်သက်ရင်၊ ဒါလေးများ ... ဆိုတာ၊ မရှိစေနဲ့။

ရှေ့တန်းမှာ စစ်တိုက်နေတဲ့၊ စစ်သည်တော်တိုင်း။ ဝပ်ဆို ... ဝပ်လိုက်တာ၊ အန္တရာယ် အကင်းဆုံးပဲ။

တစ်လက်မလောက်၊ ခေါင်းထောင်ပါရစေ လုပ်လို့၊ မရဘူး။ အသက်ပါ, ပါသွားမယ်။ ဘဝ ... ဆိုတာ၊ တိုက်ပွဲလေ။

သိတယ် မဟုတ်လား။ တိုက်ပွဲတိုင်းမှာ၊ ကျည်ဆန်သေးသေးလေးနဲ့ ထိလည်း၊ သေတယ်"

"ဦးမာ၊ အနားမှာ နေရဖို့ ဘယ်လိုပဲနေနေ ... နေရ၊ ကျွန်မ ... အကျိုးရှိမှာပါ။

www.burmeseclassic.com



ခုန . . . ဦးမှာ ပြောတာ၊ မှန်ပါတယ်။ ကျွန်မ . . . ဆွေမျိုးတွေ အားလုံးကို၊ စိတ်နာတယ်။ မိဘကို လည်း၊ စိတ်နာတယ်။

သရော်ခဲ့၊ ကလော်ခဲ့တဲ့၊ နှိမ်ခဲ့တဲ့၊ ဆွေမျိုးတွေ၊ ရှေ့မှာ၊ ကျွန်မ, တစ်ခုခု အောင်မြင်ထွန်းပေါက်ပြချင်တဲ့၊ စိတ် . . . ။ ကျွန်မ,မှာ တကယ်ရှိတယ်။

မိဘ . . . အရိပ်နဲ့ ဝေးခဲ့ရပေမဲ့၊ ဘဝကို . . . ထည်ထည်ဝါဝါ၊ တည်ဆောက်နိုင်တယ် . . . ဆိုတာ၊ ပြလိုက်ချင်တယ်၊

အားမတန်လို့ မာန်လျှော့ထားရပေမဲ့ . . . ၊ ဥယျာဉ်မှူး မရှိတဲ့ . . . ပန်းပင်မှာလည်း၊ အပွင့်ပွင့်တတ်တယ်ဆိုတာ၊ အားလုံးကို သိစေချင်တယ်''

(နင် . . . အဲဒီတုန်းက၊ စီးကျခဲ့တဲ့ မျက်ရည်တွေကို၊ ငါ . . . , လက်နဲ့ သုတ်ပေးခဲ့တာ မဟုတ်ဘူး သက်ထား။

နင့် မျက်ရည်ကို၊ ငါ့ နှလုံးသားနဲ့၊ သုတ်ပေးခဲ့တာပါ။ ငါ့ လက်ကြမ်းကြမ်းကြီးနဲ့၊ နင့်မျက်နှာ နုနုလေးကို၊ အတတ်နိုင်ဆုံး ညင်သာ ဖွဖွ၊ သုတ်ပေးခဲ့တာပါ။





ငါ့လက်ဖျားမှာ၊ ငါ့ နှလုံးသားထဲက၊ စာနာခြင်း အငွေ့အသက်တွေ၊ ပါဝင်ခဲ့တယ်ဆိုတာ၊ နှလုံးသားနဲ့ မှန်းဆ, ခံစားကြည့်မှ နင် . . . သိနိုင်မှာပါ . . . သက်ထား။

နင်ဟာ . . . အလေ့ကျ ပေါက်တဲ့ပန်းပဲ ဖြစ်ဖြစ်၊ စွန့်ပစ်ခံထားရတဲ့ ပန်းပဲ ဖြစ်ဖြစ်၊ ဥယျာဉ်တစ်ခုထဲကို ရောက်လာတဲ့ . . . ပန်းတစ်ပွင့် အဖြစ်နဲ့ ငါ . . . ပျိုးထောင်မယ် . . . လို့ ငါ သန္နိဋ္ဌာန်ချခဲ့ပါတယ် . . . မြသက်ထား။

နှလုံးသားထဲက သန္နိဋ္ဌာန်ကို၊ နှလုံးသားနဲ့၊ နားစွင့်ပါမှ၊ ကြားခွင့်ရတတ်တာပါလေ)။

❒

စကားပြောနေကြစဉ်၊ ပိုပို ရောက်လာ၏။

''ဒါ . . . ပိုပို . . . တဲ့။ ငါ့ သူငယ်ချင်း''

''ပိုပို။ ဒါ . . . မြသက်ထား''

မိတ်ဆက်ပေးပြီး၊ ခဏအကြာတွင်၊ မြသက်ထား ပြန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

[illegible]

"နင်က၊ အဲဒီကောင်မ,လေးနဲ့ ငါ့ကို ဘာ ဖြစ်လို့ မိတ်ဆက်ပေးတာလဲ . . . မာယ"

"ရင်းနှီးစေချင်လို့ပေါ့ဟ"

"မိတ်ဆက်ပေးရလောက်အောင်၊ သူက အရေးပါနေပြီလား"

"ဒါပေါ့"

ပိုပို မျက်စောင်း ထိုးသေး။

❑ ❑ ❑



(၁၁)

"ပိုပိုက၊ မင်းရဲ့ ရည်းစားမဟုတ်ဘူး ဆိုတာ ကို၊ မြသက်ထား သိပြီလား"

"သိပြီလေ။ သူ ဟန့်သွားအောင်၊ ပြောမှန်း သူ . . . သိပါတယ် . . . တဲ့။

ငါ . . . စိတ်နည်းနည်း မကြည်လင်တုန်းမို့၊ ပြောမိတာပါ . . . လို့ ရှင်းပြလိုက်တယ်။

ပိုပို့ကိုတောင်၊ ငါ . . . အဲဒီလို ပြောလိုက်မိ တဲ့ အကြောင်း ဝန်ခံလိုက်ရတယ်"

"ပိုပို . . . ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ။ ငါက . . . နင့်အသုံးချခံပါ။ နိုင်

ဖတ်ပါ . . . ၊ ဘာ, ညာ ပြောသေးတာပေါ့"

"မင်းနဲ့ မြသက်ထားနဲ့ တတွဲတွဲဆိုထ

လူတော်တော်များများ ပြောနေကြပြီ။

မကြာခင်၊ မင်း အမေသိတော့မယ်နော်"

"သိပေ့စေပေါ့။ ကိစ္စ မရှိပါဘူး။ ငါ . .

လိပ်ပြာသန့်ပါတယ်"

"မင်း . . . ၊ မြသက်ထားကို၊ စိတ်ဝင်စာ

အစီအစဉ် ရှိသလား . . . မာယ"

"ချောလို့၊ လှလို့၊ စိတ်ဝင်စားတဲ့၊ စိတ်

စားမှုမျိုးတော့၊ မရှိဘူး . . . ဖော်ဇ။

အချောအလှတွေ၊ ငါ . . . မမြင်ဘူး၊ မ

ဘူး။ မပတ်သက်ဘူးတာမှ မဟုတ်တာ။

ငါ . . . မြသက်ထားအပေါ်မှာ၊ စိတ်ဝင်

တာ၊ တစ်ခုပဲ၊ ရှိတယ်။ ငါ . . . , သူ့ကို၊ ဘာ . .

ကူညီနိုင်မလဲ ဆိုတာပဲ"

"သူက,ရော . . . ၊ ဘာဖြစ်ချင်တာလဲ"

"မမေးရသေးဘူး။ ငါ့နောက် တကော





ကောက်လိုက်။ ငါ . . . လိုတာက္ကျ။ ငါ . . . ပြောတာ

နားထောင်။ လောလောဆယ် ဒီလောက်ပဲ"

"ယောက်ျားချင်း၊ သူငယ်ချင်း အချင်းချင်း၊

တဲ့ပဲ ပြောမယ်ကွာ။

ကိုယ်ဖိ ရင်ဖိ၊ ကူညီတာမျိုး၊ ဖြစ်နေတယ်

. . . ။ ရှင်းလား"

"ရှင်းတယ်။ ငါလည်း . . . အဲဒီလို၊ အမြင်

တွေ . . . အခြေအနေတွေအထိ၊ တွက်ပြီးသား။

သူ . . . နောက်ကြောင်း ရှင်းရင်၊ လက်ထပ်

ဖို့အထိတောင်၊ ငါ . . . , စဉ်းစားတယ်"

"မင်းက . . . ချစ်လို့လား၊ သူ့ကို"

"ထင်တာပဲ။ အသက်ငယ်တယ်။ လှတယ်။

ချောတယ်။ ဒါကြောင့်, မက်မောတယ်၊ ချစ်တယ်

. . . ဆိုတာမျိုး မဟုတ်ဘူး။

ဘယ်သူ့အပေါ်မှာမှ၊ မထားဘူးခဲ့တဲ့၊ ပေး

ဆပ်ချင်တဲ့ . . . စိတ်၊ အဲဒီစိတ်ကိုပဲ၊ အချစ် . . . လို့

အမည်ပေးရမလို ဖြစ်နေတယ်။

မမြင်ရ မနေနိုင်ပေါင် . . . ဆိုတာမျိုးတော့၊



www.burmeseclassic.com

www.burmeseclassic.com



ငါ . . . ဘယ်ဖြစ်မလဲ။ အဲဒါ . . . ဆယ်ကျော်သက်လေးတွေရဲ့ ပို့ (စ) ကတ်ထဲက . . . အချစ်။

ငါ့အချစ်က၊ ဘဝထဲက . . . အချစ်။ သိပ်တော့ မသိမ်မွေ့ဘူး။ ဒါပေမဲ့, အဆင့်မြင့်တယ်။

ဖြစ်နိုင်ရင် . . . ချစ်တယ်, ချစ်တယ် . . . ဆိုတာကြီး၊ မပြောဘဲနဲ့ကို၊ စောင့်ရှောက်ပေးချင်နေတာ''

''သူ ပြောတဲ့ သူ့အကြောင်းက၊ သူ့စိတ်ကူးယဉ် ဇာတ်လမ်းကြီး၊ ဖြစ်နေရင်၊ ဘယ်လိုလုပ်မလဲ''

''လိမ်မဲ တောင်းတောင်း၊ တကယ်ပဲ တောင်းတောင်း။ တောင်းတယ် . . . ဆိုကတည်းက၊ တကယ် . . . လိုချင်နေတဲ့ အခြေအနေမျိုးပဲ . . . ဆိုတဲ့၊ စာနာစိတ်နဲ့၊ သူတောင်းစားတွေကို၊ လှူဒါန်းပေးကမ်းရတဲ့၊ ဒါန စိတ်လေးနဲ့ပဲ၊ ဖြေဆည်လိုက်ရုံပေါ့ကွဲ။

ခုနက၊ ငါ . . . ပြောတဲ့ နောက်ကြောင်းရှင်းရင် . . .၊ ဆိုတာ။ သူ့ . . . မှာ ကာမပိုင်၊ မရှိရင် . . . လို့ ဆိုလိုတာ''





''ရှိနေရင်၊ ဘယ်လို၊ လုပ်မလဲ။ သူ့အဖေယောက်ျား ပေးစားလို့၊ ထွက်ပြေးလာတယ် . . . ဆိုတဲ့၊ စကား ပါနေတယ်လေ။ သူ့ပြောပြတဲ့ အထဲမှာ . . .''

''သူ့အဖေကိုယ်တိုင်ရဲ့၊ ခွင့်ပြုချက်မျိုး၊ ရအောင်၊ ငါ . . . လုပ်မှာပေါ့။

ကဲပါ . . . ဇော်ရဲ့ရယ်။ ငါ . . . အခု ပြောနေတာက၊ မြသက်ထားကို၊ ယူဖို့ ပြောနေတာ မဟုတ်ဘူး။

သူ့ကို၊ ချစ်နေ, ကြိုက်နေတယ် . . . လို့၊ ဆိုလိုတာ မဟုတ်ဘူး။ သူ့စိမ်းမိန်းကလေး၊ တစ်ယောက်နဲ့ သူစိမ်းယောက်ျားလေး၊ တစ်ယောက်ကို၊ သမုတ်ကြ . . . ရင်တောင်၊ သူ့, ကောင်းကျိုးလိုလားတဲ့၊ လူတစ်ယောက်အနေနဲ့၊ ငါ . . . သူ့ကို၊ လက်ထပ်ဖို့ ဝန်မလေးဘူးလို့၊ ဆိုလိုတာ''

''ငါ . . . သဘောပေါက်ပါတယ်။ သနားစိတ်ဟာ၊ ကရုဏာကွ။ အချစ် မဟုတ်ဘူး''

''ဟဲဟဲ။ ဇော်ရဲ့။ ငါက,လည်း။ မသနားဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘယ်သူ့ကိုမှ မေတ္တာထားမိမှာ မဟုတ်ပါဘူး

ကွ"

"ပိုပိုက,တော့၊ ပြောတယ်။ မင်း . . . အသွ

ရောက်လိမ့်မယ်။ တားလို့ရရင်၊ တားပေးပါ . . .

မြသက်ထားရဲ့၊ ဥဝမိကို၊ သူ . . . မကြိုက်ဘူး

သိမ်မွေ့ချင်ယောင်ဆောင်ထားတဲ့ အမူအရာ

တွေကို၊ သူ . . . မြင်တတ်တယ် . . . တဲ့"

"မင်း . . . ဘာပြန်ပြောလိုက်လဲ"

"မာယာကို၊ နင် . . . ကြိုက်နေလို့လား

လို့၊ မေးလိုက်တယ်။

သူ့ အပျော်ရည်းစားတွေထဲတော့၊ ငါ

မပါချင်ဘူးတဲ့။

ပြောပုံက၊ အတည်မှ၊ မင်းကို၊ စဉ်းစား

ပုံပဲ"

"ငါလည်း၊ အတည်တကျစိတ်၊ သူ့အပေါ်

မထားနိုင်မှာစိုးလို့၊ သူငယ်ချင်း စိတ်နဲ့ပဲ၊ နေမြဲ

လုပ်နေတာပေါ့။ ဒါကို၊ သူ . . . နားလည်မှာပါ"

"မြသက်ထား အပေါ်တော့၊ အတည်တကျ





စိတ်၊ ထားနိုင်တယ်ပေါ့"

"အင်း။ ဟုတ်တယ်။ မိဘ, အရိပ်နဲ့ မကြီး

ပြင်းခဲ့ရတဲ့သူကို၊ မိသားစု . . . ဆိုတာ၊ ဒါပဲ . . . လို့

တောင်၊ ငါက၊ ဖန်တီးပြချင်တာ။

ပြောရတာ၊ စိတ်ကူးယဉ်သလိုတောင်၊ ဖြစ်

နေပါတယ်ကွာ။

သူနဲ့ ပတ်သက်ပြီး၊ ငါ့မှာ . . . လုပ်စရာတွေ,

ပြောစရာတွေ, ပြောပြစရာတွေ . . . အများကြီးကွ။

ချစ်တယ် . . . ဆိုရင်တောင်၊ အဲဒါတွေ

အားလုံးရဲ့၊ အနောက်ဆုံးမှာပဲ . . . အချစ်ကို၊ ငါ

. . . ထားထားမှာ။

သူ့ စိတ်ထားလေးကို၊ ပြင်ပေးဖို့တွေ၊ သူ့

အာဃာတ,တွေကို၊ ငြိမ်းပေးဖို့ ကိစ္စတွေ . . . အများ

ကြီးပဲ။

ရေရှည်စီမံကိန်းနဲ့မှ၊ သူ . . . ငြိမ်အေးမှာ"

❐



www.burmeseclassic.com

www.burmeseclassic.com



(ချစ်တဲ့စိတ်နဲ့ ကြည့်ရင်၊ အရာရာဟာ၊ ချစ်စရာတွေချည်း ပါပဲ ... မြသက်ထား။ မူလ, စိတ်၊ မူလ, နှလုံးသားထဲမှာ၊ ချစ်တဲ့ စိတ်မရှိဘဲနဲ့၊ ဘယ်သူ့ကိုကြည့်ကြည့်၊ ဘယ်အရာကို ကြည့်ကြည့် ချစ်စရာ ... လို့၊ ဘယ်ထင်နိုင်ကြပါ့မလဲ။

အဲဒီလိုပါပဲ၊ နှင်နဲ့ ပတ်သက်ပြီး ဘယ်လို ... ကူညီချင် တာပါ၊ ဘယ်လို စောင့်ရှောက်ချင်တာပါ၊ ဘယ်လို ... ဆောင်ရွက် ချင်တာပါ ... ဆိုတာတွေရဲ့ အခြေခံဟာ၊ အချစ်ကိုပဲ၊ အခြေခံခဲ့ တာပါပဲ။

ဒါပေမဲ့ ... သက်ထားရယ်၊

မစ်မကြော ... အပြစ်ပြောချင်ရင်တော့ ...

ပစ္စယော ... အဖြစ်နဲ့

(တိမ်ငုပ်နေတယ်တဲ့)

အချစ် နောတဲ့ ... အထောက်အပံ့ကို

"အမြစ်" ... သဘောလို့၊

ဘယ်မြင်နိုင်ပါ့မလဲ။

လူဆိုတာ၊ အကိုင်းအခက်၊ အရွက် အသီး၊ အပွင့် အဖူး တို့ကိုသာ၊ မော့ကြည့်တတ်ကြတာပဲလေ။ အချစ်ကို ... အမှတ်





တန်မိုးနဲ့ အမြစ်ကို တမြတ်တနိုး ဘယ်သူ ... ငုံ့ကြည့်မိပါ့မလဲ။

တချို့က၊ ပြောတယ်။ ကြည့်သောသူ ... မြင်၏ ... တဲ့။ တတ်ဘူး ... သက်ထား။ ကြည့်တတ်မှသာ မြင်နိုင်ကြတာပါ။)

❒ ❒ ❒

www.burmeseclassic.com

BURMESE CLASSIC .com

သတိ မပါတဲ့၊ စာနာစိတ်ဟာ၊
စော်ကားမယ့်သူအတွက်၊ အခွင့်အရေးပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"အမေ၊ ကျွန်တော့် အလုပ်ခန်းကို၊ အမေ ... လာသွားတယ်ဆို"

"ဘာလဲ။ နှင့် ကောင်မ,လေး ပြောတာလား"

"ကျွန်တော့်ကောင်မ,လေး မဟုတ်ဘူး အမေ။

နှမ,လို၊ သူငယ်ချင်းလို၊ ဆွေမျိုးလို၊ မိတ်ဆွေလို၊ အုပ်ထိန်းသူလို။ ဒါမှမဟုတ် ... လူတွေ ..မြင်တတ်၊ သမုတ်တတ်ကြတဲ့ သမီးရည်းစားလို..။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပုံစံနဲ့ ပတ်သက် ပတ်သက်၊ ဘယ်လို သံယောဇဉ်မျိုးနဲ့ပဲ၊ ချည်နှောင် ချည်နှောင်။ ချည်နှောင်ဖို့၊ ကျွန်တော် ... ဝန်မလေးတဲ့၊ မိန်းကလေးပါ ... အမေ''

''ဟဲ့ ... သား။ မင်း အခန်းထဲကို၊ တစ်ကိုယ်တည်း လာ ... လာနေရအောင်။ သူ ... မိန်းမကောင်း မဟုတ်ဘူးလား။

မင်းက,ရော ... ရဟန္တာလား။ မင်းတို့ ခေတ် ... အနေအထိုင်တွေက၊ ဘယ်လိုတွေလဲ။

ငါ ... ကြားတာ၊ ကြာပြီ၊ ကောင်မ,လေးက၊ တစ်ယောက်တည်းနေတာ ... တဲ့၊ မင်း ... အပျော်တွဲတယ်ပဲ၊ သဘောထားပြီး၊ အမေ ... ဘာမှ မပြောဘူး။

အခု ...၊ မင်း အလုပ်ခန်းမှာပါ၊ အပြီး ... ပြောင်းလာတယ် ကြားလို့။ ဒါ ... မလုပ်သင့်တဲ့ ကိစ္စပဲ။

အဲဒါကြောင့်၊ ငါ ... လာတာ။ ကောင်မ,လေးက၊ တံခါး ဖွင့်မပေးဘူး။ သော့ ... မင်း ယူ





သွားတယ် ပြောတယ်။

အဲဒါကြောင့်၊ ငါ ... အပြင်က,နေ ပြောခဲ့တယ်။ အမြန်ဆုံး ပြန်ဖို့''

''အမေ၊ အဲဒီ ကောင်မ,လေးနဲ့၊ သားနဲ့၊ တတွဲတွဲနေတာ၊ အမေ ... မြင်တာလား။ သူများ ပြောတာလား''

''ဟဲ့။ မီဘ,ဆိုတာ၊ ပတ်ဝန်းကျင် နားလျှို တော့မှ၊ နောက်ဆုံး ကြားကြရတာ''

''ကျွန်တော်နဲ့ အဲဒီကောင်မ,လေး။ မဖွယ်မရာ၊ အပြုအမူမျိုးနဲ့၊ ရာဂ,မီး တောက်လောင်နေကြတယ် ... လို့၊ ကြားတာလား။

လမ်းမပေါ်၊ လူမြင်ကွင်းမှာ၊ တွဲသွား တွဲလာ မြင်တယ်, တွေ့တယ် ... လို့ ကြားတာလားဟင် ... အမေ''

''တွဲတယ် ... လို့ ကြားတာပေါ့ဟဲ့''

''လူ ...။ လောက။ ပတ်ဝန်းကျင်။ မြင်မှာ, တွေ့မှာကို၊ ဂရုစိုက်နေမှတော့၊ အမေ့ဆီ သတင်း ရောက်မယ့်၊ လူ ... မြင်ကွင်းမှာ၊ ကျွန်တော် တွဲ

www.burmeseclassic.com



နေပါ့မလား။

မိဘ,က ... လွှဲပြီး ဘယ်သူ့ကိုမှ ရှာမရိုက်သလို။ မဖွယ်မရာ၊ ဘာမှ မလုပ်တဲ့အတွက်။ လူမြင်ကွင်းမှာ၊ ကျွန်တော် ရဲရဲလျှောက်, ရဲရဲတွဲ, ရှိုးသွား ... လာနေတာပေါ့ အမေ။

မြို့စွန်၊ နယ်စွန်က၊ မီးရောင်တောင်၊ ထိန်ထိန်မထွန်းထားတဲ့၊ တည်းခိုခန်းလိုလို, ဖိမ်ခန်းလိုလို၊ လူသူ ... ကင်းဝေးရာမှာ၊ ကျွန်တော် ... အဲဒီကောင်မ,လေးနဲ့၊ အခန်းအောင်းနေရင်။

တွဲသွားတွဲလာ.မလုပ်ဘဲနဲ့၊ အဲဒီလို နေရာမျိုးမှာပဲ၊ ချိန်းချက်နေကြရင်၊ အမေ့ဆီကို၊ ဘာသတင်းမှ ရောက်လာမှာ မဟုတ်ဘူးလေ ... အမေ။

မြင်တာကို ... ထင်။ ထင်တာကို ပြော။ ပြောတဲ့စကား ... အတင်းလား, သတင်းလား မသဲကွဲ။

သတင်းဆိုရင်တောင်၊ ထုတ်ပြန်သင့်တဲ့ သတင်းလား ... မထုတ်ပြန်သင့်တဲ့ သတင်းလား။ မခွဲခြမ်းဘဲ၊ ပြောရရင် ပြီးရော ... ဆိုတဲ့၊ လူတန်းစားတွေ ... သယ်လာတဲ့၊ သတင်းစကားကို အမေ လက်ခံ ပိုင်းဖြတ်တာ၊ ကိုယ့်သားသမီး၊ ဘယ်လို ... စရိုက်ရှိတယ်ဆိုတာကိုပါ၊ အမေ ... မေ့လျော့သွားသလိုပဲ။

အမေ ... သိချင် သိပါစေ၊ ငါ ... မဟုတ်တာ မလုပ်ဘူး ... ဆိုတဲ့၊ စိတ်နဲ့၊ လူမြင်ကွင်းမှာ၊ ကိုယ့်အာရုံနဲ့ကိုယ်၊ ကိုယ့်အလုပ်ကို ... ကိုယ်။ ကိုယ် ... လိုလားတဲ့ သူနဲ့ လုပ်နေတာပါ ... အမေ။

မဟုတ်တာလုပ်တဲ့လူက၊ လူရှေ့မှာ၊ မလုပ်ဘူး ... အမေ''

''တစ်အိမ်တည်း၊ တစ်ခန်းတည်းမှာ၊ အတူနေသလို ဖြစ်နေပြီလေ။ ဒါ ... မြန်မာနိုင်ငံလေ။ ဥရောပ, မဟုတ်ဘူး''

''လူမြင်ကွင်းတွေမှာ၊ ကိုယ့်ယဉ်ကျေးမှုအတိုင်း။ ရိုးရာမပျက် ... နေ။

ဥရောပ, အနေအထိုင်မျိုးကိုတော့၊ လူမမြင်အောင် ... နေ။ လူ ... နောက်ကွယ်မှာ ... နေ။ လူ ကဲ့ရဲ့အောင် မနေစေချင်တာလား ... အမေ။

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



မြသက်ထား . . . ဆိုတဲ့ အဲဒီကောင်မ,လေး။ အခုထိ၊ ကျွန်တော့် အလုပ်ခန်းမှာ၊ ရှိသေးတယ်။ အိပ်နေလောက်ပြီ။

အမေ . . . သွားမေးလိုက်။ စိတ်နဲ့ရော, ကာယ,နဲ့ရော . . . မပြစ်မှားမှုးဘူး အမေ။ မိန်းမသားချင်း၊ ပွင့်ပွင့်လင်းလင်း သွားမေးပါ . . . အမေ။

ကျွန်တော် . . . သူ့,ကို၊ ကူညီစောင့်ရှောက်ထားတာပါ။

ငှားနေတဲ့ အိမ်က၊ တစ်လ, ရှစ်သောင်း။ ဝင်ငွေနဲ့ ထွက်ငွေ၊ မမျှလို့။ အလုပ်ခန်းကို၊ ပြောင်းနေဖို့၊ ကျွန်တော် ခွင့်ပြုလိုက်တာပါ။

အိမ်ရှင်က . . .၊ လခ, တိုးတောင်းတယ် . . . တဲ့။ တစ်ကိုယ်တည်းသမားအဖို့ များလွန်းတယ်လေ။ အဲဒါကြောင့်၊ နေရာ . . . ထိုင်ခင်း၊ ကူညီတာပါ . . . အမေ။

ကျွန်တော်ကိုယ်တိုင်၊ မြတ်နိုးရင်လည်း၊ အမေ့ရှေ့မှာ၊ ဒါ . . . အမေ့ချွေးမ,လို့ လာပြောမှာပါ . . . အမေ။





သား . . . ကိုယ်တိုင်က၊ အမေ မိဘ,ကို၊ ဘာသိတင်းမှ၊ မထုတ်ပြန်မချင်း။ အဲဒါ . . . သတင်း, အမှန် မဟုတ်ဘူး။

ဝန်းကျင်က . . . သတင်းလာပို့ရင်တောင်။ အဲဒါ . . . ငါ့သား။ ငါ့သား ဘာလုပ်လုပ်။ ငါ ကြည်ဖြူတယ် . . . ဆိုတဲ့၊ မိခင်အဖြစ်နဲ့။ သား ရှေ့မှာ၊ ကာကွယ်ပေးတဲ့ အမေမျိုး။ အမေ့ကို၊ ဖြစ်စေချင်တယ် . . . အမေ။

မဟုတ်တာကို လုပ်ရင်တောင်၊ နိုးကြောင်နိုးဝှက် မလုပ်တတ်တဲ့၊ အမေ့သားကို၊ သူများ ရှိတဲ့ မီးနဲ့၊ လာ . . . မတို့ပါနဲ့လား အမေရယ်။

ငယ်ဘဝက . . . မိသားစုမှာ၊ ကြုံဖူးတဲ့၊ အမှုအကျင့်မျိုး။ ကျွန်တော့် . . . တစ်သက်မှာ၊ ဘယ်တော့မှ၊ မကျူးလွန်ဘူး . . . အမေ။

နိုးကြောင်နိုးဝှက်၊ ဘာမှ, မလုပ်ဘူး။ အဲဒီ စိတ်ကို၊ အမေ သာဓုခေါ်ပေးပါ။

အမေ့သားပါ . . . အမေ။ ခုစိုက် လုပ်ရင်တောင်၊ သူခိုး မလုပ်ဘူး၊ ဓားပြ . . . သူ့အမြဲ လုပ်



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူပါ အမေ"

မြသက်ထား၏ မိသားစုဘဝကိုပါ ကျွန်တော် တသွင်သွင်

တဝေဝေ စီးကျလိမ့်ဆင်းနေသည့် ရေတံခွန် နှုန်းဖြင့် အမေ့ထံ

ပြောပြလိုက်လေ၏။

"မင်း ... သူ့ကို ယူမှာလား"

"သူ ... လက်ခံရင်ပေါ့ အမေရယ်"

"နင် ... အရှက်မရှိဘူးလား ... လို့

... ပြောခဲ့မိတယ်။ ဦးမာဃကို အလုပ် ... ထ

ကူတာပါ ... တဲ့။

ယူမယ် ... ဆိုလည်း။ ယူလိုက်လေ။ တ

အိမ်တည်း နေသလို ဖြစ်နေပြီ"

"တစ်အိမ်တည်း မနေဘဲနဲ့ အခ,ပေးစ

နဲ့ တစ်နေရာစီမှာ ... နေကြပြီး တစ်အိပ်ရာတည်

မကြာ ... မကြာ ဆုံ,ဆုံပြီး အိပ်နေကြတဲ့သူ

... အများကြီးပဲ အမေရဲ့"

"ဟဲ့ ... မအေကို အဲဒီလို ပြောပြစ

လား"

"ပတ်ဝန်းကျင် ပေးစားလို့ ညားသွားတ





မျိုး။ မဖြစ်ချင်ဘူး အမေ။

ကျွန်တော်၊ တကယ် ချစ်မှု လက်ထပ်မှာ"

"ပိုပိုကိုကျတော့ နင် ... မကြိုက်ဘူးလား"

"ကြိုက်ချင်ပေမဲ့ မချစ်ဘူး ... အမေ"

"... ။

... ။ ... ။

"... ... ..."

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

"နှင်းသာ၊ သူစိမ်းတစ်ယောက်ဆိုရင်၊ ငါ့ရန်သူ စာရင်းထဲမှာ၊ နှင့် နာမည်၊ ပါသွားလောက်ပြီ ... ပိုပို။ ငါ့ အမေကို၊ နှင်, သွားပြောတာ၊ ငါ, သိတယ်။

ငါ ... မြသက်ထားကို၊ ယူမယ် ... လို့၊ ငါ့ အမေကို၊ ငါ ... ပြောလိုက်ပြီ။ သိလား ပိုပို။ နှင် ... သဘောပေါက်လား"

"ဒီလိုပဲ၊ ဖြစ်ရမှာပေါ့။ မယူလို့မှ၊ မရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com

ထောင်လှမျိုး(မှုန်ရောင်ရှိ)

တွဲသွား တွဲလာ၊ အတူနေ . . . အတူစားတွေ များနေပြီပဲ။

မိန်းကလေး တစ်ယောက်ရဲ့ ကာယိန္ဒြေ အတွက်၊ ဒီလိုပဲ . . . နှင်. ကာကွယ်ပေးရတော့မှာ ပေါ့''

''ငါ . . . သူ့ကို၊ ကာကွယ်ပေးတာ မဟုတ်ဘူး ပိုပို။ ငါ . . . ချစ်တာ။ ချစ်လို့ လက်ထပ်မှာ။ အဲဒါကို . . . နှင်. မှတ်ထား''

''နှင်သာ။ ငါ့ ချစ်သူ . . . ဆိုရင်၊ အခု ချက်ချင်း၊ နှင့် ရင်ဝ့ကို၊ ငါ . . . ဓားနဲ့ ထိုးသတ် ပစ်လိုက်ပြီ။ သိလား . . . မာယာ။

သူများကို၊ လက်ထပ်သွားလို့၊ မနာလိုစိတ် နဲ့၊ သတ်မှာ မဟုတ်ဘူး။ သူတစ်ပါး၊ သတ်တာကို၊ မမြင်ချင်, မကြားချင် . . . လို့၊ ကိုယ်တိုင်၊ သတ် ပစ်လိုက်ချင်တာ။

ဒါပေမဲ့ . . .။ နှင်က . . .၊ ငါ့ အချစ်ဆုံး၊ သူငယ်ချင်းမို့။ သေဒဏ်က,နေ လွှတ်ပေးလိုက် မယ်။



မနာတတ်တဲ့ အသည်း

ငါ . . . တစ်ခုပဲ ပြောခဲ့မယ် . . . မာယာ။ မိုးနိုး ဇီဇ, ဆိုတာ။ ကွယ်ပျောက်ခဲ့တယ်။

မြသက်ထားနဲ့ ပတ်သက်ပြီး၊ နှင် . . . ဒုက္ခ ဖြစ်ပြီ . . . ဆိုတာနဲ့၊ နှင် . . ., ငါ့ဆီကို လာပြီး နှင် ပြောတာ သိပ်မှန်တာပဲ . . . လို့၊ ဝန်ခံပေး''

''နှင် . . . သူ့ ကိုယ်ရေးကိုယ်တာကို၊ စုံစမ်း နေတာ၊ မဟုတ်လား''

''ငါ . . . ဘာပြောပြော။ နှင်, လက်ခံမှာ မဟုတ်တဲ့ အချိန်မှာ၊ ငါ . . . ဘာမှ၊ မပြောတော့ ဘူး . . . မာယာ။

ချောက်ထဲကျမယ့်လူဟာ၊ ချောက်ရှိတဲ့ နေရာကိုပဲ သွားတယ်။

သတိ မပါတဲ့၊ တနာစိတ်ဟာ၊ ဇော်ကားမယ့် သူ့အတွက်၊ အခွင့်အရေးပဲ။

နှင့်ကို၊ ငါ . . . နှုတ်ဆက်ခဲ့တယ် . . . မာယာ။ နှင် . . . ဘယ်လို အတွေ့အကြုံနဲ့၊ ဘာကိုပဲ၊ ဆုံး ဖြတ် . . . ဆုံးဖြတ်။ ဘယ်လောက် အရည်အချင်း ရှိရှိ။ မိန်းမချင်းသာ၊ သိတဲ့ . . . တာန်ကို၊ နှင်,



www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်မှာ မဟုတ်ဘူး''

''ပိုပို။ ငါ ... သူ့ကို။ တကယ် ... ချစ်တော့မှာပါ။ ငါ, ပေးဆပ်လိုစိတ်နဲ့ ...''

''မင်းလေ့မှောလည်း၊ မဆယ်နဲ့။ ခြေနှစ်ချောင်းလည်း မကယ်နဲ့ ... တဲ့။ ငါ ... ကြားဖူးတာ ဒါပဲ''

❑

''သူ ... နေချင်သလို နေခဲ့တဲ့ မိန်းကလေး ... တဲ့။ ပတ်ဝန်းကျင်က၊ မိမနိုင်, ဘ,မနိုင် ... လို့ အသမှတ်ခံထားရတဲ့ မိန်းကလေး ... တဲ့။ ငါ့ကို၊ အဲဒါပဲ ... ပြောသွားတယ်။

ပိုပို ... သေသေချာချာတော့၊ စုံစမ်းထားပုံပဲကွ''

''အင်းလေ။ သူ ... ငါ့အတွက် စိုးရိမ်ပြီး စုံစမ်းတာ နေ့မှာပေ့ါ။

ငါက,လည်း၊ ငါ့ စေတနာနဲ့ ... ငါ၊





မြသက်ထားအပေါ်၊ စေတနာတွေ ... အကုန်၊ ပုံလိုက်တော့ မယ် ... လို့၊ ဆုံးဖြတ်ပြီးပြီ။

မင်းရော ...၊ ငါ့ကို၊ ဘာ ... ဝေဖန်ဦးမလဲ ... ဇော်ဇ''

''မိန်းကလေးတွေအကြောင်း၊ မင်းက၊ ငါ့ထက် ပိုသိတဲ့သူပဲ။

ငါ ... မဝေဖန်တော့ဘူး။ တစ်ခုတော့ ရှိတယ်။ မင်း နေရာမှာ၊ ငါ ... သာဆိုရင်တော့၊ အလွယ်တကူ မဆုံးဖြတ်ဘဲ၊ သေသေချာချာ၊ လေ့လာစုံစမ်းဦးမှာပဲ။

တစ်သက်လုံး လက်တွဲမယ့် သူဟာ၊ အနည်းဆုံး၊ လိမ်တတ် ညာတတ်သလား ဆိုတာလောက်တော့၊ သိထားဖို့ လိုမယ် ထင်တယ်လေ''

''သူ ... ဘာဖြစ်ဖြစ်။ ငါ ... ချစ်မယ် ဆိုပါတော့ကွာ''

''အင်း ...။ မင်း ... ဆုံးဖြတ်ပြီးသား ဖြစ်နေပြီပဲ''

''ငါ့ဘာသာ၊ စိတ်ထဲက၊ ဆုံးဖြတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မြသက်ထားကိုတော့၊ ဘယ်ပြောဦးမလဲ။

သူကိုယ်တိုင်၊ ငါ့ကို ... လက်တွဲဖို့ မတွဲဖို့၊ သူ ... အချိန် ယူပေ့စေ။

ငါ ... ဘာမှ မပြောဘဲ၊ ပုံပိုးနေရုံပဲ။ နေနေဦးမှာပါ''

''သူ့ကို ...၊ ဖွင့်ပြောမထားဘူးပေါ့။ ဟုတ်လား''

''အင်း ...။ မပြောဘူး။ သူ ... မနှစ်သက်လို့၊ တခြားသွားမယ်ဆိုလည်း၊ သွားလို့ ရအောင်၊ သူ ဖြစ်ချင်တာ၊ ငါ ... ပံ့ပိုးရင်း။ ဒီလိုပဲ၊ နေနေဦးမယ်''

''မင်း ... ချက်ချင်း။ ယူမယ် ... လို့ ပိုပို့ကတော့၊ ထင်သွားပြီ''

''ထင်အောင်၊ ငါ ... ပြောလိုက်တာ။ သူ ... နိုင်ငံခြားမှာ၊ အလုပ်၊ သွားလုပ်မယ် ... ပြောတယ်။ ငါ့ကို နှုတ်ဆက်သွားတယ်''

''မင်းကြောင့်၊ အသည်းကွဲသွားတာ နေမှာပေါ့''



မနာတတ်တဲ့ အသည်း

''မဟုတ်လောက်ပါဘူး''

''...။ ...

... ...''

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"ရော့။ ဒါ ... သော့တွေ။ ဒီ ... ဗီရိုထဲမှာ၊ ငွေတွေ ရှိတယ်။ နင်, လိုရင်၊ ယူသုံး။ အားမနာနဲ့။

အမေ့ကိုတော့၊ ငါ ... ရှင်းပြပြီးပြီ။ နင့်ကို၊ အမေ၊ လာ ဆူတော့မှာ မဟုတ်ဘူး။

တပူးတွဲတွဲ သွားလာတဲ့အတွက်၊ ငါ့ကို၊ နင့်ကို၊ ဝန်းကျင်က,တော့၊ ဝေဖန်နိုင်တယ်၊ နင် ... ခံနိုင်ရည် မရှိရင်၊ ပြော။ ငါ ... တခြားနည်း၊ စဉ်းစားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ...ဦးမာ။ ကျွန်မ, ခံနိုင်ရည် ရှိပါတယ်။ မိဘ,မဲ့သလို၊ ဖြစ်နေခဲ့ရတဲ့၊ ကျွန်မ, အတွက်၊ ဘာကိုမှ, မမှုပါဘူး။

ဦးမာ ...အခုလို ကူညီတာကိုတောင်၊ အားလည်း နာတယ်။ ကျေးဇူးလည်း၊ တင်ပါတယ်"

"ငါက ...ခပ်ငယ်ငယ်မှာ၊ အဖေ ...အနေ အထိုင် မှားခဲ့တာကို၊ ခံစားဖူးခဲ့သလို။ ဘဝ ...ကိုလည်း၊ ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းခဲ့ရတဲ့ အတွက်။ တစ်ခါတစ်ရံမှာ၊ ငါ ...စကားပြော ကြမ်းနိုင်တယ်။ ဆူတာ ငေါက်တာ ရှိနိုင်တယ်။

အထူးသဖြင့်၊ အလုပ်နဲ့ ပတ်သက်ရင်၊ အပ် တစ်ဖျားစာတောင်၊ အမှား မခံဘူး။

နင် ...စိတ်ကျဉ်းကျပ်ရင်၊ ကျဉ်းကျပ်တဲ့ အလျောက်၊ ဆုံးဖြတ်လို့ရအောင်၊ ငါ ...ကြိုပြော ထားတာ"

"ကျွန်မ ...၊ ဦးမာ နားက၊ ဘယ်မှ မသွားပါဘူး။ ဒီမှာ ...လုံခြုံတယ် ...လို့၊ ကျွန်မ ... ယုံကြည်ပါတယ်"





"စကားကို၊ အကုန်မပြောနဲ့ မြသက်ထား။ စိတ်ဆိုတာ၊ အမြဲ ပြောင်းနေတတ်တယ်"

"ကျွန်မ ...တကယ်ပြောတာပါ။ ကျွန်မ, အပေါ်၊ ဦးမာလောက်၊ ဘယ်သူမှ၊ မကောင်းဖူးပါဘူး"

"ငါ ...နင့်အပေါ်၊ ဘာမှ၊ မကောင်းရသေးဘူး။

နင့်ကို၊ ဘယ်လို ...ပံ့ပိုးချပေးရမလဲ ဆိုတာတောင်၊ မစဉ်းစားရသေးဘူး။

လောလောဆယ်၊ တိုနံ့နံ့တွေ၊ မပေါ့တပေါ်တွေ ...ဝတ်တာ။ ငါ ...မကြိုက်ဘူး။

နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ။ ဘာသာတရားနဲ့ နေထိုင်တာ၊ ငါ ...ကြိုက်တယ်။ လောလောဆယ်၊ ငါ ...အကြံပေးတတ်တာ ဒီလောက်ပဲ"

"ကျွန်မ ...ပြင်ပါ့မယ်"

"နင်က၊ ငါ့ရဲ့ လခစား၊ အလုပ်သမား မဟုတ်ဘူး။ တပည့်တပန်း မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အကူအညီပေးနေတဲ့ သူ။ ငွေကို၊ နင် ... လိုသလို၊ ယူသုံးခွင့် ရှိတယ်။ ငါ ... စာရင်း မစစ်ဘူး။

ကိုယ့်ကိုယ်ကိုယ်၊ အားကိုးနိုင်တဲ့ မိန်းမသား ဖြစ်အောင်။ ကြိုးစား။

ယောကျ်ားယူမှ၊ ဘဝ ... တိုးတက်မယ် ထင်တဲ့။ လင်မျှော်စီးပွားရေး စီမံကိန်းသမား တွေထဲမှာ၊ နင် ... မပါစေနဲ့။

အချိန်လုနိုင်ရင်၊ ကျောင်းတက်ဖို့လည်း စဉ်းစား။ အနည်းဆုံး ... အဝေးသင် ပြောင်းတက်"

"ဟုတ်ကဲ့။ ကျွန်မ၊ အားလုံး၊ လိုက်နာချင် မယ်။ ကျောင်းတော့၊ မတက်ချင်သေးဘူး။

ဦးမာရဲ့အလုပ်ကိုပဲ၊ သေသေချာချာ ကူညီ ချင်သေးတယ်"

"ဘွဲ့တစ်ခုလောက်တော့၊ ရအောင် ယူ"

"ဟုတ်ကဲ့ပါ။ ဒါနဲ့ ...။ ဦးမာ။ စိတ်မဆိုး ပါနဲ့။ တစ်ခုလောက်၊ မေးချင်တယ်"

"မေး"





"မပိုပိုနဲ့၊ ပြတ်သွားပြီလား"

"သူက၊ ငါ့ရည်းစားမှ မဟုတ်တာ"

"ရည်းစားလို့၊ ဦးမာ ပြောတယ်လေ"

"တမင် ... ပြောတာ"

"တခြား ရည်းစားတွေရော"

"အကုန်ဖြတ်ပစ်လိုက်ပြီ"

"ဘာဖြစ်လို့"

"ငါ ... မပွေချင်တော့လို့။ ငါ ..., လူရည် သန့်၊ တကယ့်ဖြစ်ချင်သွားတယ်။

အဲဒါ ... နင့်ကျေးဇူးပဲ။ ငါ့ ကျေးဇူးရှင်ထဲ မှာ၊ နင်၊ ပါတယ် ... သက်ထား"

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

(မိန်းမ,တစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်၊ အတူနေ
တစ်ခုတည်းအတွက်၊ ငါ, နင့်ကို၊ လက်မထပ်ခဲ့ပါဘူး ...
က်ထား။

ငါ ..., လက်ထပ်တဲ့ ဖနီးတစ်ယောက်အနေနဲ့ ဘယ်လို
ာ်တတ်ရမယ်၊ ဘယ်လို အရှည်အသွေးနဲ့ ပြည့်မီရတယ် ... ဆို
အတိုင်းအတာမျိုးနဲ့လည်း။ နင့်အပေါ် ... ပုံသွင်း ဖန်တီးခဲ့တာ
တ်ဘူး ... သက်ထား။

နင့်နေရာမှာ၊ နင်, ဖြစ်နေတဲ့အတွက်၊ ငါ့ ရှိသမျှ ချစ်ခြင်း
နာအားလုံးနဲ့၊ ငါ ဉာဏ်မီသမျှ၊ နင့်ကို၊ ပုံပေးဖို့ ကြိုးစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။

ယောက်ျားကို၊ အားမကိုးနဲ့ . . . လို့၊ ငါ . . . တတွတ်

ပြောဆိုခဲ့တာ၊ ငါ့ကို အားမကိုးနဲ့ . . . လို့၊ ဆိုလိုချင်ခဲ့တာ၊ မ

ဘူး . . . သက်ထား။

ငါ့ကို အားမကိုးတော့မှ၊ နင် . . . ကိုယ့်အားကိုယ်ကိုး

မယ်။ နင် . . . , ကိုယ့်အား ကိုယ်ကိုးနိုင်စွမ်းကြီးတော့မှ၊ နင်

တစ်ယောက်တည်း ရပ်တည်နိုင်မယ်။

နင် . . . တစ်ယောက်တည်း၊ နင့် ခြေထောက်ပေါ်

. . . ရပ်တည်နိုင်ပြီဆိုတော့မှ၊ နင့်၊ မော့ကြည့်စေချင်တဲ့၊ နင့်

မျိုးတွေ၊ နင့်ကို (တကယ်) မော့ကြည့်နေကြတော့မှာပေါ့။

သဘောအရ၊ ငါ . . . , အရင်သေခဲ့ရရင်တောင်၊ နင် . . . ,

အစွမ်းအစနဲ့ . . . ကိုယ်၊ ကျန်ရစ်နေခဲ့စေချင်တဲ့၊ ငါ့ . . . စေ

ကို၊ နင် . . . အသိဆုံးပါ။

နင် . . . သတိကောင်းရင်၊ ပြန်စဉ်းစားကြည့်ပါဦး

သက်ထား။ နင် . . . , ငါ့ကို အားမကိုးနဲ့လို့၊ တစ်ခါမှ၊ မပြော

ဘူး။ ယောက်ျားကို အားမကိုးနဲ့၊ သူတစ်ပါးကို၊ အားမကိုးနဲ့

ငါ . . . ပြောခဲ့ဖူးတာပါ။





မညည်းသာရင်

မကြင်နာဘူး . . . လို့

ထင်တတ်ကြတာ . . .

နင်တို့

မိန်းကလေးတွေရဲ့

သဘာဝ,လား . . .

မြသက်ထား . . . ။

ကိုယ့်အားကိုယ်ကိုးချင်တဲ့ စိတ်ဓာတ်၊ နင့်မှာ သူတစ်ပါး

ထက်၊ ပိုရှိဖို့ လိုတယ် . . . လို့၊ ငါ . . . ယူဆ, ခဲ့တဲ့အတွက်၊ လမ်း

လျှောက်ရင်တောင်၊ နင့်ကို၊ ငါ . . . , လက်တွဲဖူးခဲ့လို့လား . . .

သက်ထား။

နင် . . . တွဲခဲ့သမျှ၊ ငါ . . . , ဆူကာ၊ ငေါက်ကာ၊ ပယ်ချ

ခဲ့တာပါ။ နင် . . . , အယုအယ ခံဖို့ထက်၊ မာကျောချွန်မြဖို့ လို

တယ် ဆိုတာ၊ နင့်ကိုယ်တိုင် . . . (တကယ်) မသိခဲ့တာလား။

နင် . . . သိတယ် ထင်ပြီး၊ ငါ . . . မာကျောကြမ်းရှပေးခဲ့

မိတာပါ သက်ထားရယ်။

မိဘ, ဘိုးဘွား, ဆွေမျိုး, သားချင်းတွေ အလယ်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



အကြွင်နာ အယုယ, မခံခဲ့ရတဲ့၊ ခပ်ငယ်ငယ် ကောင်မ,လေး တစ်ယောက်ကို၊ ကြင်နာယုယပြုရုံနဲ့၊ ဘဝ . . . အရည်အသွေး၊ ပြည့်ဝလုံခြုံသွားပြီ . . . လို့၊ နှင် . . . ၊ ယူဆ, ရွေးတိတ်သွားမှာကို၊ ငါ . . . မလိုလားဘူး။

ငါ့ ရင်ခွင်မှာ၊ အယုအယ ခံနေရုံနဲ့၊ နှင့် ဘဝ ကျောက်တုံးကျောက်ခဲ၊ အရောင် တောက်ပ, လာမှာ၊ မဟုတ်ဘူး။

နှင်ပဲ . . . ပြောခဲ့တယ်လေ။ ဆွေမျိုး အားလုံးက၊ မော့ကြည့်တာကို၊ ခံချင်ပါတယ် ဆို။ အမြင့်ကိုလည်း၊ တက်ချင်တယ်။ လေပြင်းတိုက်တာကိုလည်း၊ နှင် . . . မခံနိုင်ဘူး . . . ဆိုရင်၊ သက်ထားရယ် . . .

အစ,ကတည်းက၊ နှင် . . . , ငါ့ရဲ့၊ သာမန် ဇနီးမယားအဖြစ်နဲ့ပဲ၊ နေခဲ့ပါတော့လား။

ဘောလုံးကန်ချင်တယ် . . . ဆိုလို့၊ အခြေခံဖြစ်တဲ့၊ သက်လုံအတွက်၊ မောအောင် ပြေးခိုင်းလိုက်မိတဲ့၊ နည်းပြကို၊ စိတ်နာနေတဲ့၊ ဘောလုံးသမား ပေါက်စနလေးတွေလိုပါပဲ။ နှင်လည်း . . . မောအောင် ပြေးခိုင်းမိတဲ့ ငါ့ကို၊ စိတ်နာနေမှာ၊ သေချာလောက်ပါတယ်။

လက်ဝှေ့ထိုးနည်းကို၊ စားပွဲခုံပေါ်မှာပဲ၊ ဘော့ပင်လေးနဲ့





နေပြီး၊ သင်လို့ မရဘူး။ ဘယ်အရာ ဘယ်ကိစ္စပဲ၊ ဖြစ်ဖြစ်ပါ မြသက်ထားရယ်။

အလွယ်တကူ တိုးတက် ထွန်းပေါက် ချွန်မြတယ် . . . ဆိုတာ၊ မဖြစ်နိုင်တဲ့ ကိစ္စပါ။ ချွေး,မထွက်ဘဲ၊ အထွတ်အထိပ်ကို၊ ဘယ်သူ . . . ရောက်ခဲ့ဖူး . . . လို့လဲ။

ချိုချိုသာသာ၊ ပြောဆိုဖို့ လိုတယ် . . . ဆိုတာတော့၊ ငါ . . . သိတာပေါ့။ ဒါပေမဲ့ . . . ငါ, ဝန်ခံမယ် မြသက်ထား။

ငါ,တောင်၊ မစားဘူးတဲ့ အချိုသကာကို၊ နှင့်ကို၊ ငါ . . . ဘယ်လိုမှ၊ ကျွေးတတ်မှာ မဟုတ်ဘူးလေ။

ငါ . . . ငယ်ငယ်ကတည်းက၊ မိဘ, ဆွေမျိုး, အသိုင်းအဝိုင်း၊ ဘယ်သူ့ဆီက,မှ၊ စကားချိုသာလေး တစ်ခွန်းတောင်၊ မကြားဖူးခဲ့ပါဘူး။

မိဘ,ကို၊ စိတ်မနာကောင်းလို့သာ၊ ငါ . . . စိတ်မနာခဲ့တာပါ။

ငါတောင်၊ ချိုသာဖို့ အချိန်မရမှတော့၊ နှင်, ငါ့ဆီက၊ အချိုသာလေးတွေ . . . မျှော်နေခဲ့တာ ဆိုရင်တော့၊ နှင် . . . , လူရွေးမှားခဲ့တာပဲ . . . မြသက်ထား။)

❑



www.burmeseclassic.com

www.burmeseclassic.com



"နင် ...။ ဘဝကို၊ သေသေချာချာ၊ တိုးတက် အောင်မြင်ချင်တယ် ... ဆိုတာ၊ သေချာလား"

"သေချာပါတယ်"

"ဘယ်အလုပ်ကို၊ လုပ်ချင် ... လုပ်ချင်၊ လူတစ်ယောက်ကို၊ ဘာက ... ဦးဆောင်သလဲ။ နင် ... သိသလောက် ပြော"

"စိတ်က ... ဦးဆောင်တယ် ... တဲ့"

"အဲဒါကိုရော ...။ တကယ် ယုံရဲ့လား"

"ဟိုတုန်းက,တော့၊ ယုံတာ, မယုံတာ မသိဘူး။ ယုံရကောင်းမှန်းလည်း၊ မသိဘူး။

ဦးမာ ... ပြောပြောနေမှ၊ သိတာ။ ဦးမာကို ယုံတဲ့အတွက်၊ ဦးမာ ... ရဲ့၊ စကားတိုင်းကို၊ ယုံတယ်"

"စိတ်က၊ အဓိက,လို့ ငါ ... ယုံကြည်ထားတဲ့အတွက်၊ အဓိက,ကျတဲ့ စိတ်ထဲကို၊ ငါ ... ဘယ်





ထိနိုက်စရာမှ၊ မထည့်ဘူး။

ထိနိုက်စရာ၊ ကြုံပြီဆိုရင်လည်း ...၊ ဒါ ..., ငါ ကျူးလွန်ခဲ့ဖူးတဲ့ ... အတိတ်ဘဝ ... တစ်ခုခုက။ အတိတ်ကာလ, တစ်ခုခုက၊ ငါ့ရဲ့ ... ကိုယ်ပိုင်ကံ၊ ငါ ... ပြန်ခံရ တယ်ပဲ၊ နှလုံးသွင်းပြီး၊ အေးအေးဆောင်နေတယ်။

အေးအေးဆောင်နေတဲ့ နည်း။ နင် ... သိတယ် မဟုတ်လား"

"ဟုတ်ကဲ့။ ဒါန, သီလ, ဘာဝနာ၊ နေ့စဉ် ပြုနေရမှာပါ"

"ကိုယ် ... ဉာဏ်မီသလောက်၊ လုပ်နေရမှာပေါ့။ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"နင့် ... စိတ်ထဲ၊ နှလုံးသားထဲမှာ၊ နင့်စိတ်ကိုပဲ၊ ထိနိုက် ညစ်ပတ်နေစေတဲ့ ... အညစ်အပတ် ရှိနေတယ် ... လို့၊ ငါ မြင်တယ်။ အဲဒါ ... ဘာလဲ။ နင် ... ကိုယ့်စိတ်ကိုယ် သိလား"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နှင့် . . . ဘဝမှာ၊ အမုန်းဆုံးလူတွေကို ပြောပြစမ်း"

"အဖေနဲ့အမေ။ အထူးသဖြင့်၊ အမေ နောက်ပြီး . . . ကျွန်မ ့ကို၊ နှိမ်ခဲ့ကြတဲ့ . . . အဘွား နဲ့ ဆွေမျိုးတွေ"

"အေး။ အဲဒီလူတွေဟာ၊ နှင် . . . တွေးမိတိုင်း၊ နှင့်စိတ်ထဲမှာ၊ ရှိနေကြတယ် မဟုတ်လား"

"ရှိတယ်။

အချိန်တိုင်း လိုလိုပဲ"

"အဲဒါ . . . စိတ်ကို၊ အေးစေသလား။ ပူစေသလား"

"ပူစေတာပေါ့"

"စိတ်ကို၊ သန့်စေသလား။ ညစ်ပတ်စေသလား"

"ညစ်ပတ်စေမှန်းတော့၊ ကျွန်မ သိပါတယ်။ ဒါပေမဲ့ . . .၊ အဖေနဲ့အမေ ကွဲတာ။ ကျေနပ်နေကြတဲ့ လူတွေကိုရော၊ ကျွန်မ ့ကို နှိမ်ခဲ့တဲ့၊ လူတွေကိုရော၊ ကျွန်မ မကျေနပ်ဘူး"





"နှင့် မိသားစု။ ပြိုကွဲအောင်၊ လုပ်တဲ့၊ တရားခံ . . . ဘယ်သူပဲဖြစ်ဖြစ်။ အဲဒီ တရားခံကို၊ ငါ . . . ရှာပေးနိုင်ရင်။ နှင် . . . အဲဒီ တရားခံကို၊ နှင် . . . ဘာလုပ်မလဲ"

"သတ်ပစ်ချင်တယ်။ မီးပါ တိုက်ပစ်လိုက်ချင်တယ်။ အားလုံးကို။

နှင့်အဖေက . . . ငပွေပဲလို့၊ ပြောတဲ့သူတွေကိုရော။ နှင့် အမေက၊ အရှက်မရှိဘူးလို့ ပြောတဲ့၊ လူတွေကိုရော . . .။

အမိမဲ့, အဖမဲ့ . . . လို့၊ ပြောတဲ့ သူတွေကိုရော . . .။ အားလုံးကို၊ မီးတင်ရှို့ပစ်လိုက်ချင်တယ်။

အမေ . . . ထွက်သွားသွားချင်း၊ နေ့တွေမှာ၊ ကျွန်မ . . . အမေ ပုံရက်တဲ့၊ အပြုအမူကို၊ တွေး တွေးနေတာ။ ဘယ်သူ့ကိုမှ၊ စကား မပြောဘူး။

ဒါကို၊ မကြားတကြားနဲ့၊ မြသက်ထား၊ ရူး သွားပြီ ဆိုပြီး၊ ရယ်စရာ လုပ်တဲ့သူတွေလည်း၊ ရှိ ခဲ့တယ် . . . ဦးမာ"

"ကိစ္စတိုင်းမှာ၊ အကြောင်းဆိုတာ ရှိတယ်

www.burmeseclassic.com



. . . သက်ထား။ အမှု ပြဿနာတိုင်းမှာလည်း မူလ၊ တရားခံဆိုတာ ရှိတယ်။

အဲဒါကို၊ နင် . . . လက်ခံချင်ရဲ့လား''

''လက်ခံပါတယ်''

''ဒါဆို။ နင့် . . . မိသားစု ပြိုကွဲအောင်၊ ဘယ်သူ လုပ်တယ် . . . လို့၊ ထင်လဲ''

''မသိဘူး။ အဖေ့အပြစ်လည်း ပါတယ်။ အမေ့ အပြစ်လည်း . . . ကြီးတယ်။

နင့် ယောက်ျားက၊ ဘယ်လို . . . ဘယ်ဝါ၊ ပြောတဲ့ သူတွေရဲ့၊ သွေးထိုးမှုလည်း၊ ပါတယ်။

ဒါကို၊ ကံကြောင့်ပဲ . . . လို့ နှလုံးသွင်းကြည့်ချင်ပေမဲ့။ ကျွန်မ၊ ဘယ်ကံကို၊ ကျူးလွန်ခဲ့လို့လဲ။

ညာတာမဟုတ်ဘူးပဲ ပြောပြော။ ကျွန်မ . . . ကံကို မယုံကြည်ချင်တော့ဘူး။ မိသားစုထဲမှာ၊ ကျွန်မ၊ အေးအေးလေး၊ နေခဲ့တာပါ။ ဒါပေမဲ့၊ အလောင်မြိုက်ဆုံး၊ ဖြစ်ခဲ့ရတာ။ အခု . . . အချိန်အထိပဲ''

''ငါ . . . တရားခံ ရှာပေးမယ်နော်''

''ဟုတ်ကဲ့''





''ငါက . . . အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီး၊ မဟုတ်တဲ့ အတွက်။ ကွင်းခနဲ ကွက်ခနဲတော့၊ လက်ညှိုးထိုး မပြတတ်ဘူး။ ခန့်မှန်းခြေပေါ့ဟာ။ . . . နော်''

''ဟုတ်ကဲ့''

''မိုးပေါ်က ကြယ်တွေ အားလုံးကို၊ အဲဒီ ကြယ်အားလုံးရဲ့ အရည်အတွက်နဲ့ မြှောက်လို့ ရတဲ့၊ ရလာဒ်ထက်တောင်မှ၊ ငါတို့ . . . နင်တို့ရဲ့၊ အတိတ်ဘဝ . . . သံသရာ ရှည်လျားခဲ့ကြတယ်။ ဘဝ . . . ခန္ဓာ ပုံစံ အမျိုးမျိုးနဲ့ပေါ့။

အဲဒါကိုရော . . . ၊ လက်ခံချင်ရဲ့လား''

''လက်ခံပါတယ်''

''ရေလည်း ကျခဲ့တယ်။ နတ်လည်း ဖြစ်ခဲ့တယ်။ တိရစ္ဆာန်လည်း . . . ဖြစ်ခဲ့တယ်။ ကျန်တဲ့ အပါယ်ဘဝ . . . တွေလည်း၊ ကျင်လည်ခဲ့ကြရတယ်။

လူ . . . ဘဝလည်း အကြိမ်ကြိမ် ရခဲ့ကြတယ်။ အဲ . . . လူ့ဘဝ၊ တစ်ခါ တစ်ခါ၊ ပြန်ရပြီတော့၊ ခဲယဉ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့လို ရခဲ့တဲ့ . . . လူ့ဘဝ။ နှင် . . . မမှတ်မိနိုင်တဲ့၊ ဘဝ . . . တစ်ခုခုတုန်းက၊ နှင်က . . . နွားကျောင်းသားလေး ဖြစ်ခဲ့တယ် ဆိုပါတော့။

အဲဒီ့ နွားကျောင်းသားလေးက၊ ငှက်ပေါက်လေး နှစ်ကောင်ကို၊ လှလို့၊ ချစ်လို့၊ သူ့အသိုက်ထဲကနေ၊ အိမ်ကို၊ ယူလာခဲ့တယ်၊ ဆိုပါတော့။

အဲဒီ့ ငှက်ကလေးနှစ်ကောင်ရဲ့၊ မိခင် . . . ဖခင်၊ ငှက်ဖို ငှက်မ။ အသိုက်ကို ပြန်ရောက်တဲ့အခါ၊ သူ့သားသမီးလေးတွေကို၊ မမြင်တွေ့ရတော့ရင်။ သူတို့ . . . ဘယ်လိုခံစားကြရမလဲ။

ငှက်ကလေး နှစ်ကောင်က,ရော၊ နွားကျောင်းသားလေးရဲ့၊ အိမ်က . . . လှောင်အိမ်ထဲက,နေ သူတို့ရဲ့ အဖေနဲ့ အမေကို၊ မြင်ခွင့်မရတဲ့အခါ ဘယ်လို . . . ခံစားကြရမလဲ။ နှင် . . . စဉ်းစားကြည့်စမ်း''

''ရှင်''

''အဲဒီ့ . . . နွားကျောင်းသား ဘဝတုန်းက၊ အဲဒီ့ . . .၊ ငှက်မိသားစုအပေါ်၊ နှင် . . . ပြုခဲ့တဲ့





ကံ။ တိတိကျကျ ပြောရရင်၊ နှင်ပြုခဲ့တဲ့ အ,ကုသိုလ်ကံ။

အဲဒီကံက၊ အခု . . . မြသက်ထားဆိုတဲ့၊ လူ့ဘဝမှာ၊ လာပြီး . . . အကျိုးပေးမယ် ဆိုရင်ရော။ နှင့် မိသားစု၊ နှင့်အမိ, နှင့် . . . အဖနဲ့။ နှင် . . . ဘယ်လိုတွေ ဖြစ်မလဲ''

မျက်လုံးလေး ဝိုင်းသွား၏။

''ဒါဆို . . .၊ ကျွန်မ . . .။ တရားခံက . . . ကျွန်မ,ပေါ့။ ဟုတ်လား . . . ဦးမာ''

''ငါ . . . ခန့်မှန်းပြတာပါ။ သက်ထား။ သေသေချာချာ မသိပါဘူး။

တိတိကျကျ ပြောတတ်တာတစ်ခုတော့ ရှိတယ်။ ဘယ်သူမဆို။ ကိုယ် ပြုမူခဲ့တဲ့ . . . ကံ၊ ကိုယ်ပဲ။ ခံရတယ် . . . ဆိုတာပဲ''

''သြော် . . .။ ကြောက်စရာကြီးပါလား။ ကျွန်မ . . . အဲဒီလို၊ တစ်ခါမှ၊ မတွေးခဲ့မိဘူး။

ဒါဆို၊ ဟိုလူ့ကြောင့် . . . ဒီလူ့ကြောင့်၊ အဖေကြောင့် . . . အမေ့ကြောင့်၊ ဆိုတာတွေက၊ စွပ်စွဲ



www.burmeseclassic.com

www.burmeseclassic.com



သင့်တဲ့ ကိစ္စတွေပေါ့''

''ဒါပေါ့။ ပစ္စုပ္ပန်ဘဝမှာပဲ ... ဖြစ်ဖြစ်။ အတိတ်ဘဝတုန်းက,ပဲ ဖြစ်ဖြစ်။

နှင် ... ပြုခဲ့တဲ့၊ နှင် ... ပြုတဲ့၊ ကံ အတိုင်းပဲ။ နှင့် ... ဘဝ ဖြစ်ရတာ။

ငါ ... ဉာဏ်မီသလောက်က,တော့၊ အဲဲ ... သက်ထား။ နှင် ... တရားခံတွေ့ပြီလား''

''တွေ့ပါပြီ ... ဦးမာ။ ဦးမာကို၊ ကျေးဇူးတင်လိုက်တာ''

''ကျေးဇူးမတင်နဲ့ဦး။ အ,ကုသိုလ်ပေါင်းများစွာထဲမှာ၊ အမိ ... အဘကို၊ စိတ် ငြိုငြင်နေတာ၊ အကြီးမားဆုံး၊ အ,ကုသိုလ်ပဲ။ ဘယ်လိုမိဘမျိုးကိုပဲ၊ ဖြစ်ဖြစ်၊ မျက်တောင် တစ်ခပ်စာတောင်၊ စိတ်မဆိုးရဘူး။

ဂဏန်းသင်္ချာနဲ့ တွက်လို့ မရနိုင်လောက်တဲ့၊ အ,ကုသိုလ် အရှိန်အဟုန်တွေ၊ ကိန်းတတ်တယ်။ အများကြီး၊ အနန္တ၊ အသင်္ချေ ... ကိန်းမှာ။

နှင့် ... အမေသာ၊ နှင့်တို့ကို စိတ်ထဲမရှိရင်၊





သူ့မိဘ, အိမ်ကို၊ အကြောင်းကြားခဲ့ပါ့မလား။ နှင်တို့မောင်နှမ,နှစ်ယောက်ကို၊ ရင်ခွင်ပိုက်, လက်က,ဆွဲပြီး၊ နှင့်အဖေနဲ့ ဝေးရာကို၊ ခေါ်သွားချင်မှာပေါ့။

ကိုယ် ... မချိ အမိတော်လည်း။ သား ... တော်ခဲတဲ့။ နှင်တို့မောင်နှမ,ကို၊ ခေါ်ဖို့ အခက်အခဲရှိလို့၊ ကိုယ်လွတ်ရုန်းသွားရတာ၊ နေမှာပေါ့။

အဖေ ... လည်း၊ ဒီအတိုင်းပဲ။ အရက်မူးတဲ့အချိန်၊ သမီးမုန်းတောင် မသိတတ်လောက်အောင်၊ သတိလွတ်တာ, သူ့ ... အပိုင်း။

နှင် ... နို့ရှိအရွယ်လောက်မှာတော့၊ နှင် ... နေထိုင်မကောင်းရင်၊ တစ်ခါလောက်တော့၊ ပြုစုဖူးခဲ့မှာပါ။

မမုန်းသင့်တဲ့ အမိအဖ,ကိုလည်း၊ မုန်း။ မထားသင့်တဲ့၊ အငြိုးအတေးတွေလည်း၊ တခြားလူတွေဆီမှာ ... ထား။ ကြာတော့၊ နှင့်စိတ် ... ဘယ်အေးချမ်းပါ့မလဲ။

ဘယ်လို တန်ခိုးမျိုးတွေ ... နှင့်စိတ်ထဲ ရှိနိုင်ပါ့မလဲ။ အတိတ်ဘဝ ... ဘဝတွေက,လည်း



www.burmeseclassic.com

www.burmeseclassic.com



များ။ ပစ္စုပ္ပန်ဘဝမှာလည်း ကိုယ့်အခြေအနေကို ကိုယ့်ဘာသာ . . . မနှစ်မြို့လို့ ခံယူမှု . . . များ။ အ,ကုသိုလ်တွေ ပိုများလာတတ်တယ် . . . သက်ထား။

အ,ကုသိုလ်များမှတော့ ဘယ် . . . ငြိမ်းချမ်းပါတော့မလဲ။

သူတစ်ပါးကို အပြစ်တင်တဲ့သူဟာ ကိုယ့်ရဲ့ . . . ၊ မူလ,ကံကို မမြင်တတ်လို့ပဲ။

ငါသာ . . . ဆိုရင်တော့ ငါကိုယ်က . . . မကောင်းတဲ့ ကံ၊ ပြုခဲ့လို့ မကောင်းတဲ့ အမိအဖနဲ့ တွေ့ရတာပဲ . . . လို့ နှလုံးသွင်းပြီး ကိုယ် ဉာဏ်မီသလောက် ကောင်းအောင်ပဲ နေပစ်လိုက်တော့မယ် . . . သက်ထား။ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘူး''

''တရားခံက၊ ကျွန်မပါ။ ဟုတ်တယ် . . . ကျွန်မပဲ''

''တရားခံကို . . . သတ်မယ်ဆို''

''ဟုတ်တယ်။ သတ်သေချင်တယ်''

''သတ်သေတာ၊ တကယ့် နည်းစနစ်အမှန်

မှ မဟုတ်ဘဲ။

အတိတ်က . . . မကောင်း။ ပစ္စုပ္ပန်မကောင်း။ ဒါကို . . . ရင်မဆိုင်ချင်လို့ သတ်သေ။ နောက်ထပ် . . . ကောင်းစရာ ဘယ် . . . လာပါ့မလဲ။

အရင်က၊ မကောင်း။ အခုက၊ စ,ပြီးကောင်း။

အဲဒီလိုဆိုရင်၊ မကောင်းမှုကံ . . . ကုန်သွားနိုင်တဲ့အပြင်။ ပစ္စုပ္ပန်ဘဝလည်း ကောင်းသွားနိုင်တာပဲ။

မကောင်းကံ သိပ်များလွန်းလို့ ဒီ . . . ဘဝ,နှလန်မထူနိုင်တော့ရင်တောင်၊ ကောင်းကံတွေနဲ့ပဲ နေသွားခဲ့ရင်၊ နောက်တစ်ခါ၊ မကောင်းစရာ . . . ဘာမှ မရှိတော့ဘူး။

ဘယ်နှယ့်လဲ။ သတ်သေမှာလား။ ကောင်းတဲ့ စိတ်မွေးပြီး မသေခင်, ကောင်းတာတွေ လုပ်မှာလား''

မျက်ရည်များ စို့ရွှဲစီးကျလျက် . . .

''ကျေးဇူး။ အရမ်းကျေးဇူးတင်ပါတယ် ဦးမာ။ ကျွန်မ . . . ဘာလုပ်ရမယ်ဆိုတာ၊ ကျွန်





www.burmeseclassic.com

www.burmeseclassic.com



. . . သိပါပြီ။

ဦးမာကို၊ ကျွန်မ . . . ကန်တော့ပါရစေ။

ဦးမာက၊ ကျွန်မ,ဘဝရဲ့၊ တကယ့် ကျေးဇူး

ရှင်ပါ။

ငရဲကျနေတဲ့၊ ကျွန်မ,ကို၊ ဆွဲတင်ပေးလိုက်

တာပါ။ ကျွန်မ, ကန်တော့ပါရစေ''

''. . . ။

. . . . . . ။ . . .''

''အေး။ ငါ . . . ဆု၊ သိပ်,မပေးတတ်ဘူး

ငါက . . . မိန်းကလေးဆို သိပ်,အထင်ကြီးတာ

မဟုတ်တော့။

ငါ . . . ပေးချင်တဲ့ ဆု၊ ပေးမယ်။ အဲဒီ

ငါက, မော့ကြည့်ရတဲ့ မိန်းကလေး ဖြစ်ပါစေ''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဦးမာ''

''အရေးကြီးတာ . . . ကျန်သေးတယ်

သက်ထား''

''ဘာများလဲ . . . ဦးမာ''

''အဖေနဲ့ အဆက်အသွယ်ပြန်ယူ။ အမေ့ကို





စုံစမ်း။

မိဘ, တွေကို၊ မမုန်းတော့တာအပြင်၊ ကျူး

လွန်မိတဲ့ စိတ်တွေအတွက်၊ ကန်တော့ရလိမ့်မယ်''

''အဖေက,တော့၊ လွယ်မှာပါ။ အမေက . . .

နိုင်ငံရပ်ခြားမှာ . . . ဆိုတော့ . . .''

''အဖေ့ကို၊ ကာယကံနဲ့ ကန်တော့ပေါ့။

အမေ့ကို၊ အာရုံပြုပြီး၊ ကန်တော့။

ရဟန်းစစ်စစ် တစ်ပါးဆီမှာ၊ ဝန်ချကန်တော့။

ပြီးတော့ . . . မေတ္တာပို့။ အဖေ့ကိုရော . . .

အမေ့ကိုရော . . . မေတ္တာပို့။

တခြား၊ ဘယ်သူ့ကိုမှလည်း မမုန်းနဲ့တော့။

အဖေ့ကို သနားစရာ . . . လို့ တွေး။ သူ

အနိုင်ကျင့်ခဲ့မိတဲ့၊ ဇနီးက၊ မထင်မှတ်တဲ့ ပုံစံနဲ့၊

တုံ့ပြန်တာကို၊ ခံရတဲ့အတွက်။

စိတ်, ပြင်းပြင်းထန်ထန်၊ ထိခိုက်သွားနိုင်တယ်

. . . လို့ တွေး။ အမေ့အပေါ်လည်း၊ ခွင့်လွှတ်စိတ်

. . . မွေး။ ဘယ်သူ့ကိုမှ၊ မမုန်းနဲ့တော့။

အမုန်းမရှိတဲ့ . . . စိတ်။ အ,ကုသိုလ် မကြီး



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ . . . စိတ်။

အဲဒီ့ စိတ်နဲ့မှ၊ ဘဝကို၊ ထူထောင်လို့ အဆင်ပြေတယ် . . . မြသက်ထား"

"ကျွန်မ . . . အစွမ်းကုန် ကြိုးစားပါ့မယ်။ ကျွန်မ, , ကတိပေးပါတယ်။

အဖေ့ကိုတော့၊ လောလောဆယ် မဆက်သွယ်ဝံ့သေးဘူး။ ကျွန်မ,ကို၊ တစ်ယောက်ယောက်နဲ့ ပေးစားမှာ စိုးလို့ပါ"

"အင်း . . . အချိန်ယူရမှာပေါ့။ အရေးကြီးတာက၊ စိတ်နဲ့ မပစ်မှားဖို့၊ မမုန်းဖို့ပါပဲ"

". . . ။ . . . ။

. . . . . ."

❑ ❑ ❑



(၁၆)

(ငါ့ရဲ့ . . . အဆူအပြော၊ အငေါက်အငမ်းတွေ အောက်မှာ၊ ဒီးတော့ . . . လူ့ဝန်းကျင်အလယ်မှာ၊ ငါနဲ့အတူ၊ နင် . . . ကြာကြာ ခနေနိုင်လောက်ဘူး . . . လို့၊ ငါ ထင်ခဲ့မိပေမဲ့၊ နင် . . . (၃) နှစ်ကျော်ကျော်၊ နေပြီး၊ ငါ့ ဖဝါးထပ်မျှ၊ နင် . . . အလုပ်တွေ၊ လုပ်နိုင်ခဲ့တဲ့အတွက်၊ ငါ . . . စိတ်ထဲက၊ ချီးကျူးခဲ့ပါတယ် . . . သက်ထား။

နေစရာမရှိလို့၊ ငါ့ အလုပ်ခန်းမှာ၊ ခိုကပ်နေတယ် . . . လို့၊ ငါ ဘယ်တုန်းကမှ၊ မတွေးခဲ့သလို၊ အဲဒီလို . . . ခိုကပ်မှီတွယ်ချင်တဲ့ . . . စိတ်၊ နင့်မှာ မရှိဘူး . . . လို့လည်း၊ ငါ . . . ယုံကြည်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ အရိပ်အောက်မှာ၊ ခြေစုံချနေတာဟာ၊ တခြား . . . နေရာမှာ၊ ခြေချစရာ မရှိသေးလို့၊ တွယ်ကပ်နေတာ မဟုတ်ဘဲ အပေါ် အားထားသက်ဝင်စိတ်နဲ့ နေထိုင်တာပဲ . . . လို့ ငါ . . . ကိုယ့်ကိုယ် အထင်တကြီးနဲ့၊ နှင့်အပေါ်၊ စိတ်ချ ယုံကြည်ခဲ့ပါတယ်

ငါ့ နောက်ဆုံးထွက်သက်ရဲ့ အနီးအပါးမှာ၊ နှင် . . . ယောက်တည်းပဲ၊ ရှိနေလိမ့်မယ် . . . ဆိုတဲ့အထိ၊ တွေးကြည့် သူပါ . . . သက်ထား။

နှင့် ခင်တွယ်မှုဟာ၊ သံယောဇဉ်သက်သက် မဟုတ် လည်း၊ ငါ . . . တွေးမြင်ဖူးခဲ့တယ်လေ။

ငါ့အပေါ် အားထားခင်တွယ်နေတဲ့၊ နှင့်အပေါ်၊ သာ သက်သက်နဲ့တော့၊ ငါလည်း၊ လက်မထပ်ရက်ပါဘူး။

မိဘ, . . . ဆိုတဲ့ ဥယျာဉ်မှူးကြီးတွေ၊ မရှိဘဲ၊ အလေ ပေါက်သလို ဖြစ်ခဲ့ရတဲ့၊ နှင့် ဗီဇ မျိုးစေ့ကို၊ နှင့်အား နှင်ကို ငွားငွားစွင့်စွင့်၊ မားမားဝင့်ဝင့်၊ ဖူးပွင့် ဝေဆာ၊ ထည်ဝါတဲ့အ သင်းပျံ့ ကြိုင်လှိုင်သွားအောင်။ တစ်တောလုံး တစ်တောင် မွှေးပျံ့သွား အောင်။ ငါ့ကိုယ် . . . ငါ, စောင့်ရှောက်သလို၊ ငါ့ကိုယ် အပင်ပန်း ခံခဲ့သလို၊ ငါ့ကိုယ်ငါ . . . မညှာတာခဲ့သလို၊ ထောင်ကျ (ဒေါင် ကျကျ)၊ ပြားကျကျ၊ လောကဓံကို ရင်ဆိုင် အနိုင်ယူခဲ့သလို





အပေါ်၊ ငါ . . . အင်အားတွေ, မေတ္တာတွေ, အချစ်တွေ . . . ပေး . . . လို့ နိုင်နိုင်မာမာ၊ ငါ . . . ဆုံးဖြတ်ခဲ့တယ် . . . သက်ထား။

ဒါပေမဲ့ . . . မြသက်ထားရေ . . .

လိမ္မော်သီးလောက်သာ ရှိခဲ့တဲ့ ဗီဇမျိုးစေ့ကို၊ ပန်းသီးဖြစ် အောင် ပျိုးထောင်လို့ မရဘူးဆိုတာ။

သံပရာသီး ဖြစ်မယ့် ဗီဇမျိုးစေ့ကို၊ ကမ္ဘလာသီးဖြစ်အောင် လို့မရဘူးဆိုတာ။ ငါ, . . . သိသိချည်းနဲ့ တမင် . . . မေ့ပစ်ထားခဲ့ ပါပဲ။

စေတနာနဲ့ ဆောင်ရွက်ရင်၊ အောင်မြင်ရမယ် . . . လို့, ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားခဲ့ပေမဲ့၊ လက်ပြတ်ပြီးသား လူတစ် ယောက်ကို၊ မူလ, ခန္ဓာဖြစ်လာစေချင်တဲ့ စေတနာက၊ အချည်းနှီး ဖြစ်တတ်တယ်ဆိုတာ၊ ငါ . . . ဆင်ခြင်မိချိန်မှာ၊ သြော် . . . ငါ, ကော်အတု လှလှလေးပဲ၊ ပေးခဲ့ရမှာပါလား . . . လို့၊ တွေးမိခဲ့ပြီ . . . သက်ထား။

အမေ,ကတော့၊ ငါ့ ဘဝ, တိုးတက်မှု ဖြစ်စဉ်တွေကို၊ ကြည့်ပြီး၊ ပြောဖူးပါတယ်။

"ဘုရင်ဖြစ်မယ့် သူက၊ သျှောင်ထုံးလေးနဲ့၊ သူတောင်းစား ဖြစ်မယ့်သူက၊ ခွက်စုတ်ကလေးနဲ့" . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မူလ, ဗီဇမှာကို၊ ကိန်းနေတဲ့၊ အ,ကုသိုလ်အပေါ်၊ ဘယ် ဉာဏ်တော်ရှင်ကမှ၊ အကြွင်းမဲ့၊ ကင်းပ,သွားအောင်၊ လုပ်မပေးနိုင်ဘူးဆိုတာ၊ ငါ . . . မေ့လျော့ခဲ့ပါတယ် . . . သက်ထား။

ကာယကံရှင်ရဲ့၊ မူလ "ကံ" အဟုန်၊ သိပ်, ပြင်းထန်နေရင်၊ ဘယ်သူမှ ဝင်ကယ်လို့ မရဘူးဆိုတာ၊ ငါ . . ., အသိ နောက်ကျခဲ့ပါတယ် . . . မြသက်ထား။

မျိုးရိုး, ဗီဇ, ပတ်ဝန်းကျင်၊ သုံးခုစလုံးထဲမှာ၊ နှင့်ကို ပုလောင်ဆင်းရဲစေခဲ့တာ၊ ပတ်ဝန်းကျင် . . . လို့ပဲ၊ ငါ . . . ယူဆ,ခဲ့မိတယ်လေ။

ဘယ်သူ မဆို၊ မျိုးရိုးကောင်း၊ ဗီဇကောင်း၊ ပတ်ဝန်းကျင်ကောင်း၊ သုံးခုညီမှ၊ တိုးတက် ထွန်းပ, ကြတယ်။ ဒါ့အပြင်၊ မျိုးရိုး . . . မကောင်းရင်တောင်၊ ဗီဇနဲ့ ပတ်ဝန်းကျင် ကောင်းတဲ့အခါ တိုးတက်နိုင်ကြတာပါပဲ။

မျိုးရိုးနဲ့ ပတ်ဝန်းကျင် မကောင်းခဲ့ရင်လည်း၊ ဗီဇ . . . သိပ်ကောင်းနေရင်၊ သူ့ဗီဇနဲ့ သူ . . . (သူ့ မူလ စရိုက်နဲ့ . . . သူ) တိုးတက်ထွန်းကားနိုင်ကြပါသေးတယ်။ အမေ ပြောတဲ့ . . . ဘုရင်ဖြစ်မယ့်သူက၊ သျှောင်ထုံးကလေးနဲ့၊ ဆိုသလို မျိုးပေါ့။

ဗီဇ . . . မကောင်းရင်တော့၊ ဘာက . . . ဘယ်လို ပိုင်းပြီး





ကောင်းကောင်း။ လက်လှမ်းမမီနိုင်တော့ဘူးပေါ့။

ငါက, ဉာဏ်မမီလေတော့ . . .၊ အနာဂတ်ကို၊ တိတိပပ, ကြိုမတွက်တတ်ဘူးပေါ့။

ကြိုတွက်ချက်နိုင်စွမ်း ရှိခဲ့မယ်ဆိုရင်လည်း၊ ငါ . . . လက်လှမ်းမီတဲ့အထိ၊ ငါ . . . အချိန်ရလောက်တဲ့အထိ၊ ငါ, နှင့်ကို၊ မြှင့်တင်ပေးခဲ့ချင်သူပါ . . . သက်ထား။)

❒

"ဦးမာက၊ တကယ်ကြီးကို၊ ရှည်းစားမထားတော့တာပဲကိုး။

ဦးမာမှာ၊ ရည်းစားတွေ မရှိတော့လို့၊ ကျွန်မ, က၊ ဦးမာ ဘေးနားမှာ၊ ကြာကြာနေဖြစ်တာ"

"နှင့် စကားက၊ ဘာစကားလဲ . . . မြသက်ထား"

"ဟွန်း။ ရည်းစားတွေ ရှိနေရင်။ သူတို့ ချစ်ချစ်ကြီး ဘေးနားမှာ၊ ကျွန်မ, ရှိနေတာ၊ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



. . . ကြိုက်မှာတဲ့လဲ"

"ငါ့ တကယ့်အခြေအနေကိုတောင်၊ နားမလည်တတ်တဲ့၊ ဘယ်ရည်းစားကိုမှ ငါ, အချိန်မပေးဘူး။

အဲဒါကြောင့် . . . ငါ, ဘယ်သူနဲ့မှ၊ မပတ်သက်တော့တာ။

ချစ်တယ် . . . ဘယ်လောက်ပြောပြော၊ သူတို့စိတ်ထဲ၊ မသက်ာရင်၊ စိတ်တိုင်းမကျရင်၊ မချစ်ကြတော့ဘူး။ အဲဒါ . . . ကိုယ့်ကိုယ်ကိုယ် ချစ်ကြတဲ့ . . . အချစ်တွေပဲ။

ကိုယ့်စိတ်တိုင်းမကျလို့၊ မချစ်တော့တာ။ အဲဒါ ကိုယ့်ကိုယ်ကိုယ် ချစ်ကြတာပဲ"

"ဦးမာ . . . ဘယ်ရည်းစားကို၊ အချစ်ဆုံးလဲဟင်"

"ငါ့ကိုယ် ငါတောင်၊ ချစ်လို့ မဝ,သေးဘူး။ ဘယ်သူ့ကို၊ အချစ်ဆုံးလို့၊ သတ်မှတ်နိုင်မှာလဲ။

ငါက . . . သုညနဲ့ ဘဝကို စ,ခဲ့ရတာ။ သူတို့က၊ အခုမှ . . . ချစ်တယ် . . . လာလုပ်လို့။ ဒီ





. . . သုညကြီးက၊ သူတို့ ဖင်ခုထိုင်ဖို့ တစ်ဖြစ်အောင် ကြိုးစားခဲ့တာ မဟုတ်ဘူး။

ငါ . . . ဒုက္ခရောက်နေတုန်းက၊ ဘယ်အနားရောက်နေမှန်း မသိတဲ့သူတွေက၊ အခု . . . ချစ်တယ် . . . လာပြောတာ။

လာ . . . လိမ်တာ၊ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်။ လာ . . . မက်မောတာ၊ ဖြစ်လိမ့်မယ်။

အဲဒီလို အမျိုးအစားတွေအတွက်၊ ငါ့ ပါးစပ်က, ပြောတဲ့၊ ချစ်တယ် . . . ဆိုတဲ့ စကားက။

ကိုယ်နဲ့ ကြော်ငြာတွဲရိုက်ဖို့၊ ကြော်ငြာပေးမယ့်သူကို၊ သုခုမ,ကြေး မေးတာလောက်တောင်။ မလေးနက်ဘူး"

"မပိုပိုက၊ ဦးမာကို၊ ချစ်ပုံရတယ် . . . သိလား။ ကျွန်မ . . . ဒီမှာ အမြဲရှိနေတဲ့ နောက်ပိုင်း . . . သူ . . . မလာတော့ဘူးလေ"

"နိုင်ငံခြား သွားနေတာပါဟာ။ ပေါက်ကရ မပြောစမ်းပါနဲ့"

"မပိုပိုက၊ ဦးမာ ရည်းစား . . . လို့ ဦးပေါ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလေ။ သူလာရင် . . . ၊ ပြန်ပေးရမယ်ဆို

တောင် ပါသေး''

''နှင် . . . မှတ်ထားသလား''

''မှတ်ထားတာ . . . ၊ မဟုတ်ဘူး၊ မမေ့

ကျွန်မ, အဲဒီတုန်းက . . . ၊ အရမ်း . . . ဝမ်းနည်း

တယ်။

ဦးမာအနားမှာ၊ နေခွင့်မရတော့မှာ၊

ကြောက်ခဲ့တာ''

''နှင် . . . ဘယ်သူ ဘယ်ဝါမှန်း မသိခင်

တမင်ပြောတာပါ . . . ဆို။ မေ့လိုက်တော့''

''ဟုတ်ကဲ့ပါ။ မေ့ထားပေမယ့်၊ ဦးမာ နှင်

တိုင်း၊ အဲဒါကို . . . ပြန်ပြန် သတိရမိတာ''

''ငါ . . . ဘယ်မှာ နှင်ချလို့လဲ''

''အလုပ် လုပ်ရင်း၊ ပြောတယ်လေ။

စည်းကမ်း မလိုက်နာနိုင်ရင်၊ ထွက်သွားဆိုတာ။

. . . နှင်တာပေါ့။

ကျွန်မက၊ ကျွန်မ,ကိုယ် ကျွန်မ၊ မိသား

ဘဝထဲက,နေ၊ နှင်ခဲ့တဲ့သူမို့၊ ကိုယ် သံယော





တဲ့သူ၊ ကိုယ် ရိုသေလေးစားရတဲ့သူ၊ ကိုယ် ချစ်တဲ့

သူက၊ နှင်လိုက်တိုင်း၊ ကျွန်မ, တကယ် ဘဝပျက်

မတတ် ခံစားရတယ်''

''ငါက၊ နှင့်ကို၊ ငါ့ထက် တော်စေချင်တာ

လေ'''

''ကျွန်မ, သိပါတယ်။ ဒါပေမဲ့ . . . တစ်ခါ

တလေ။

နှင်က . . . ဘာကောင်မ,မို့လို့လဲ။ ဆိုတာ

မျိုး။ ဦးမာက၊ မေးလိုက်ရင် . . . ကျွန်မ . . . ငိုချင်

တယ်''

''အေး . . . ငို။ နှင် . . . ဦးနှောက်မကောင်း

လို့၊ ငိုတာပေါ့။

နှင် . . . ဘာကောင်မ,မို့လို့လဲ . . . လို့၊

မေးတဲ့အခါ။ ကဲ . . . အခု . . . ဒေါသ, မပါဘဲ၊

မေးပါ့မယ်။

နှင် . . . , ဘာကောင်မ,လဲ . . . ပြော။ ဖြေ''

''ဘာကောင်မ,မှ၊ မဟုတ်ပါဘူး''

''မှတ်ထား။ ငါ . . . သေသွားရင်တောင်၊ နှင်



www.burmeseclassic.com

www.burmeseclassic.com



. . . , မသေမချင်း မှတ်ထား။

ဘာကောင်မ,မှ မဟုတ်ပါဘူး . . . ဆိုတဲ့ လူညံ့ဖြစ်မှာမိုးလို့ နင် . . . ဘာကောင်မှ,လဲ . . . လို့ ငါ . . . မေးမေးနေတာ။

ကျွန်မ . . . က, ဒါပဲ . . . လို့ နင် . . . ဖြေနိုင်အောင်၊ လုပ်လေ . . . မြသက်ထားရဲ့။

စကားတွေကို ခံစားမနေနဲ့၊ အင်အားဖြစ်အောင်လုပ်''

''ဟုတ်ကဲ့''

''ကင်မရာ ခလုတ်ကို လက်နဲ့ဖိတာ လူတိုင်း ဖိနိုင်တယ်။

ကင်မရာ ပေါက်ထဲကို မျက်စိနဲ့ ချောင်းတာ လူတိုင်း ချောင်းတတ်တယ်။

ဒါပေမဲ့ . . . အဲဒီ မြင်ကွင်းတစ်ခု၊ ခလုတ်တစ်ချက်ကို၊ ဉာဏ်နဲ့ . . . နှလုံးသားနဲ့ . . . ပညာနဲ့ . . . စေတနာနဲ့ ကာလစ်ကနဲ၊ ဖိနိုင်ဖို့ ဖျတ်ခနဲ ရိုက်နိုင်ဖို့။

ပြောမပြနိုင်လောက်တဲ့၊ အရာတွေ . . . ၊





အမှားကြီး လိုတယ် . . . မြသက်ထား။

ပန်းချီကား သိပ်ကောင်းရင်၊ ဓာတ်ပုံလေးလိုပဲ . . . တဲ့။

ဓာတ်ပုံ သိပ်ကောင်းရင်၊ ပန်းချီကားလေးလိုပဲ . . . တဲ့။

အဲဒီလိုလေး ဖြစ်ဖို့၊ နင့်ကို၊ ဆူတဲ့ ငေါက်တဲ့၊ ငါ့စကားတိုင်းဟာ၊ တစ်ခွန်းကို၊ ဆယ်နှစ်မက, လောက်၊ တန်တယ် မြသက်ထား။

ဒါ . . . မလုပ်နဲ့ . . . လို့ ပြောနိုင်ဖို့၊ ဒါပဲ . . . လုပ် . . . လို့၊ ပြောတတ်ဖို့။

ကြားတဲ့သူက . . . တစ်စက္ကန့်လောက်ပဲ၊ ကြားရတာ။ ပြောတဲ့သူက . . . အဲဒီလိုလေး ပြောဖို့၊ ဆယ်နှစ်မက၊ ဖြတ်သန်းခဲ့ရတယ်။

အဲဒါကြောင့် ငါ . . . အော်တိုင်း အော်တိုင်း၊ ဆယ်နှစ်ကျော် . . . အင်အားကြီးနဲ့ အော်တယ် . . . လို့ တွေးပေး''

''ချိုချိုသာသာ၊ ပြောဖို့၊ အချိန်မရလို့ပေါ့ နော်။ ဟုတ်လား . . . ဦးမာ''



www.burmeseclassic.com

www.burmeseclassic.com



"အချိုကြိုက်ရင်၊ ဆေးသကြားကို၊ ရေဖျော်ပြီး သောက်"

"ဟာနော်၊ ဦးမာက,လည်း"

"အချိန်မရလို့ အော်တာ မဟုတ်ဘူး၊ အရေးကြီးလို့ အော်တာ၊ ဟစ်တာ"

"...။ အရေးကြီးလို့၊ ဟုတ်လား ...။ ..."

"ရန်သူ့နယ်မြေထဲ ရောက်နေတဲ့ တပ်စုတစ်စု၊ ပိုင့်တွေက,နေ ... ရန်သူတွေက၊ လက်နက်မျိုးစုံနဲ့ ချိန်ရွယ်ထားလို့ တပ်စုမှူးဗိုလ်က၊ တွေတွေ့ချင်း။ ရုတ်တရက် သိသိချင်း၊ သူ့ရဲဘော်တွေကို ဘယ်လို ... အော်မလဲ။

ရဲဘော်တို့ရေ၊ တို့တစ်တွေ၊ ချီတက်လာကြတာ၊ ဘာလိုလိုနဲ့၊ မနက်လင်းခဲ့ချေပြီ။

ဟိုး ... တောင်ပြာတန်းလေးတွေအပေါ်က၊ လှုပ်စိလှုပ်စိနဲ့၊ အရိပ်လေးတွေဟာ၊ ငါတို့တွေကို မကြင်မနာ ...၊ ရက်ရက်စက်စက်၊ သတ်ဖြတ်ဖို့ ချိန်ရွယ်ထားတဲ့၊ သေနတ်တွေကို၊ ကိုယ်စီ ကိုယ်ငှ





ကိုင်ဆောင်ထားကြတဲ့၊ ရန်သူတွေပေါ့ကွယ်။

ငါတို့တွေအားလုံး ... ကျည်ကွယ်မျက်ကွယ်၊ ရွေးချယ်ပြီး၊ တူတူပုန်းတမ်း၊ ကစားကြအောင်လား ကွယ် ... လို့ အော်မလား။

"ဝပ် ... လို့ တစ်ခွန်းတည်း၊ အကျယ်ကြီး အော်မှာလား၊ ပြော"

"ဝပ် ... လို့ အကျယ်ကြီး အော်ရမှာပေါ့"

"အဲဒါ ... အချိန်မရလို့လား၊ အရေးကြီးလို့လား"

"အချိန်မရလို့ပေါ့"

"ဘာ"

"အဲ ...။ အရေးကြီးလို့"

"အသက်လုရလောက်အောင်၊ အရေးကြီးလို့ ဗိုလ်က ... ဝပ် ... လို့ တစ်ခွန်းတည်း၊ အော်လိုက်တာကို၊ နောက်လိုက်၊ ရဲဘော်က ... ဗိုလ်ကြီးခင်ဗျာ၊ ဘာကြောင့် ဝပ်နိုင်းရတာလဲ ခင်ဗျာ၊ နောက်ပြီးမှ, ဝပ်လို့မရဘူးလား ခင်ဗျာ၊ ... ဆိုပြီး၊ လေကြောရှည် နေမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း . . . ဝပ်ချလိုက်ရမှာလား''

''ချက်ချင်း ဝပ်ချလိုက်ရမှာပါ''

''အေး . . .။ တချို့ကိစ္စတွေက, သိပ်အ

ကြီးတဲ့အခါ၊ ရှင်းပြနေဖို့ အချိန်မရဘူး။

နင် . . . နားရှင်းအောင် ပြောပြမယ်။

တချို့ အမိန့်တွေက . . . အာဏာပြဖို့

တာ။ တချို့ အမိန့်တွေက . . . အရေးကြီးလို့

တာ၊ ငါ . . . နင့်အပေါ်၊ အာဏာပြဖို့ အစ

မရှိဘူး . . . မြသက်ထား''

''ကျေးဇူးတင်ပါတယ် ဦးမာရယ်''

''ဂေါတမ မြတ်စွာဘုရား လက်ထက်

တုန်းက၊ သာရိပုတ္တရာဟာ၊ ငါ ဘုရားပြီးရင် ဉ

ပညာအရာမှာ၊ တေဒဂ်ပဲ။

အဲဒီလို မိန့်လိုက်တော့၊ ရှင်သာရိပုတ္တ

မထေရ်မြတ်ကြီးက၊ ငါ . . . ဘုရားလောက် သိ

. . . လို့ တွေးမိတယ်။

အဲဒီ အတွေး။ အဲဒီ အတွေးများကို၊ ဘု

က၊ သိတယ်။ (ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး





ဘုရားပြီးရင်၊ ဉာဏ်တော်အကြီးဆုံး ဆိုပေမယ့်၊ ဘုရားလောက် သိတာ မဟုတ်ဘူး။ ဘုရား ပြောပြသလောက်ပဲ . . . သိတာ)။

ငါ, ဘုရားလောက် သိနေပြီ . . . ဆိုတဲ့, အဲဒီအတွေးကို၊ မှားယွင်းတယ် . . . လို့ အသိပေးဖို့အတွက်၊ ဂေါတမ, မြတ်စွာဘုရားက, ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို၊ အရှုပ, ဗြဟ္မာပြည်ကို၊ ခေါ်သွားတယ်''

''အ, ရူပ ဗြဟ္မာ . . . ဆိုတာ၊ ဘယ်လိုမျိုးလဲ''

''အလွယ်ပြောရရင်၊ ရုပ်မရှိတဲ့ ဗြဟ္မာပေါ့။ တိတိကျကျ ပြောရရင်၊ ရုပ် . . . ငုပ်နေတဲ့ ဗြဟ္မာပေါ့။

ရုပ် . . . မရှိတာ မဟုတ်ဘူး။ ရုပ်သဘောလေးက၊ ငုပ်နေတာ''

''နာမ်သဘောပဲ ရှိတာပေါ့။ ဟုတ်လား''

''အင်း . . .။ အဲဒီလို၊ သုံးနှုန်းကြတာပေါ့။ ဒါပေမဲ့ . . . နာမ်ချည်းပဲ . . . မဟုတ်ဘူး။ ရုပ်သဘောက၊ ရှိတယ်။ မြင်နိုင်စွမ်း မရှိလောက်အောင် ငုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ''

''ဪ''

''အဲဒီ့ ရုပ်သဘော ငုပ်နေတဲ့၊ အ,ရူပ ဗြဟ္မာ ပြည်လည်း၊ ရောက်ရော၊ မထေရ်မြတ်ကြီး ခများ ဗြဟ္မာတွေကို၊ ဝင်တိုက်မိပြီး၊ ဒယိမ်းဒယိုင်၊ ဖြစ်သွား ရတယ်။

ငုပ်နေတဲ့ ရုပ်သဘောကို၊ ဘုရားရှင်သာ၊ မြင်နိုင်စွမ်းတယ်၊ မထေရ်မြတ်ကြီး၊ မြင်နိုင်စွမ်း မရှိဘူး။

အရှင်ဘုရား၊ တပည့်တော် ... ဘာတွေ ဝင် တိုက်မိလဲ၊ မသိဘူး၊ တပည့်တော် ... ဘယ်လို ကြွလှမ်းရမှန်း၊ မသိပါ ... ဘုရား၊ အဲဒီလို၊ ဒယိမ်း ဒယိုင်နဲ့၊ လျှောက်တော့ မြတ်စွာဘုရားက ...

သာရိပုတ္တရာ၊ ငါ ဘုရားရဲ့ ... ခြေရာ အတိုင်း၊ လိုက်ခဲ့ပါ ... လို့၊ မိန့်တော်မူပြီး၊ ရှေ့က ... ခြေရာတွေ ချပေး၊ ဘုရားချပေးတဲ့၊ ခြေရာ အတိုင်း၊ ထက်ကြပ်မကွာ၊ နင်းကြွတော့မှ၊ မထေရ် မြတ်ကြီး၊ အဆင်ပြေသွားတယ်။





ဒါ ... ဘယ်လို၊ အရပ်ပါလဲ ... ဘုရား၊ မေးတယ်။ ဒါ ... အ,ရူပ ဗြဟ္မာဘုံပဲ ... သာရိ ပုတ္တရာ။

အဲဒီလို ... ဘုရားက၊ မိန့်လိုက်တာနဲ့တွင်၊ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၊ ဘုရားကို၊ သူ့ အတွေးမှားသွားကြောင်း၊ ဝန်ခံတောင်းပန်တော့ တာပဲ။

ဘုရား ပြောပြသလောက်ပဲ၊ သိတာကို၊ ဘုရားလောက်သိပြီ ... လို့၊ တွေးမိတဲ့ အတွေးကို၊ မှားနေတယ် ... လို့၊ သိစေချင်လို့၊ ဘုရားက၊ မထေရ်မြတ်ကြီးကို၊ အရူပဗြဟ္မာပြည်ကို ခေါ်သွား တာလေ''

''သူ ... မမြင်နိုင်တဲ့၊ ဘုံကို၊ ခေါ်သွားပြီး၊ ဒါ ... အရူပ ဗြဟ္မာပြည်ပဲ ... လို့၊ ဘုရား အသိ ပေးလိုက်ရုံနဲ့၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက, သူ့ ... အတွေးမှားကြောင်း၊ ဘုရား ... အဲဒီ့ကို၊ ခေါ်လာမှန်း၊ ချက်ချင်း .. သိတာပေါ့၊ ဟုတ်လား''

''ဟုတ်တယ်၊ ဉာဏ်ကြီးတဲ့သူက စကား

www.burmeseclassic.com

www.burmeseclassic.com



အများကြီးနဲ့၊ ဆုံးမ, နေစရာ မလိုဘူး။

သာရိပုတ္တရာ၊ ငါ့ ခြေရာအတိုင်း၊ လိုက်ခဲ့ . . . လို့၊ ဘုရား ညွှန်ကြားလိုက်တာကို၊ ဘာဖြစ်လို့ . . . ခြေရာအတိုင်း၊ လိုက်နိုင်းရတာလဲ၊ ဒီ . . . နေရာက၊ ဘယ်လို နေရာမို့လို့လဲ။ ဘုရားကျတော့ မြင်ပြီး။ တပည့်တော်ကျတော့၊ ဘာဖြစ်လို့ မမြင်တာလဲ . . . ဆိုတဲ့၊ မေးခွန်းတွေနဲ့။ လေ . . . ရှည် မနေဘူး။

သိတဲ့သူ၊ ဦးဆောင်တဲ့ သူက၊ ဒါ . . . လုပ်ပါ . . . ဆိုတာနဲ့၊ လိုက် . . . လုပ်လိုက်တာ၊ အဲဒါ . . . ဉာဏ်ကြီးတဲ့သူတွေရဲ့၊ အလေ့အထ,ပဲ။

ဘုရားက၊ ဒီလို . . . ညွှန်တယ်။ ဒီလို . . . မိန့်တယ်။ ငါ . . . လိုက်နာမယ်။ ဒီလိုပဲ . . . အဆုံးအမ,အပေါ်မှာ၊ ချက်ချင်း လိုက်နာလိုက်တာပဲ။

ဆရာ့စကား၊ မြေဝယ်မကျ . . . လိုက်နာတယ် . . . ဆိုတာ၊ အဲဒါကို ပြောတာ"

"ဘုရားစကား၊ အကြောင်းမဲ့ မပြောဘူးဆိုတာကို၊ သိလို့ပေါ့နော်"

"ဒါပေါ့။ တချို့ . . . တချို့ . . . လူ့လောက,





မှာ၊ မိဘ . . . ဆရာက . . . ဒါလုပ် . . . ဆို။

ကျွန်တော်တို့က၊ ကျွန်မ,တို့က၊ လက်တွေ့မှ၊ ယုံတာ။ ကိုယ်တွေ့မှ, ယုံတာ။

ကိုယ် . . . မသိဘဲနဲ့၊ ခိုင်းတိုင်း မလုပ်နိုင်ဘူး . . . ဆိုတာတွေ၊ ရှိတတ်ကြတယ်။

ကိုယ် . . . မမြင်, မသိ, နားမလည်နိုင်တဲ့ ကိစ္စတိုင်းမှာ၊ ဦးဆောင်တဲ့သူက၊ ဒါလုပ် . . . ဆိုရင်။ လုပ်လိုက်ရုံပဲ။

ဝပ် . . . ဆိုရင်၊ ဝပ်လိုက်တာ၊ အန္တရာယ်အကင်းဆုံးပဲ။ ဘာဖြစ်လို့ ဝပ်ခိုင်းတာလဲဟင် . . . လို့၊ မေးမနေနဲ့။

မေးနေချိန်မှာ၊ ရန်သူက . . . ဗိုင်းခနဲ ပစ်လိုက်တာနဲ့၊ အဖြေမှန်ကိုတောင်၊ သိခွင့်မရှိဘူး ဖြစ်သွားတတ်တယ်။

အဖြေသိတဲ့အချိန်မှာ၊ အသက်ထွက်သွားရမယ့် အခြေအနေမျိုးမှာ၊ အဖြေကို သိချင်မနေနဲ့။ ဝပ် . . . ဆိုရင်၊ ဝပ်ချလိုက်။ ပြီးတာပဲ။

တချို့ အဖြေမှန်က၊ ချက်ချင်းသိဖို့ ခက်တယ်



www.burmeseclassic.com

www.burmeseclassic.com



လေး။ အတွေ့အကြုံရှိတဲ့သူ၊ ဉာဏ်ပညာကြီးတဲ့သူ၊ ကိုယ့်အပေါ် . . . ကောင်းကျိုးပြုနေတဲ့ ဦးဆောင်သူ က၊ ဒါ . . . လုပ်လိုက်ပါဆိုရင်။ ဟုတ်ကဲ့ တစ်ခွန်း တည်းနဲ့၊ အားလုံး . . . အဆင်ပြေသွားမယ်။

အမျှော်အမြင်ကြီးတဲ့သူရဲ့ စကားတစ်ခွန်းကို၊ ဉာဏ်မီတဲ့သူပဲ၊ ချက်ချင်း လိုက်နာနိုင်တယ်"

"ဦးမှာ . . . ပြောပြတာတွေကို၊ နားထောင်ရ တာ၊ ရင်ထဲမှာ . . . အေးသွားတာပဲ"

"မအေးမှာပဲ၊ ငါ . . . ပူပါတယ် မြသက်ထား ရယ်။

ငါ . . နှင်ထုတ်တာ။ အော်တာ . . . ဟစ်တာ။ ဝုန်းခနဲ . . . ဒိုင်းခနဲ၊ ပြောတာ ဆိုတာတွေ အားလုံး ဟာ၊ ငါ့လောက် နှင့်ကို တော်စေချင်လို့ပါ။

အထူးသဖြင့် . . . ငါထက်တော်စေချင်လို့ပါ။

တိုက်ပွဲကြမ်းကြမ်းကို၊ အမိန့်ပေး ဦးဆောင် မယ့်သူရဲ့ နှုတ်ထွက်စကားက၊ သီချင်းသံလိုတော့၊ နားဝင်ချိုမှာ မဟုတ်ဘူး"

❑ ❑ ❑



(၁၇)

"ငါ . . . နှင့်ကို လက်ထပ်မယ် သက်ထား။ အမေ့ ခွင့်ပြုချက်တော့၊ ယူပြီးပြီ။ နှင်က . . . အမေနဲ့ အဆက်အသွယ်ယူပြီး၊ ခွင့်တောင်း။

ငါနဲ့ နောက်ဆုံးထွက်သက်အထိ၊ နေထိုင်ဖို့ အဆင်ပြေမယ် . . . လို့ ယုံကြည်မှ၊ နှင် . . . လက်ခံ ပါ"

"ဦးမှာ . . .၊ တကယ်ပြောနေတာလားဟင်"

"ဒါ . . .၊ ကျီစယ်စကားလို့၊ ထင်နေသေး လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ...၊ ပျော်လို့ပါ။ ကျွန်မက ... ဦးမာအနားမှာ၊ နေချင်တာလေ။ တစ်သက်လုံး၊ နေချင်တာ။

ဦးမာက၊ ကျွန်မ့ ဘဝရဲ့ ...၊ ကယ်တင်ရှင်ပါ။ အ,ကုသိုလ်နယ်ပယ်ထဲကလည်း၊ ကယ်ခဲ့တယ်။ ဘဝ ... ဒုက္ခထဲက,လည်း၊ ကယ်ခဲ့တယ်လေ။

ပြီးတော့ ...၊ ကျွန်မ,က၊ ဦးမာကို၊ ရိုလည်း ရိုသေတယ်။ ချစ်လည်း၊ ချစ်တယ်။

ကျွန်မ ... ချစ်တဲ့သူက၊ လက်ထပ်မယ်ဆို တော့၊ ကျွန်မ ... ပျော်တာပေါ့"

"ငါ့ကို၊ ချစ်စရာလည်း၊ မလိုဘူး။ ချစ်ဖို့ လည်း၊ မလိုဘူး။

ငါ့ စေတနာကို၊ နင် ... မြင်ရင်၊ ပြီးရော ...။ ချစ်တယ် ... ဆိုတာ၊ ဘဝ ... တစ်ခွင်လုံးနဲ့ နှိုင်းစာလိုက်ရင်၊ ဘဝခရီးအတွက်၊ ဖိနပ်စီးသလောက် ပဲ ရှိတယ်"

"ဟွန့်၊ ဒါဆို၊ ဦးမာက၊ ကျွန်မ,ကို၊ မချစ်ဘဲ နဲ့၊ လက်ထပ်မှာပေါ့"



"ဟဲ့၊ ပြောမှ သိတာ၊ အချစ် မဟုတ်ဘူး။ နားအရသာခံရုံ ... သက်သက်ပဲ။

နောက်ပြီး ...၊ ငါ ပွင့်ပွင့်လင်းလင်း ပြော မယ်။ ငါ ... ချစ်တယ်လို့၊ အယောက်နှစ်ဆယ် လောက်၊ ပြောခဲ့ဖူးပြီးပြီ။

နင်က ... အဲ့ဒီ၊ စကားအဟောင်းကြီးကို၊ ကြားချင်လို့လား"

"ဩော် ...။ ဦးမာရယ်။ အချစ်မခံချင်တဲ့ သူ၊ ဘယ်သူ ရှိပါ့မလဲ"

"ငါက,တော့၊ အချစ် ... ဆိုတာကို၊ အချဲ့ မနေချင်တော့ဘူး။ အသက်ကြီးလို့လည်း၊ ဖြစ်မှာပေါ့။

ချစ်နေကြဖို့ထက်၊ တစ်ယောက်စေတနာ တစ် ယောက်မြင်ပြီး၊ အလုပ်တွေ ... အတူတူတွဲလုပ်ဖို့ ပဲ၊ စိတ်ဝင်စားတယ်"

"တွဲတာများလို့ လက်ထပ်တာများလား ... ဦးမာ"

"နင့် ... နှလုံးသားမှာ၊ ဉာဏ်လေးတွေသုံး ပြီး၊ နင့်ဘာသာပဲ၊ သုံးသပ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ . . . ပြောတတ်တာ၊ တစ်ခုက,တော့

နှင့်ကို၊ စ,တွေ့ပြီးကတည်းက၊ ငါ . . . ဘယ်သူနဲ့

မပတ်သက်တော့သလို၊ နှင့်ကို၊ လက်ထပ်ပြီးချ

လည်း၊ ဘယ်မိန်းကလေးကိုမှ၊ အာရုံမပြုဘူး။ ဒါ

"ကျေးဇူးတင်ပါတယ် . . . ဦးမာရယ်"

"ကျေးဇူး . . . ဆိုတဲ့ စကားကို၊ သိပ် . . .

မသုံးပါနဲ့။ ကျေးဇူးကို တကယ်မြင်တတ်မှ၊ ကျေ

. . . ဆိုတဲ့ စကားကို၊ သုံး"

"ကျွန်မ . . .၊ ဦးမာကို၊ ချစ်တယ်ဆိုတာ

ရော . . .၊ ဦးမာ သိရဲ့လားဟင်"

"ငါ . . . သေခါနီးရင်၊ ပြောမယ်။ အခု . . .

နှင်လည်း၊ စကားအကုန်၊ မပြောနဲ့ဦး။ ငါလည်း

. . . နှင့်ကို၊ မချီးမွမ်းသေးဘူး"

ပြုံးလေ၏။

ပြုံးလျက်၊ ရင်ခွင်ထက်သို့၊ ပထမဆုံးအကြိမ်၊ ခိုဝင်သည်

ချစ်မေတ္တာထက်မက,သော၊ တာဝန်ဝတ္တရားတစ်ခု၊ ဘ

ရင်ချိုင့်အတွင်းသို့ တိုးဝင်လာလေပြီဟု၊ မှတ်ပိုက်၊ ခံစား ရှင်ပျော်

❑





"မင်းက၊ ငါ့သမီး မြသက်ထားကို၊ ဘာနဲ့ တင်တောင်းမှာ

. . . ဟု၊ မြသက်ထား၏ ဖခင်၊ ဦးသက်ဝေ မေး၏။

"ကျွန်တော့် . . . လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ဦးခေါင်း

လုံး၊ နှလုံးသား တစ်ခုနဲ့ပဲ၊ တင်တောင်းနိုင်မယ်" . . . ဟု၊

ပြောလိုက်မိသည်။

အဖြေစကား၊ ကြားလျှင် ကြားချင်း၊ လက်ခွဲ·နှုတ်ဆက်၏။

"အဖြေကို၊ သဘောကျတယ်၊ မောင်မာယာ၊

သဘောတူတယ်။ ကြိုက်သလို . . . စီစဉ်။

တစ်ခုတော့၊ တားချင်တယ်။ အကြီးအကျယ်

မင်္ဂလာဆောင်တာ၊ မလုပ်စေချင်ဘူး။

ငါတို့ လင်မယား၊ ဟိုတယ်ကြီးမှာ၊ ဆောင်

တယ်။ အရပ်သားတွေရှေ့မှာ၊ တစ်ခါ၊ သဘင်သည်

တွေရှေ့မှာ၊ တစ်ခါ။ နှစ်ခါ ဆောင်တယ်။

မြက်ခင်းပြင်အကျယ်ကြီးပေါ်မှာ၊ ဒင်နာပေး

တယ်။ ဟဲဟဲ၊ ကလေးနှစ်ယောက်ရတော့၊ ကွဲတယ်၊

မင်္ဂလာဆောင်ကို၊ ငါ . . . မယုံကြည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်၊ မြသက်ထားနဲ့ တိုင်ပင်ပြီး
မယ်"

"မတိုင်ပင်နဲ့တော့၊ ဦးမာ။ မင်္ဂလာလက်ဖွဲ့
ထိုးပွဲပဲ၊ လုပ်မယ်။

ပြီးရင် ... ဘုရားမှာ၊ လှူမယ်။ မိဘ,ရေ
ကို၊ ကန်တော့မယ်"

"အဲဒါ ... အမှန်ပဲ၊ သမီး။ ကိုယ့်မင်္ဂလာ
ဆောင်ကိုလာပြီး သတို့သမီးရဲ့ အမေက ...
ဖြစ်တယ်။ အဖေက ... ဘယ်လို, ဘယ်ဝါရေ
အတင်းပြောခွင့် မပေးတာ၊ ကောင်းတယ်။ ဟဲဟဲ"

"ဦးမာက၊ သမီးရဲ့၊ တကယ့်ကျေးဇူးရှင်
... အဖေ။ အဖေတို့, အမေတို့ကို၊ စိတ်ခုနေ
တောင်၊ ဦးမာ ... ပြောပြမှ၊ အ,ကုသိုလ်မှန်း
တာ။

မိဘ,ထက်၊ ကျေးဇူးကြီးတယ် ... အ
"ဒါပေါ့၊ သမီးရယ်။ အဖေက ... သမီး
သေသေချာချာ၊ မစောင့်ရှောက်နိုင်ခဲ့ဘူး။

အဖေ့အမှားကို၊ အဖေ ... နောက်





တဖြည်းဖြည်း၊ သိသိလာတယ်"

"မြသက်ထား။ ကမ္ဘာပေါ်မှာ၊ မိဘ၊ ကျေးဇူး
အကြီးဆုံးပဲ။

မိဘ,ထက်၊ ဘယ်သူမှ၊ ပိုပြီး ... ကျေးဇူး
မကြီးဘူး။ နောက်ကို ... မိဘ,ရှေ့မှာ၊ အဲဒီလို ...
မပြောပါနဲ့နော်။ မှားမယ်"

"ဟုတ်ကဲ့"

❑

ကျွန်တော့်အမေနှင့် မြသက်ထား၏အဖေကို ကန်တော့ကြ
ပြီကား အမေ ... ငိုလေ၏။

"အမေ ... ဘာဖြစ်လို့ ငိုတာလဲ။ သားတို့
မင်္ဂလာယူရမယ့်အချိန်လေ။

အမေ ငိုတော့၊ သားတို့ကို၊ ရေနွေးပူနဲ့ ပက်
သလို ဖြစ်တာပေါ့"

"ငါ ... စိုးရိမ်လို့ပါ။ မြသက်ထားက၊ အခုမှ

www.burmeseclassic.com



. . . အသက် နှစ်ဆယ့်နှစ်နှစ်ကျော်ပဲ ရှိသေးတယ်

ငယ်တော့ . . . နင့်ကို ပစ်သွားမှာစိုးလို့

"ဒီလိုပါပဲ . . . အစ်မကြီးရယ်။ အမေဆိုတာ

ပူတတ်တာကိုး။

ကျွန်တော့်ကိုလည်း၊ ကျွန်တော့်အမေ

. . . ဒီလိုပဲ။ ကလေး . . . လို့ပဲ မြင်နေခဲ့တာပေါ့

မြသက်ထားခေါင်းက၊ ပြုံးရွှင်စွာ၊ ဝင်

ရောက် ပြောပြ၏။ ကျေးဇူးတင်စရာ ကောင်း

သည်။ မြသက်ထားကတော့၊ မျက်နှာမကောင်း

❑ ❑ ❑



(၁၈)

"မင်း . . .။ သူ့ကို ကြော်ငြာပိုစတာ၊ ရိုက်ပေးလိုက်တာရယ်။ သူ့အမေနဲ့ အဆက်အသွယ်လုပ်ဖို့ အကြံပေးလိုက်တာရယ်။ အဲဒါတွေကို၊ အမှား . . . လို့ မင်း . . . မထင်ဘူးလား"

"သူက . . .၊ အောင်မြင်ကျော်ကြားချင်တဲ့သူ။ အဲဒီ့အတွက်၊ ကြော်ငြာပိုစတာ၊ စတေ(လ်)ပုံတွေ၊ ငါ . . . ရိုက်ပေးလိုက်တာ၊ ခြေတစ်လှမ်း။ စ. လှမ်း ခိုင်းလိုက်တာပါ။

သားသမီးနဲ့ မိဘ။ ပြန်မဆုံကြသေးရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်၊ အဆက်အသွယ်လေးရှိတော့၊ နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာကြတာပေါ့။

တကယ်တော့၊ သူ့ အမေနဲ့ သူနဲ့က, အဆက်အသွယ်ရှိပြီးသား။ ဖအေသိမှာစိုးလို့ အသိမပေးတာ။ ငါ့ကိုကျတော့, သူ့ကို၊ သနားစေချင်လို့ အဆက်အသွယ်မရှိသလို၊ ပြောတာနေမှာပေါ့။

"ဒါဆို၊ လိမ်တာပေါ့"

"မပြောရက်ပါဘူးကွာ"

"ရော့ ..။ အင့်။ ဒါ ... ဈေးဖိုး။ ဈေး ...။ ဒါကူလုပ်။ လိုအပ်တာ ... ပြော။ လိုချင်တာ ... ပြော။ ကလေးတွေ မွေး ...။

အဲဒီ့ အဆင့်လောက်ပဲ ထားရမှာကွ။ အခု ...၊ မင်းက ... ဟင်းစားပေးရုံတွင်မက၊ ပိုက်ချက်ကွန်ချက်ပါ၊ ပြလိုက်တာကိုး"

"သာမန်ထက်၊ ပိုစေချင်တာ။ ငါကိုယ်တိုင်ရဲ့ ဆန္ဒလည်း။ ပါ,ပါတယ်ကွာ"

"... ...။ ...။

... ...။ ...။ ၅,





.... ...."

❐

"အမေ့ ယောင်းမ,ဆီက၊ အမေ့ ဖုန်းနံပါတ် ရတယ်။

ကျိမေးလ် အကောင့်လည်း၊ ရတယ်။ အမေက ...၊ ကျွန်မ, အောင်မြင်ဖို့အတွက်၊ ငွေ ပို့ပေးမယ် ... တဲ့။ အဲဒါ ... ကျွန်မ ယူရမလား။

တစ်လ,ကို၊ သုံးသိန်း ပို့ပေးမယ် ... တဲ့။ မောင်လေးနဲ့အဖေနဲ့၊ မသိစေနဲ့ ... တဲ့"

အလုပ်ခန်း၏၊ အပေါ်ထပ်တွင်သာ၊ ကျွန်တော်တို့ နေဖြစ် [illegible] အမေ့အိမ်သို့၊ တစ်ပတ်တစ်ခါသာ၊ ရောက်ဖြစ်သည်။

မူလ,တန်းအရွယ်၊ တူမ,ငယ်လေး၊ တစ်ယောက် ရှိ၏။ [illegible]က်ထား၏၊ ရှေ့တွင်၊ ထိုတူမ, ငယ်လေးကို၊ ခေါ်လျက် ...

"ဒီကိုလာဦး။ ငါ ... မေးတာ ဖြေစမ်း"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ချွေး ... ကိုယ့်ညာဏ် ... မပါဘဲ သူတစ်ပါးရဲ့ ဥစ္စာပစ္စည်းကို အလကား ယူချင်တာ ဘာလဲ"

"သူတောင်းစား"

"သူများနိုင်းမှ လုပ်တတ်တာ ဘာလဲ"

"နွား"

❑

ထို အမေး,အဖြေခန်းကို ကြားပြီးကတည်းက သူ့အဆေဆီက ပို့ပေးမည့်ငွေကို ယူရ ... မယူရ မြသက်ထား ကျွန်တော့်ကို မမေးမြန်းတော့ချေ။

❑

အိမ်ထောင်သက် (၂) နှစ်ခန့်ကြာသော သူ့ မာန်ရွယ်လေး





တွေကို ကျွန်တော် မြင်လာရ၏။

"အဖေ့ရဲ့ အစ်မ,ဝမ်းကွဲက ပြောတယ်။ သူ့ အသိ ကုမ္ပဏီက ကျွန်မ,နဲ့ ဗီဒီယို ရိုက်ချင်တယ် ... တဲ့။

ဆယ်ကားစာချုပ် ချုပ်မယ် ပြောတယ်။ ကျွန်မက, ဦးမာနဲ့ တိုင်ပင်ဦးမယ် ... လို့ ပြောလိုက်တယ်။

ကျွန်မ ... ရိုက်ရမလား"

"တခြားသူ ကမ်းလှမ်းတဲ့ကိစ္စ။ ငါ့ကို အကြံမတောင်းနဲ့လေ။

ငါက တစ်ဆင့်ချင်း သွားတာပဲ ကြိုက်တယ်။ ခုန်ကူးရင် ... ခြေချော်တတ်တယ်။

အောင်မြင် ကျော်ကြားချင်စိတ် သိပ်များနေရင် လမ်းချော်တတ်တယ် ... မြသက်ထား။

နင့်မှာ ဘာမှအဆင်သင့် မဖြစ်သေးဘူး။

သွားတိုက်ပြီးရင်တောင် သွားတိုက်ဆေးဘူး အဖုံးပိတ်ဖို့ မေ့နေတယ်။ အဝတ်အစားတောင် မှီမှီ ရီရီ မခေါက်, မသိမ်းတတ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာ . . . ပြီးရင်၊ ဘာ . . . လုပ်ရမယ် ဆိုတဲ့၊ တစ်နေ့တာ ဇယားတောင်၊ နင် . . . ကောင်းကောင်း မဆွဲတတ်သေးဘူး။

ငါ . . . နင့် အရွယ်တုန်းက၊ အောင်မြင်ကျော်ကြားချင်စိတ်ထားပြီး၊ အလုပ်,လုပ်တာ မဟုတ်ဘူး။

ဒီ . . . အလုပ်ပြီးရင်၊ ဟိုအလုပ်,လုပ်မယ် . . . ဆိုတဲ့၊ အလုပ်,ကို၊ သေသေချာချာ လုပ်တဲ့စိတ်ပဲ၊ မွေးတယ်။

လွှားခနဲ ခုန်တက်ရင်၊ ကားခနဲ၊ ပြုတ်ကျလိမ့်မယ်။ စတေ(လ်) ပုံအတွက်၊ ဓာတ်ပုံရိုက်တာတောင်၊ နင် . . . အိုက်တင်၊ သိပ်မလုပ်တတ်သေးဘဲနဲ့ . . . ဓာတ်ကား ရိုက်ချင်တယ်ဆိုတာ၊ စောမနေဘူးလား''

''ဖြစ်နိုင်တယ် . . . လို့၊ ပြောကြတာပဲ''

''အဲဒါ၊ သူတစ်ပါး၊ စကားလေ။ နင့်ကိုယ်နင်၊ သေသေချာချာ မသိဘူးလား။

ဖြစ်နိုင်တယ် . . . ဆိုတာ၊ ဖြစ်မယ် . . . လို့ ပြောတာ မဟုတ်ဘူး''





''ဒါက,တော့၊ ကြိုးစားရမှာပေါ့။ ဦးမာတောင်၊ ကျွန်မ, အရွယ်တုန်းက၊ ကြိုးစားခဲ့ရတာပဲ''

''ငါက . . .၊ ဝဲ . . . လို့၊ ပြောရင်။ နင် . . . ဝဲပစ်လိုက်တာ၊ အကောင်းဆုံးပဲ၊ မြသက်ထား။

အဲဒါမှ၊ မဟုတ်ဘူး ဆိုရင်တော့၊ တခြားနည်းနဲ့၊ ငါ့ကို၊ ခွကျော်သွား။

ငါ့ မျက်နှာပေါ်တော့၊ ခြေမှုန်မကျစေနဲ့။ ငါ . . . မော့ကြည့်၊ ရလောက်အောင်၊ အမြင့်ကြီးက၊ လွှားခနဲ . . . ကျော်''

''လောင်းရိပ်မိနေရင်၊ ထိုးထွက်ဖို့ ခက်တယ် . . . ဦးမာ''

''ကျွန်းပင်တွေကို၊ လောင်းရိပ်မှာ၊ ထားစိုက်ရတယ် . . . မြသက်ထား။

လောင်းရိပ်မထားရင်၊ ကျွန်းပင်က၊ ထင်းဖြစ်သွားမယ်။

နင် . . . လျှောက်မယ့်လမ်းကို၊ ငါ, ဖောက်မပေးနိုင်ဘူးလို့၊ ထင်နေတာလား . . . မြသက်ထား။

ငါ . . . ငယ်ငယ်က၊ ပန်းချီသင်ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ယောင်လှမျိုး(ချမ်းချောင်းနဲ့)

ငါက . . . လူပုံ ဆွဲချင်တာ။ ဆရာက၊ ရှုခင်းပုံတွေပဲ ဆွဲနိုင်းတယ်။ နေ့ပေါင်းများစွာ။ ငါက . . . လူပုံ ဆွဲချင်တယ် ပြောတော့။ ဆရာက၊ လျှာမရှည်နဲ့ . . . တဲ့။ ငါ . . . စိတ်ဆိုးဖူးတယ်။ ဆရာကို။

ရှုခင်းပုံတွေချည်းပဲ၊ ဆွဲနိုင်းတယ်။ နောက် . . . မျက်လုံးပုံတွေ . . . နှာခေါင်းပုံတွေ၊ ကိုယ်အင်္ဂါတွေချည်း ဆွဲနိုင်းတယ်။

အဲဒီလောက်မှာ၊ ငါ . . . နည်းနည်းသဘောပေါက်နေပြီ၊ ငါ့ကို၊ ဆရာ . . . လူပုံ ဆွဲတတ်ဖို့သင်နေတယ် ဆိုတာ။

ရှုခင်းတွေ ဆွဲတုန်းက၊ ဆေးအထူအပါး၊ အဖိ . . . အဖော့။ ကိုယ် အင်္ဂါ . . . အရပ်အမောင်းတွေ၊ ဆွဲနိုင်းခဲ့တဲ့၊ အတိုင်းအဆ။

အားလုံး . . .၊ ငါ . . . လူပုံဆွဲခွင့်ရတဲ့အခါ၊ အသုံးဝင်ခဲ့တာပါလား . . . ဆိုတာ၊ ဆရာ၊ သေပြီးမှ ငါ . . . သိခဲ့ရတယ်။

နောက် . . ., ယယ်ယယ်က၊ ငါ, သိုင်း . . . သင်ဖူးသေးတယ်။



မနာတတ်တဲ့ အသည်း

ငါက . . . တစ်ယောက်ချင်း။ ဒါမှမဟုတ်၊ အများနဲ့တစ်ယောက်၊ ချချင်တာ။

သိုင်းဆရာက၊ ငါ့ကို၊ လက်သီးထိုးနည်းပဲ၊ ပုံစံအမျိုးမျိုး သင်တယ်။ ခြေကန်နည်းတွေပဲ၊ သင်တယ်။ ကျွမ်းထိုးနည်းတွေပဲ၊ သင်သင်နေတယ်။

လက်သီး . . . လက်ဝါး . . . လက်ဖနောင့်။ လက်ဝါးစောင်း။ တတောင်။

ခြေစောင်း၊ ခြေခုန်၊ ဒူး။ ကန်နည်းတွေ၊ တိုက်နည်းတွေပဲ၊ သင်.သင်နေတယ်။

တစ်ယောက်ချင်း၊ ချဖို့၊ မသင်ဘူး။ အပ်ချည်ကြိုးကို၊ တွဲလောင်းချပြီး၊ လက်သီးနဲ့ ထိုးနိုင်းတယ်။

ငါက . . . သဲအိပ်ကို၊ ထိုးချင်တယ်။ လူကို ထိုးချင်တယ်။

ကြာတော့ ငါ, ဆရာကို တောင်းဆိုမိတယ်။

ဆရာ . . .၊ ကျွန်တော် တစ်ယောက်ချင်း၊ ချချင်တယ် . . . လို့။

ဆရာက . . .၊ ပြန်မေးတယ်။ မင်းအာ . . . ဆရာလား၊ ငါက . . . ဆရာလား . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ ...၊ မကျေမနပ်နဲ့ဘဲ။ လက်သီးလိုး ခြေရှေ့၊ သိုင်းကွက် ...၊ သိုင်းကွက်တွေပဲ။ သင်နေရတယ်။

တစ်နေ့တော့၊ ရေနွေးကြမ်းပိုင်းမှာ၊ ဆရာနဲ့ ... အတူထိုင်နေတုန်း။

ဆရာက၊ ငါ့ကို ရေနွေးကြမ်း ပန်းကန်နဲ့ ဘာမပြော ညာမပြော၊ ကောက်ထုလိုက်တာ။

ငါ ... ကာပြီး။ ဆရာ့ နောက်ကျောဘက်ကို ကျွမ်းနဲ့ ထွက်။ ဆရာ့ လက်ကို၊ လိမ်ချိုးပြီးသား ဖြစ်သွားတယ်။

လက်လိမ်ချိုးတာ၊ ခံနေရတဲ့ ဆရာက။ ဟော့ ကောင်။ မင်း ... ဆရာကို ဒီလိုပြန်လုပ်ရသလား ကွ ... ဆိုပြီး။ ငါ့ကို ... ကိုင်ပေါက်လိုက်တာ၊ ငါ ... ဆရာရှေ့၊ ပုံလျက်သားလေး ကျသွားတယ်။

ပြီးတော့မှ ...။ ငါ ... ပန်းကန်လုံးနဲ့ ကောက်ထုရင်၊ လက်ကို လိမ်ချိုး ... ဖို့၊ ကျွမ်းထိုးဖို့ ကာကွယ်ဖို့၊ မင်းကို ... သင်ရသေးလို့လား ... တဲ့။





ငါ ... ဆရာ့ကို၊ ဆရာ ... ကန်တော့ ... ကန်တော့ ... လို့၊ တောင်းပန်ပြီး၊ သူ့အလိုလို ဖြစ်သွားတာပါ ... လို့ ဖြေဖြစ်တယ်။

အသေးစားလေးတွေကို၊ တစ်ခုချင်း ကျွမ်းကျင်နိုင်မှာအောင်၊ လေ့ကျင့်မှု အထပ်ထပ်လုပ်ပြီးမှ၊ မင်း ... တောင်းဆိုတဲ့၊ တစ်ယောက်ချင်း။ ချလို့ရတာ ... ကွ ... တဲ့။ အဆင့်မကျော်ချင်နဲ့ ... တဲ့။

ငါ ... ဘာကို၊ ဆိုလိုတယ်ဆိုတာ၊ နင် ... ညဏ်မီမှာပါ"

"တချို့ ... ဆယ်ကျော်သက်လေးတွေ၊ အောင်မြင်နေတာကျတော့ရော ..."

"ကံ ... မတူဘူးလေ၊ မြသက်ထား။ ကံ ... မတူရင်၊ ညဏ်နဲ့ ဝီရိယနဲ့ ကူရတယ်"

"...။...

...။...

... ... ..."

❐



www.burmeseclassic.com

www.burmeseclassic.com



(နှင် . . . ၊ ငါ ပြောတာ နားလည်ပါလျက်နဲ့ လက်မခံချင်ဘူးဆိုတာ။ ငါ . . . သိပါတယ်။ နားလည်ပါလျက်နဲ့ လက်မခံတာ တကယ် နားမလည်သေးလို့ပေါ့ . . . မြသက်ထားရယ်)

❐ ❐ ❐



(၁၉)

(အိမ်မှာ၊ အင်တာနက် တပ်ပေးပါ့မယ် ပြောတာ၊ နှင် . . . အကြောင်းအမျိုးမျိုးပြပြီး၊ လက်မခံဘဲ၊ တခြား အင်တာနက် ဆိုင်တစ်ဆိုင်မှာ၊ ညနေ (၆) နာရီက,နေ . . . ည (၁၁) နာရီအထိ၊ နှင့်အမေနဲ့ တွေ့ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့၊ သွားသွားနေတာ။

ငါ့ကို၊ အဲဒီ အင်တာနက်ဆိုင်က၊ ဂိမ်းဆော့တဲ့သူတွေ၊ ညည်းနေတတ်လို့ ငါ . . . နားငြီးမှာစိုးတဲ့အတွက်၊ လာမခေါ်ဖို့ နှင် . . . တားဆီးတာ။

နှင် . . . တားတဲ့ကြားက၊ ငါ . . . လိုက်လာမိတဲ့ တစ်နေ့၊ နှင်နဲ့ chatting လုပ်နေတာ၊ နှင့်အမေရဲ့ account ယူ...တဲ့ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတစ်ယောက်ရဲ့ account ဖြစ်နေတာ။

ထွက်လာဖို့

. . . သေသေချာချာ စဉ်းစားထားနော်။

. . . ဆိုတဲ့၊ အချိန်းအချက်၊ စာကြောင်းလေးတွေကို

. . . မြင်ဖူးတာ။

တစ်ပတ် တစ်ရက်၊ မနက် (၆) နာရီက,နေ . . . ည

နာရီအထိ၊ နင့်အဒေါ်အိမ် သွားမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့

နင်၊ အပြင် ထွက်,ထွက်နေတာတွေကို၊ ငါ . . . ဘယ်သူ့မှ

ပါဘူး သက်ထား။

နောက်ပြီး . . . နင် သွားနေတဲ့၊ အင်တာနက်ဆိုင်ပိုင်

ဟာ၊ ငါ့ သူငယ်ချင်းဆိုတာကို၊ နင် . . . သတိမပြုမိတာ၊ နင့်

အပ်ချက်ပါပဲ။

အဲဒီဆိုင်က၊ သူငယ်ချင်းရဲ့၊ နည်းပညာ အကူအညီနဲ့

ဆက်သွယ်-သူတွေ စာရင်းကို၊ ငါ . . . ရထားခဲ့ပါတယ်။

သီဟစည်သူ

ချစ်မောင်

အောင်လေး





သီဟအောင်

ကိုသက်နိုင်လင်း

ဇော်နိုင်လင်း

ရဲမင်းထက်

. . . . . . . . .

. . . . . . . . .

. . . . . . . . .

နင်က၊ ဘာမှ မဟုတ်သေးတဲ့၊ ကြော်ငြာ တစ်ခုနှစ်ခု

တာနဲ့၊ ပရိသတ် မွေးတယ်။ ငါ . . . တကယ် မတားရက်ခဲ့

ပါ မြသက်ထား။

အဲဒီ . . . ပရိသတ်လိုလို၊ ဘာလိုလို . . . စာရင်းတွေထဲက၊

ယောင်ယောက်နဲ့၊ နင် . . . တစ်ခုခုဖြစ်နေပြီဆိုတာ၊ ငါ . . . သိ

င်လေ။

ဖနီးမယားကို၊ လိုက်ချောင်းမြောင်းရတဲ့၊ လင်ယောကျ်ား

ငါ . . . ဘယ်တော့မှ၊ အဖြစ်မခံဘူး မြသက်ထား။)

❐

"အမေကား ဟိုမှာ ... လာနေဖို့ ခေါ်တယ်"

"သွားပေါ့"

"ဦးမာပါ ... လိုက်ခဲ့လေ"

"ငါ့ကို ရှူတယ်ပဲ ပြောပြော။ ငါ့နိုင်ငံမှာပဲ ငါ ... နေမယ်။ နင့်ကို မသွားနဲ့ ... လို့ ငါ ... မတားဘူး။ သွားချင်သွား။ ချမ်းသာမှုဆိုတာ၊ နေရာ မဆိုင်ဘူး။ ကိုယ့်အရည်အသွေးနဲ့ပဲ ဆိုင်တယ်"

"ခဏပဲ သွားမှာလေ"

"ခြောက်လ,လောက်ကို၊ ခဏ ... လို့ ငါ ... မယူဆဘူး။ လေးငါးဆယ်ရက်လောက်ပဲ ... ဆိုရင်၊ ငါ ... လိုက်ခဲ့ပေးမယ်။ ဒီထက်ကြာကြာ ဆိုရင်၊ ငါ ...၊ နုတ်ပြည်မှာတောင်၊ နေနိုင်မှာ ... မဟုတ်ဘူး"

❐



မနာတတ်တဲ့ အသည်း

မြသက်ထားဇါမိခင် ဒေါ်အေးကြိုင်နှင့် ဖုန်းအဆက်အသွယ် ရသည်။

"အမလေး ... ကိုမျိုးချစ်လေး။ မေမေကား သားကို၊ မြင်ဖူးချင်လို့ပါ။ ခြောက်လ,လောက်တော့ လာလည်ပေါ့"

"ကျွန်တော် ... အဲဒီလောက် မအားလို့ပါ"

"သမီးက၊ ပြောပါတယ်။ မင်းက ... မင်း နိုင်ငံကို၊ သိပ်ချစ်တာပဲဆို"

"ကျွန်တော့် ဇာတိကို၊ ချစ်တာပါ။ ဇာတိကို တောင်၊ မချစ်တတ်ရင်၊ နိုင်ငံကိုလည်း၊ ချစ်တတ်မှာ မဟုတ်ဘူး။

နိုင်ငံကိုတောင်၊ မချစ်တတ်ရင်၊ ယဉ်ကျေးမှုကိုလည်း၊ ချစ်တတ်မှာ မဟုတ်ဘူး။

ကိုယ့်ယဉ်ကျေးမှုကိုတောင်မှ၊ မချစ်တတ်ရင်၊ သူတစ်ပါး ယဉ်ကျေးမှုကို၊ ချစ်တတ်သွားလိမ့်မယ်။

ကိုယ့်ဒေသနဲ့ ကိုယ့်ယဉ်ကျေးမှုနဲ့ပဲ လိုက်ဖက်ပါတယ်။ အဲဒါကြောင့်၊ ကျွန်တော် ... ဘယ်ကိုမှ၊ သိပ်,ကြာကြာ မသွားချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သားက ... သိပ်တော်တာပဲ။ ညီမ,လေးကို။ မှားတာရှိရင် ခွင့်လွှတ်နော်။

မေမေ ... စိတ်ချတယ် ... သိလား။ မေမေက,တော့၊ အမြဲတမ်း ... မျှော်နေမှာပဲ"

❑

"ငါ ... သွားရင်။ နှင့် အဖေ မျက်နှာကို၊ ငါ ..., ဘယ်လို ကြည့်ရမလဲ။

နှင်ရော ... နှင့်အဖေ မျက်နှာကို ကြည့်ရက်သလား"

"အဖေ ... မသိအောင် သွားမှာပေါ့"

"လိမ်တာ မကောင်းဘူး မြသက်ထား။ နှင့်ကြည့်ရတာ။ တစ်ခုခုလုပ်တိုင်း၊ တစ်ယောက်ယောက်ကို၊ လိမ်တတ်သလိုပဲ"

"ဦးမာ၊ ခွင့်မပြုရင်၊ မသွားပါဘူး။ လိမ်တယ် ... လို့တော့၊ မပြောပါနဲ့"





"ငါက,လည်း။ ခွင့်မပြုဘူး ... လို့၊ မပြောပါဘူး။ မလိုက်ဘူး ... လို့ပဲ၊ ပြောတာပါ။ နှင့်ဘာသာ၊ သွားချင် ... သွား။

အဖေနဲ့မောင်ကိုတောင်၊ ပစ်ပြီး သွားရက်မှတော့၊ ငါ့ကိုလည်း။ နှင် ... ပစ်သွားဖို့ ဝန်မလေးဘူးဆိုတာ၊ ငါ သိတယ်။

ငါကလည်း။ နှင့်ကို၊ တစ်ခါတည်း ... ပြောထားလိုက်တယ်။ ခြသေ့်ကြီးက၊ ပုရွက်ဆိတ်ကိုက်လို့ မသေဘူး"

"ကျွန်မ ... မရှိရင်၊ ဦးမာ နေနိုင်လား"

"နေတတ်အောင် နေရမှာပေါ့။ ဘယ်လင်မယားမှ၊ အခေါင်းတစ်ခေါင်းတည်းမှာ၊ အတူဝင်ပြီး ... မသေဘူး"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

(နင့် အဖေ၊ အရက် မူးမူးပြီးလာတာ၊ ငါ . . . မကြိုက်ဘူး . . . လို့လည်း။ နင့်ကို၊ ငါ . . . ပြောဖူးတာပဲ . . . သက်ထား။

ငါ, လေသံမာမာနဲ့၊ ပြောဖြစ်တဲ့ အခါတိုင်း၊ "ငါ့ . . . စကားက၊ အမူးသမား စကားမဟုတ်ဘူး။ မှတ်ထား" . . . လို့လည်း တမင် . . . ပြောခဲ့ဖူးပါတယ်။

မူးတဲ့အခါ၊ သမီးကိုတောင်၊ မရှိသေတတ်တော့ဘူး . . . လို့ နင် . . . ပြောထားတဲ့၊ နင့်အဖေအပေါ်၊ နင်,ကိုယ်တိုင်၊ အမုန်းပွားမှာစိုးလို့၊ နင့်အဖေကို၊ နင် . . ., ပိုပြီး . . . ချစ်တတ်အောင် ငါက . . . တမင်သက်သက်၊ နင့်အဖေကို၊ ထိခိုက်စေတဲ့ စကားလုံး





မျိုးတွေနဲ့ "နင့်အဖေလို . . ." ဆိုတဲ့၊ စကားကို၊ ထည့်ထည့်ပြောခဲ့တာပဲ . . . သက်ထား။

သားသမီးဆိုတာ၊ မိဘကို၊ ဘယ်လောက်ပဲ မုန်းမုန်း၊ သူ့, သူ့စိမ်းက၊ မရှိမသေ ပြောတာကိုတော့၊ ဘယ်နှစ်မြို့ပါ့မလဲ။

နင့်အဖေအပေါ် ထားခဲ့တဲ့၊ နင့်အမုန်းတွေ၊ ပြေပြေပြီး၊ ရှိသေတတ်လာအောင်၊ အဖေကိုထိရင်၊ နာတတ်လာအောင်၊ ငါ . . . တစ်ဖက်တစ်လမ်းက၊ စကားရိုင်းတွေ၊ ပြောပေးခဲ့ရတယ် . . . ဆိုတာ၊ နင် . . . ခန့်မှန်းတတ်ခဲ့မှာ၊ မဟုတ်ပါဘူး။)

❒

ကွန်ပျူတာ စာစီတဲ့ အလုပ်တစ်ခုမှာ၊ နင် . . . စာရိုက်တာ၊ စွပေါက်ကျွန်ခဲ့တုန်းက၊ ငါ . . . အပြစ်ပြောတော့၊ နင်က . . . အသေး အမှားကို၊ ဇာသိပ်ချဲ့တယ်လို့၊ ပြောတယ်။

ငါ့ . . . လက်ထဲက၊ စီဒီပြားထည့်တဲ့ ဘူးနဲ့၊ နင့်ကို ပစ်ပေါက်လိုက်မိတယ်။

နင် . . . အဝတ်ထုတ်ပြင်တယ်။ နင့် . . . အဖေ့ရဲ့ညီမ,အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကို၊ နှင် ... ဆင်းသွားဖို့ ပြင်တယ်။ ငါ ... ကိုယ်တိုင် လိုက်ပို့ခဲ့တယ်။ အိမ်လှေကားရောက်တော့မှ ...

"နှင် ...း အပြီးဆင်းတာလား"

"ဟုတ်တယ်"

"နှင် ... အဲဒီမှာနေရင်၊ ဘဝ ... တိုးတက်မလား"

"မျက်နှာငယ်ရုံအပြင်၊ ဘာ ... တိုးတက်စရာရှိမှာလဲ"

"ဒါဆို ...၊ ငါ ... မထားခဲ့နိုင်ဘူး။ ငါ ... လက်ပါမိတာ၊ တောင်းပန်တယ်။ နှင် ... ပြန်လိုက်ခဲ့။

နှင့်ကို၊ အသေးအမွှားလေးတောင်၊ မမှားစေချင်တဲ့ စိတ်နဲ့၊ ငါ ... လုပ်မိတာ။ ကဲပါ ... ငါ၊ တကယ် တောင်းပန်တယ်။ ပြန်လိုက်ခဲ့ပါ"

❐





နောက် တစ်ပတ်လောက်ကြာတော့၊ နှင် ... ကိုယ်တိုင်ရိုက်တဲ့၊ ဓာတ်ပုံကို၊ ကူးပေးတဲ့ သူ၊ အရောင်အတင်အချို့ မှားတော့၊ နှင် ... ဘီလူးစီးသလို၊ ဆေါသ,ဖြစ်တာ၊ ငါ ... ထိုင်ကြည့်နေတယ် သက်ထား။

"ဦးမာ ...။ ကျွန်မ, ဦးမာကို၊ ကန်တော့ပါရစေ"

"ဘာလဲ"

"ကျွန်မ, မှားတုန်းက၊ ဦးမာ စိတ်ဆိုးတာကို၊ အပြစ်မြင်မိတယ်။

အခု ...။ ကျွန်မ, လုပ်တဲ့အလုပ်၊ နည်းနည်းလေး ထိခိုက်တဲ့ အခါကျမှ၊ ကျွန်မ ... ကိုယ်ချင်းစာမိတယ်။

ဦးမာကို၊ ဗိုြဳး ... သဘောပေါက်လာတယ်။ ပြစ်မှားမိသလို ဖြစ်သွားတာရော။ စေတနာကို၊ မမြင်တာရောအတွက်၊ ကျွန်မ, တောင်းပန်ပါတယ်။ ကန်တော့ပါတယ်"

"ငါ ... နှင့်ကို၊ ဘယ်တော့ ဖြစ်ဖြစ်၊ ခွင့်လွှတ်တယ် ... သက်ထား။

www.burmeseclassic.com



ငါ . . . နှင့်အရွယ်တုန်းက၊ နှင့်ကို . . . အခု လို၊ ပြောဆိုနေတဲ့ လူမျိုး။ ငါ့အနားမှာ မရှိခဲ့ဘူး။

ငါ . . . အရမ်း။ ပင်ပန်းခဲ့တယ်။ စမ်းတဝါး ဝါး။ လုပ်ကိုင်ဖြတ်သန်းခဲ့ရတာလေ။

ကဲ . . . ကဲ။ ငါ ခွင့်လွှတ်တယ်။ ငါ့ . . . စေတနာကိုပဲ၊ နှင် . . . ကန်တော့ပါ။ ငါ့ကို၊ မကန် တော့လည်း ရတယ်"

❑

"နှင် . . . မနေ့က၊ နှင့်အဒေါ်အိမ် သွားတာ မဟုတ်ဘူးဆိုတာ၊ ငါ သိတယ်"

"ဘယ်လိုလုပ် သိလဲ"

"ငါ့ စိတ်က . . . သိတာ"

"ကျွန်မ,ကို၊ မယုံတာလား"

"ငါ့ကိုယ်ငါပဲ၊ အကြွင်းမဲ့ ယုံတယ်။ နှင် . . . အပြင်ထွက်တဲ့ နေ့တိုင်း။ ဖုန်းပိတ်ထားတာ၊ နှင်





. . . မရိုးသားတာပဲ"

"ဦးမာက,လည်း။ ဖုန်းလိုင်း . . . မဝင်တာ နေမှာပါ"

(ငါ့ဆီကနေ၊ နှင် . . . ထွက်သွားတယ်။ တခြားတစ်ယောက် နဲ့ ထွက်ပြေးသွားတယ် . . . လို့၊ ငါ . . . အိပ်မက်၊ မက်ထားတယ်၊ သက်ထား။

အဲဒီ အိပ်မက်အကြောင်း၊ ငါ . . . နှင့်ကို၊ မပြောရက်ဘူး။ တချို့ အိပ်မက်တွေက၊ တချို့ လူတွေအတွက်၊ သိပ်, မှန်တတ် တယ် . . . သက်ထား)။

❑

(နှင်နဲ့ငါနဲ့ ပြဿနာ စ,ဖြစ်တဲ့ . . . ည။ နှင် . . . ငါ့ကို၊ မွှေးမွှေးလာပေးတဲ့အချိန်မှာ၊ ငါ . . . ဘာစဉ်းစားနေတာလဲ။ နှင် . . . သိရဲ့လား။ နှင်, မသိနိုင်ဘူး။

ငါ, နှင့်ကို၊ ဗီဒီယို ရိုက်ခွင့်ပေးလိုက်ရင်၊ ကောင်းမလား, လို့၊ စဉ်းစားနေတာ။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်လို့၊ စည်းကမ်းချမှတ်တာ၊ စည်းမျဉ်းဥပဒေနဲ့ ချု
ချယ်ထားသလို၊ ဖြစ်နေသလား ... လို့၊ ငါ ... စဉ်းစားတယ်။

အဲဒီလိုအချိန်မှာ၊ နင်က ... ငါ့ကို၊ ကြင်ကြင်နာနာ၊ အေ
... ပြုံးမှုတာ၊ သိပေမယ့် ...၊ ငါ ... အော်ထုတ်လိုက်မိတယ်။

"ငါ ... အလုပ်အကြောင်း၊ တွေးနေတယ်

မြသက်ထား။ နင့်လို၊ အားမနေဘူး"

နင် ... အိပ်ရာ၊ အစောကြီးဝင်သွားတယ်။ ပြီးတော့ ...
နင် ... မျက်လေးခင်းပြီး၊ အိပ်တယ်။ အဲဒီ ညမှာပဲ၊ ငါ ... ကုလ
ထိုင်ပေါ်မှာ အိပ်ပျော်သွားတယ်။

နင် ...၊ ငါနဲ့ ... အဝေးကြီး၊ ထွက်သွားတယ် ... မျ
အိပ်မက်, မက်ပြန်သေးတယ် ... သက်ထား။)

❑

"ကျွန်မ ... အဒေါ်ဆီ သွားမယ်။ တယ်
နဲ့ပဲ၊ သွားချင်တယ်။ ကားလိုက်ငှားပေးပါ။

"ကိုယ့်ဘာသာ သွားတော့"





(အဲဒီလို ပြောမိပေမယ့်၊ ငါ ... နင့်ကို၊ ကားလိုက်ငှားပေးခဲ့
ပါတယ်။ ဒါပေမဲ့ ... ငါ, လုပ်နေကျ၊ အလုပ်တစ်ခုကိုတော့၊ မလုပ်
ချင်ဘဲ၊ လုပ်လိုက်ပါသေးတယ်။

ငါ ... နင့်ဆီကို၊ ဖုန်းဆက်ကြည့်တယ်။ အရင်အတိုင်းပဲ၊
နင် ..., ဖုန်းပိတ်ထားတယ်)။

❑

("ကျွန်မလည်း၊ ကျွန်မ, ဘဝမှာ ...၊ ကျွန်မ, အမေလို၊
မဖြစ်စေရဘူး" ... ဆိုတဲ့၊ နင်ပြောခဲ့ဖူးတဲ့၊ စကားလေးတစ်ခွန်းကို
ပဲ၊ အတည်ပြုပြီး၊ ငါ ... ကျန်တာတွေ၊ ဆက်မတွေးခဲ့တော့တာပါ
... မြသက်ထား။

ဘယ်ကို၊ နင့်အဒေါ်နဲ့ သွားတယ်၊ နင့်အဒေါ်ဆီ၊ သွားတယ်
... ဆိုတာတွေ၊ မဟုတ်ဘူးဆိုတာ၊ နင့်အဒေါ်နဲ့ငါ ... အဆက်
အသွယ်လုပ်ကြည့်ရုံနဲ့၊ ငါ သိနိုင်တယ်ဆိုတာ၊ နင် .. မတွေးမိခဲ့
တာဘဲ၊ ဖြစ်မှာပါ။

ငါက, လူကြမ်းကြီးပါ သက်ထားရယ်။



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို၊ ရေကူးသင်ရင်တောင်၊ ချော့ချော့မော့မော့ သင်ပေးမယ့်သူ၊ မဟုတ်ပါဘူး။ ရေထဲပစ်ချလိုက်တဲ့နည်းနဲ့ သင်ပေးမယ့်သူပါ။

နင် ... ရေကူးတတ်မယ်ဆိုရင်တောင်၊ ရေကူးကန်လှလှလေးတွေထဲမှာ၊ ကူးတတ်ရုံလောက်၊ ငါ ... သင်ပေးမှာ၊ မဟုတ်ပါဘူး။ မြစ်တွေ, ပင်လယ်သမုဒ္ဒရာတွေရဲ့လှိုင်းတွေ, လေတွေကြားမှာ ကူးရဲနိုင်စွမ်းတဲ့အထိ၊ သင်ပေးချင်တဲ့ သူပါ။

နင် ... ငယ်ငယ်က၊ ကြာသာပတေးသမီးတွေက ... ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပြောခဲ့တာလည်း။ နင့်ကို၊ အားပေးရုံသက်သက်ပါ။ ငါ ... ဗေဒင် မတတ်ပါဘူး။ ငါ ... ဗေဒင် ... အားမကိုးပါဘူး။

ဗေဒင်အားမကိုးပါဘူးဆိုတဲ့၊ ငါက, နင့်ကို၊ ခေါ်တာတောင် မြ, သက်, ထား ... လို့ တမင် ခေါ်ခဲ့တာပါ။ တမင် ခေါ်ပေးခဲ့တာပါ။

ကြားဖူးနားဝ, နေ့နာမ်အစဉ်ဖြစ်တဲ့၊ ကြာသပတေး၊ သောကြာ၊ စနေ ... အစဉ်လိုက်၊ တက်,သွားတဲ့၊ မြ, သက်, ထား ... ဆိုတဲ့၊ နင့် နာမည်ကို၊ နေ့နာမ် အတက်ဓာတ်ဖြစ်အောင်၊ (တမင်) မြသက်ထား ... လို့, ခေါ်ပေးခဲ့တာပါ။

ငါ ... တကယ်၊ ရင်ထဲက၊ ခေါ်ချင်တာက ...





"သက်ထား" ... ဆိုတဲ့၊ နှစ်လုံးတည်းပါ။

ဒါက ... ဒီလိုကြောင့်၊ ဟိုဟာက ... ဟိုလို့ကြောင့် ... လို့၊ ရှင်းလင်း ပြောပြပြီးမှ၊ ငါ့ မေတ္တာစေတနာကို၊ အမွှန်းတင်ပြဖို့၊ ငါ ... တကယ် ဝါသနာမပါခဲ့တာပါ။

နင့်ကို၊ ငါ ... သိပ်ချစ်ခဲ့တယ် ... ဆိုတာ၊ ကမ္ဘာပေါ်မှာ၊ ငါ့ကိုယ် ... ငါပဲ အသိဆုံးပါ။

ဒါပေမဲ့ ... သက်ထားရယ်။

ဝေးရမယ့် ကံ ပါလာပြီပဲ။ ဝေးလိုက်ကြရုံပေါ့လေ။

❐

(နှဖူးပေါ်၊ လက်တင်တင်ပြီး နင် အိပ်နေတာကို၊ တွေ့တိုင်း၊ နှဖူးပေါ်က၊ လက်ကို ပြန်ချနိုင်းရင်း၊ နင် ... ဘာတွေ တွေးနေတယ်ဆိုတာ၊ ငါ ... မသိပေမဲ့၊ နင် ... တစ်ခုခု ကြံစည် တွေးတောနေပြီဆိုတာ၊ ငါ သိပါတယ်)။

❐ ❐ ❐

www.burmeseclassic.com

## (၂၁)

"စောစောအိပ်။ မနေ့က,လို့ ဖျာခင်

အိပ်မနေနဲ့။ ခုတင်ပေါ်မှာ အိပ်"

"စာဖတ်ဦးမယ်"

"ဖတ် . . . ဖတ်။ အိပ်ရေးမပျက်စေနဲ့"

နှင် . . . ဖတ်တဲ့ စာအုပ်ထူထူရဲ့ နာမည်ကို . . . ငါ

လိုက်မိတာ, ငါ . . ., ရင်ထိတ်သွားတယ် . . . သက်ထား။

စာအုပ်နာမည်က . . .

ကမ္ဘာရန် . . . တဲ့။

"ကျွန်မ အဒေါ် . . . ဝမ်းကွဲနဲ့ ခရီးထွက်





တယ်"

"ဘာကိစ္စ"

"သူ့ကုမ္ပဏီ ပရိုမိုးရှင်းအတွက်၊ ကျွန်မ,ကို ခေါ်တာ"

"အေး။ ငါက,လည်း လိုက်ချုပ်ချယ်သလို စကားပဲ၊ ပြောတတ်တယ်။

နှင့်, အာရုံက၊ များလွန်းတယ်ဟာ။ နှင့်, စတော(လ်)ပုံတွေ၊ နိုင်ငံမနှံ့သေးဘူးဟ။

သူတို့ကုမ္ပဏီ ပရိုမိုးရှင်းကို၊ နှင်, လုပ်ပေးရအောင်၊ နှင်က . . . ဘာမှမှ၊ မဟုတ်သေးတာ။

နှင် . . . ကျော်ကြားပြီးတော့မှ၊ လုပ်ပေးရင်၊ နှစ်ဦးနှစ်ဖက်၊ ပိုကောင်းမယ်"

"ပြောကြည့်တာပါ။ ခွင့်မပြုဘူးဆိုတာ သိပါတယ်"

"...။

... ...။ ...။

... ..."

(နှင် . . . တခြား တစ်ယောက်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခရီးရှည်ထွက်ဖို့ ချိန်းဆိုထားပြီးသား ... ဆိုတာ

ငါ ... သိတယ် ... သက်ထား။

ဒါပေမဲ့ ... ခန့်မှန်းခြေစကားနဲ့ ငါ ...

မယှိုးစွပ်ရက်ဘူး ... မြသက်ထား)

❑

(ငါတို့နှစ်ယောက်က၊ နှစ်လတစ်ခါလောက်၊ အဝတ်

အဟောင်းတွေကို၊ နွမ်းပါးတဲ့သူတွေ၊ ပေးပေးပစ်တယ်။ ဒါန လုပ်

တာပေါ့ဟာ။

မနက်လင်းတော့၊ အဲဒီ ... နွမ်းပါးသူတွေကို၊ ပေးမယ့်

အဝတ်အစားထုပ်ထဲမှာ၊ နှင့်မွေးနေ့တုန်းက၊ ငါ,ဝယ်ပေးခဲ့တဲ့၊ နှင်း

မွေးရက်နံပါတ်လေးပါတဲ့၊ အကျႌတစ်ထည်ကို၊ ငါ ... တွေ့လိုက်

တယ်။

"နှင် ... တော်တော် ယုတ်တာပဲ မြသက်

ထား။

မွေးနေ့လက်ဆောင်ဆိုတာ၊ သူစိမ်းပေးချင်





တောင်၊ မြတ်မြတ်နိုးနိုး သိမ်းထားရတာ။

အခု ... နှင်က ... ငါ့ပေးတဲ့ လက်ဆောင်

အကျႌကို၊ သူများပေးပစ်မယ်ဆိုတော့၊ ဒါ ... တမင်

ယုတ်နေသလိုပဲ။

နှင်ပဲ၊ အဲဒီ အကျႌကို၊ အကြိုက်ဆုံး ... ဆို"

"ဦးမား၊ အမြဲတမ်း အပြစ်ပြောနေတာပဲနော်။

အခု ... မကြိုက်တော့လို့ ပေးမှာလေ၊ အဲဒါ

... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ နှင် ... လူဆိုး တွေးကြည့်

ပေါ့။

ငါ့ကို၊ မကျေနပ်ရင်၊ မကျေနပ်ဘူး၊ တဲ့တိုး

ပြောပေါ့။ အခုလို ... လုပ်တာ၊ နှင် ... အ,ကသိုလ်

ပေးတာပဲ။

နှင့် ... ခွေးမျိုးတွေ၊ နှင့်ကို နှိပ်တာလည်း၊

မပြောနဲ့လေ။ ငါတောင် ...၊ ကြည့်လို့မရတော့

ဘူး"

"ကြည့်လို့မရရင်လည်း၊ မနေပါဘူး။ ကျွန်မ

... ဆင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... လိုက်လည်း မပို့ဘူး။ လိုက်လည်း ... မခေါ်ဘူး။

ဆင်းချင်ရင် ... ဆင်း။ မတားဘူး"

❑

"အဝတ်ထုတ်ပြင်တာ။ ခြေလှမ်းပြင်တာ။ သေချာတာက,တော့၊ တခြားကို၊ ခြေချစရာ ... နှင့်မှာ ရှိနေပြီဆိုတဲ့ ... အဓိပ္ပာယ်ပဲ။

သေတစ်ပန်သက်ဆုံး၊ ရည်ရွယ်တဲ့သူဆိုရင်၊ ခြေလှမ်းမပြင်ဘူး မြသက်ထား။

နှင့်မှာ ... အဲဒီ ရည်ရွယ်ချက် မရှိဘူး။ နှင့်မှာ ... သာရာနားချင်စိတ်ပဲ ရှိတယ်။

သွား ...။

နှင့်ဘဝ, စုတ်ပြတ်သပ်နေရင်၊ ပြန်လာခဲ့"

"မစုတ်ပြတ်စေရဘူး"

"ကြိုက်တယ်။ ကောင်းကင်က ပျံလာခဲ့။ ငါ



မနာတတ်တဲ့ အသည်း

... ဖက်ကျိုးသွားတဲ့အထိ, မော့ကြည့်မယ်။

လိုချင်တာ ... ရှိရင်၊ တစ်ခါတည်း ... ယူသွား"

"ကျွန်မ, သူတောင်းစား မဟုတ်ဘူး"

"ကောင်းတယ် ...။ အဲဒီစိတ်၊ ကောင်းတယ်"

(မသွားပါနဲ့ သက်ထားရယ် ... လို့ ငါ ... တားချင်တာပေါ့ဟာ။ ဒါပေမဲ့ ...၊ နှင့်မှာ၊ သွားစရာ ရှိနေတာကို၊ ငါ ... သိပြီးသားပဲ။

ပြီးတော့ ...၊ ငယ်ရွယ်သူ ဇနီးမယားကို၊ ဒူးထောက်ရလောက်အောင်၊ တောင်းပန်စရာ၊ ငါ ... ဘာ ဖောက်လွဲဖောက်ပြန်ပြစ်မှုမျိုးကိုမှ၊ မကျူးလွန်ထားဘူးလေ။ နှင်နဲ့ လက်ထပ်ပြီးကတည်း,က ...၊

ငါ ... အနာဂတ် အာရုံထဲမှာ ... နှင့်အတွက်တွေချည်းပဲ စီမံ ဆောင်ရွက်ခဲ့တာ၊ နှင် ... တဖြည်းဖြည်းတွေးကြည့်မှ၊ တရေးရေး မြင်တတ်မှာပါ။

နှင့်ကို၊ ငါ ... ဘာမှတောင်၊ မလုပ်ပေးရသေးဘူး။ နှင် ... သိပ်လောတာပဲ သက်ထား။



www.burmeseclassic.com

www.burmeseclassic.com

[illegible]

စိုက်ပျိုးဖို့ ဖုန်းဆိုးမြေကို ခုတ်ထွင်ရှင်းလင်းပြီး တမန်တောင် မညက်သေးပါဘူး။

ချုံပုတ်ထဲ မျိုးစေ့ ပက်လိုက်လည်း၊ အပင်ပေါက်တာပါပဲ။ ဒါပေမဲ့ ... ငါက,လေ။ စိစိရိရိ တန်းတန်းမတ်မတ်၊ နိုင်နိုင်မာမာလေး။ စိုက်ပေးချင်တာပါ။ နင့်ကို မုန်းတိုင်းကျတာတောင်၊ မပြိုမလဲဘဲ၊ ကျန်ရစ်ခဲ့တဲ့ အပင်မျိုး ဖြစ်စေချင်တာပါ။

ငါ့ဘဝထဲကို၊ ဝင်လာပါ ... လို့၊ ငါ ... မခေါ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို၊ ငါ ... မနှင်ဘဲနဲ့၊ နင် ... ထွက်ခွာဖို့ ပြင်ခဲ့တာပါ။

ငါ ... သော့ဖွင့်ပေးလိုက်တယ် ... သက်ထား။
တစ်နည်းအားဖြင့်၊ နင့်ကို လွတ်လပ်ခွင့် ပေးလိုက်ပါတယ်။
လွတ်လွတ်လပ်လပ်သာ၊ ပျံပါလေတော့)။

❐ ❐ ❐

(၂၂)

"ငါတို့ ... နယ်မှာ၊ နေကြတော့၊ ကျောင်းပိတ်ရက်၊ သူ ... ပြန်လာတာ။ ကောင်လေး တစ်ယောက်ပါလာတယ်။

အရွယ်ငယ်ကြသေးပေမဲ့၊ ငါလည်း ... သိပ်မထိန်းသိမ်းတတ်တော့၊ ပေးစားဖို့လုပ်တာ။

ရန်ကုန်ကို၊ အဲဒီ ကောင်လေးနဲ့ပဲ၊ အတူပြန်သွားတာ။

ပြန်သွားပြီး ...၊ အဆက်အသွယ် မရှိတော့တာ၊ နှစ်နှစ်ကျော်။

www.burmeseclassic.com



သူ . . . ဆက်သွယ်တော့ မင်းနဲ့ . . . လက်ထပ်မလို့ . . . တဲ့။ ငါ . . . အဖေပါကွာ။ မလုပ်သင့်တာ၊ မလုပ်ဖြစ်အောင်တော့၊ တားချင်စိတ် ရှိပါသေးတယ်။

မာယနဲ့ ယူရအောင်၊ ဟိုကောင်လေးက,ရော . . . ဆိုတော့။ ပြတ်ပြီးပြီ . . . တဲ့။

အဲဒါကြောင့်၊ မင်းကို . . . ငါ, ဘာမှ၊ မစစ်မမေးတော့ဘဲ၊ လက်ထပ်ခွင့်ပြုခဲ့တာ။

မိဘ,တွေ၊ အသုံးမကျခဲ့လို့၊ အထူးသဖြင့်၊ ငါ,ကိုယ်တိုင်က၊ ပွေခဲ့ ရှုပ်ခဲ့လို့ ငါ့ သမီးကို၊ မထိန်းကျောင်းတတ်ပေမဲ့၊ ငါ့သမီး စရိုက်ကိုတော့၊ ငါ . . . သိပါတယ်။

သူ့မှာ . . .၊ တစ်နေရာတည်းမှာ . . .၊ နေမပျော်တဲ့ စိတ်ရောဂါ . . . ရှိတယ်။

ဒါပေမဲ့ . . . သူ့ပါးစပ်က,ကိုက၊ ကိုမာယက၊ မိဘ, ဆွေမျိုးအားလုံးထက်၊ သူ့အပေါ် ကျေးဇူးကြီးတယ် . . . တဲ့။ မိဘ,ထက်ကို၊ ပိုချစ်တယ် . . . တဲ့။

ဦးမာ . . . လို ယောက်ျားကောင်းမျိုး နောက်



ထပ်၊ ဘယ်မှာမှ၊ မရှိနိုင်ဘူး . . . တဲ့။ ဦးမာက၊ သူ့ဘဝကို . . . သူ၊ နိုင်နိုင်မာမာ။ စနစ်တကျ၊ တည်ဆောက်လာတဲ့ . . . လူ . . . တဲ့။

အဖေ့ထက်၊ အများကြီး သာတယ် . . . လို့ တောင်၊ ပြောတာကွ။

အဲဒီလို၊ သမီး ကိုယ်တိုင် ပြောနေမှာတော့ သူ့ရဲ့ . . . မတည်ငြိမ်တတ်တဲ့ စိတ်ရောဂါအကြောင်း၊ မင်းကို၊ ငါ . . . ဘယ်ပြောပါတော့မလဲ။

ပြောဖို့ မလိုတော့ဘူး . . . လို့တောင်၊ သေသေချာချာ၊ ဆုံးဖြတ်ခဲ့ရတာ''

''စိတ် . . . မငြိမ်တာကိုတော့၊ ကျွန်တော် ခန့်မှန်းမိပါတယ်။

တစ်ခုခု . . . လုပ်ရင်၊ အဖုံးလေး,တွေ . . . ဖွင့်ပြီး၊ ပြန်မပိတ်တာ။ လူတွေ ပြောစကားတိုင်းကို၊ သတိထားလွှန်းတာ၊ အဲဒါလောက်ပဲ ကျွန်တော် . . . သိတယ်။

ကျွန်တော့်အများက၊ သူ . . . ကျွန်တော့် အပေါ်၊ တကယ် . . . ယုံကြည်အားကိုးတာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



လို့။ ယူဆ,ပြီး။ ဆူစရာရှိ . . . ဆူ။ အော်စရာရှိ . . . အော်ပစ်ခဲ့မိတာပဲ။

တွေ့ကရာနဲ့တောင်၊ ကောက်ပေါက်ခဲ့ဖူးတာကို။ ကျွန်တော် ဆူပြီး . . . အော်ပြီးတာနဲ့ ရက်ပိုင်းအတွင်း။ သူ . . . မှားတယ်လို့ ဝန်ခံတာ။

ဩော် . . .၊ ငါ့ စေတနာကို၊ သိသားပဲ . . . ဆိုပြီး။ ကျွန်တော်က, ချိုချိုသာသာကို၊ သိဝ်, မရှိခဲ့ဘူး''

''သူ . . . တောင်းပန်တာ၊ စေတနာကို မြင်တာ၊ မှန်လို့မယ်။ ဒါပေမဲ့ . . . နာစရာတွေကိုတော့၊ မှတ်ထားပုံ ရတယ်ကွ။ ပြီးတော့ . . . မနာလိုစိတ်လည်း။ ကြီးတယ်။

မင်း . . . စိတ်မဆိုးနဲ့ . . . မာယာ။ ငါ, သူ့အဖေတစ်ယောက်အနေနဲ့၊ တိတိကျကျ ပြောမယ်။

မင်းဆီကို၊ သူ . . . ပြန်လာတော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ . . . ဆိုတော့၊ သူ့အမေရဲ့ . . . ဗီဇ။ သူ့အမေရဲ့ . . . စိတ်။ သူ့အမေရဲ့ . . . သွေး။ သူ့မှာ . . . ရှိနေတယ်''





''တခြားလူသာ၊ ဒီစကားမျိုး ပြောရင်၊ ကျွန်တော် စိတ်ဆိုးမိမယ် ထင်တယ်''

''မဆိုးနဲ့၊ ရှာလည်း မရှာနဲ့တော့။ တစ်နေရာကို၊ ကူးသွားတာ၊ သေချာတယ်။

နှစ်နဲ့ချီပြီးမှ၊ သူ . . . ပြန်ပေါ်လာမှာကွ။ ဒီ . . . တစ်ခါ၊ ပြန်ပေါ်လာရင်တော့၊ ငါ . . . သူ့ကို . . . သမီး မတော်ချင်တော့ဘူး။

အဲ . . . ရှုံးကြောင်း၊ မှုံးကြောင်းနဲ့၊ ကိုယ့်ကိုယ်ကိုယ်၊ ထင်တစ်လုံး ဖြစ်နေတဲ့ . . . စိတ်၊ ဟိုကူး . . . ဒီကူးစိတ်က,တော့၊ ငါ့ . . . သွေး, ငါ့ဗီဇပေါ့ကွာ။ ဟဲဟဲ''

''ကျွန်တော် . . .၊ ဒီ, အိမ်ကို လာမယ်ထင်လို့၊ တမင်, သော့ ဖွင့်ပေးလိုက်တာလည်း။ ပါ,ပါတယ်။

တခြားကို၊ ခြေလှမ်းပြင်တာ၊ မကြိုက်လို့၊ သော့ဖွင့်ပေးလိုက်တာလည်း၊ ပါ,ပါတယ်''

''ငါ့ဇနီးနဲ့၊ ငါ့သမီးက၊ အပြေးအပုန်း။ သိပ်တော်တယ်ကွ။ မင်း . . . ရှာမနေနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးအဖြစ်က၊ စွန့်လွှတ်ခြင်း ... သာ၊ ထည့်လိုက်တော့။ ငါ့ကို ... ဘာမှ၊ အားနာမနေနဲ့''

''ကျွန်တော် ... ဘာမှ မထည့်ပါဘူး။ ပြီးတော့ ... သူ ကျွန်တော့်ကို၊ လက်ထပ်တာ။ မှတ်ပုံတင်အတူနဲ့ လက်ထပ်တာ''

''ဘာ''

''သူ့မှာ ...၊ မှတ်ပုံတင် အစစ်က၊ တစ်ခုတည်းပါ။ ကျန်တာက၊ အတု''

''ဒါဆို၊ သူ ... နောက်ထပ်, ယူမယ့်ယောက်ျားကို၊ မင်း ... တံရားစွဲလို့ မရတော့ဘူးပေါ့ကွ''

''ကျွန်တော့်မှာ၊ အဲဒီ အစီအစဉ် မရှိပါဘူး။ သူ ... ဘာလုပ်လုပ်။ ကျွန်တော့်ကို၊ မစော်ကားလောက်ဘူး ... လို့၊ ယုံကြည်ပြီး။ ကျွန်တော် ... ဘာမှ၊ စစ်လား ဆေးလား မလုပ်ခဲ့ဘူး။

ကျွန်တော် သူ့ကို၊ လက်ထပ်တာ၊ သူ့ကို ကူညီဖို့၊ လက်ထပ်တာပါ။ အခု ... အကူအညီ မလိုတော့လို့၊ ထွက်သွားတယ်ပဲ၊ ကျွန်တော် တွေး





ပါတယ်။

ကျွန်တော် ... သူ့ကို၊ သိပ်ချစ်ခဲ့တာပါ။ ဒါပေမဲ့ ... အချစ်ကို၊ သူ ... မမြင်ဘူး''

''တခြားသွေးက၊ ဆူပွက်နေရင်၊ နှလုံးသားက၊ နှလုံးသွေးကို၊ မမြင်တော့ဘူးကွ။ ဟား ဟား ဟား ဟား''

''...

...။ ...''

''...။

... ... ...

...။ ... ...

... ... ...''

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

"မှတ်ပုံတင် အတူနဲ့ မင်းကို လက်ထပ်တယ်ပဲ . . . ထား။

မင်း . . . အသိုင်းအဝိုင်း၊ သူ့ . . . အမေ၊ သူ့အဒေါ်၊ အသိုင်းအဝိုင်းက၊ လူသက်သေတွေ . . . အများကြီးပဲ။

ဟိုကောင်လေးကို၊ မင်း . . . တရားစွဲလို့ရတယ်လေကွာ"

"ဘာလုပ်မှာလဲ . . . ကွာ။ ပြန်ရလို့မှလည်း ငါ့မှာ မရှိခဲ့သလို။ မစားရတဲ့ အမဲ သဲနဲ့ ပက်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်း၊ မလုပ်ချင်တော့ဘူး''

"အော ...။ မင်းက,သာ ... မလုပ်ချင်တာ။ မြသက်ထားက၊ သီဟာစည်သူ့ အသိုင်းအဝိုင်းမှာ ဘယ်လို သတင်းလွှင့်ထားသလဲ၊ သိလား။

သူ့ အမေက,တောင်၊ မင်းကို၊ တရားစွဲ ခိုင်းတာ ... တဲ့၊ အလိုမတူတဲ့၊ ပေါင်းသင်းမှုနဲ့ ..."

"ငါ ... ပြောပြီးပြီပဲ ... ဇော်ဇရယ်။ ငါ ... သူ့ကို၊ ကူညီမယ့်သူပါ။

သူ ... စော်ကားရဲရင်၊ ရှေ့တည့်တည့် လာ ... စော်ကားပါစေ။

သူ့ အနေအထိုင်လေး၊ ချောင်းချိုဖို့ ငါ ... မဟုတ်သတင်းလေးတော့၊ လွှင့်ရမှာပေါ့။ ဒါ ... သူ့လုပ်ပိုင်ခွင့်ပဲ''

"ဘာလဲ ...၊ မင်းက ... ခန္တီစ၊ သည်းခံ ပါ၏။ ... ခွင့်လွှတ်ပါ၏။ ... လား''

"ခွင့်လွှတ်တာ၊ ခွင့်မလွှတ်တာ။ ငါ ... မတွေးဘူး။ ငါ့ ... ရင်ထဲမှာ၊ သူ ... မရှိတော့ဘူး လေ။





အဲဒီတော့ ...၊ ဘာမှ ... မရှိတော့ဘူး။ ရှိချင်တယ်ဆိုရင်။ သူ့ ... နှုတ်စကားတချို့ကြောင့် ငါ့ စရိုက်ဆိုးတချို့ ပြောင်းလဲစေခဲ့တာပဲ ...။ ကျေး ဇူးပြုမှုသူပဲ ... ဆိုတဲ့။ အသိပဲ ... ထားတယ်။

သူ့ အရင်က၊ ငါ့ ပေမှု ရှုပ်မှုတွေကိုပဲ၊ သူ ... စိတ်နာသွားတယ် ...။ ဒီလိုပဲ ... တွေးလိုက် ပါတယ်''

"အမေ့ကိုတော့၊ ကျွန်တော် ... ဆူဆဲပစ် လိုက်လို့၊ ထွက်ပြေးသွားတယ်ပဲ ... ပြောထားရတာ ပေါ့။

အသေးစိတ်၊ မပြောပြထားဘူး''

"မင်းနဲ့ မြသက်ထား၊ လက်ထပ်တဲ့နေ့က၊ မင်း ... အမေရဲ့၊ မျက်ရည်က။

မိခင်တစ်ယောက်ရဲ့၊ အနာဂတ်ကြိုပြီး ငိုတဲ့ ... မျက်ရည်ပဲကွ။

မိခင်တွေများ ...၊ သားသမီးနဲ့ ပတ်သက် ရင်၊ ဉာဏ်က, မသိရင်တောင်၊ နှလုံးသွေးက၊ သိတတ်လိုက်ကြတာနော်''



www.burmeseclassic.com

www.burmeseclassic.com



"မြသက်ထား ပြုံးတဲ့အထဲမှာ၊ အဲဒီ ... မျက်ရည်လည်း၊ ပါကောင်း ပါနိုင်တာပေါ့ကွာ။

အမေ့ မျက်ရည်ကို၊ အတိတ်နိမိတ်မကောင်းတဲ့၊ မျက်ရည် ... လို့၊ ခံစားရပြီး၊ ငါလည်း၊ ရင်ထိတ်ခဲ့ရတာပါပဲ"

"မင်း ... အဲဒီလို မပြောနဲ့ ... မာယာ။ မင်းအမေရဲ့ မျက်ရည်ထဲမှာ၊ ခံစားမှုနဲ့ သိတဲ့၊ ဉာဏ်စွမ်းအားတွေ ... ပါခဲ့တာပါကွ"

"ဟုတ်မှာပါ"

"ဟုတ်ရမယ်လေ၊ မင်းသာ ... မိခင်ဖြစ်သူရဲ့ ရင်ထဲက၊ ဉာဏ်စွမ်းကို၊ မြင်တတ်ရင်၊ အဲဒီ ... လက်ထပ်ပွဲကို၊ ဖျက်ပစ်လိုက်ရမှာ"

"ငါ ... မင်းကို၊ ပြစရာ ရှိသေးတယ် ... ဖော်ဇ"

"ဘာလဲ"

"မြသက်ထား၊ ထွက်သွားပြီး၊ တစ်လ, ကြာတော့၊ ငါ့ ... Mail ထဲကို ပို့တဲ့စာ"

"အဲဒါ ... အခုမှ၊ ပြရသလား"





"အခုမှ၊ ပြချင်စိတ် ဖြစ်လို့ပေါ့"

ဦးမာယာ၊ ကျွန်မ, ဘယ်တော့မှ၊ ပြန်လာမှာမဟုတ်ပါဘူး။ ကျွန်မနဲ့ဦးမာယာနဲ့၊ နောက်ထပ်, ပတ်သက်စရာ အကြောင်းလည်း၊ မရှိတော့ဘူး။ ကျွန်မ, ဘဝနဲ့ ကျွန်မ၊ နေပါရစေ။

အခု ... ကျွန်မ ဘဝ,က၊ ဦးမာယာ ပြောသလို, စတ်ပြတ်သတ်မယ့် ဘဝ,တော့၊ မဟုတ်ဘူး။ အကုန်အဆင်ပြေတယ်။ ဦးမာယာကို၊ ကျွန်မ, ပတ်သက်ခဲ့မိတဲ့အတွက်၊ ကိုယ့်ကိုယ်ကိုယ် နောင်တ, ရလို့လည်း၊ မဆိုးဘူး။

ဒါပေမဲ့ ... အဲဒီ အမှားကို၊ စောစောစီးစီး မြင်နိုင်ပြီ ... လို့၊ ကျွန်မ, ထင်တယ်။

ဦးမာယာ မျက်နှာကိုလည်း၊ မမြင်ချင်သလို၊ အသံလည်း၊ မကြားချင်ဘူး။ ဖောက်ပြန်တတ်တဲ့ မျိုးရိုးက၊ ဆင်းသက်လာတဲ့သူပဲ။ ဖောက်ပြန်လိုက်ပြီလို့ပဲ၊ မှတ်လိုက်တော့။ ကျွန်မ, တကယ်ပြောနေတာ။ မိသားစုကို ဘာအနှောင့်အယှက်ပဲ ရှိရှိ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းလုရှိုး(ချင်းချောင်းနဲ့)

ဂရုမစိုက်ဘူး။ လိုလည်း မလိုဘူး။

ကျွန်မ့မှာ၊ ကိုယ့်ဘာသာ၊ ရပ်တည်နိုင်တဲ့ စွမ်းအား . . . ရှိတယ်။ ကျွန်မ၊ အခု . . . ကျန်းမာနေတယ်။ အထူးသဖြင့် အလွန်အမင်း စိတ်ချမ်းသာနေတယ်။

ဦးမာဃအိမ်မှာ၊ နေရတုန်းက၊ နေ့စဉ်ရက်ဆက် စိတ်ဆင်းရဲခဲ့ရတာနဲ့၊ အခုက၊ တခြားစီပဲ။ ကျွန်မ့ကို၊ မတောင်းလည်း မတောင်းပန်နဲ့။ ငြိမ်းလား ခြောက်လားလည်း၊ မလုပ်နဲ့တော့။ မကျေနပ်လို့၊ လမ်းမှာတွေ့ရင်၊ သတ်ပစ်လိုက်လို့ရတယ်။ ဘယ်တော့မှ ပြန်မပတ်သက်တော့တာတော့၊ အသေအချာပဲ။

ဘဝ အဆက်ဆက် မဆုံဆည်းရဖို့ကိုလည်း ဆုတောင်းတယ်။

ကွာရှင်းပြတ်စဲခြင်းတွေ၊ ဘာတွေ၊ လိုအပ်တယ်ထင်ရင်၊ သတင်းစာထဲက၊ ကြေညာလိုက်။

ဦးမာဃ ဘယ်သူ့ကိုပဲ၊ အကူအညီတောင်းသည်ဖြစ်စေ၊ ကိုယ်တိုင်အားထုတ်သည်ပဲ ဖြစ်စေ



မနာတာတ်တဲ့ အသည်း

ကျွန်မ့ကို၊ ပြန်ခေါ်ဖို့၊ မကြိုးစားနဲ့။ ဦးမာဃ အိမ်မှာ၊ နေရမယ့်အစား၊ ကိုယ့်ဘာသာပဲ၊ သတ်သေလိုက်မယ်။ နောက်ထပ်၊ ကျွန်မ မေးလ်ထဲကို၊ ဘာ . . . ရှုပ်ရှုပ်ယှက်ယှက်မှ၊ လာမရေးပါနဲ့။

ကျွန်မ၊ စိတ်ထဲမှာ၊ မာဃဆိုတာ၊ ဘယ်တော့မှလည်း၊ ရှိတော့မှာ၊ မဟုတ်ဘူး၊ ရှိလည်း မရှိတော့ဘူးလို့၊ မှတ်လိုက်ပြီ . . .॥ ॥

"မင်းက၊ သူ့ဆီကို၊ မေးလ်တွေ ပို့ခဲ့တာပေါ့"

"စည်းကမ်းတင်းကျပ်တဲ့၊ ကျောင်းအုပ်ဆီက၊ ထွက်ပြေးသွားတဲ့၊ ကျောင်းသူတစ်ယောက်လို့ပဲ ယူဆ့ပါတယ်။ ပြန်လာပါ . . . ဆိုတာမျိုး။

ဪ . . . မေတ္တာ ဘယ်လောက် ထားခဲ့တယ်။ ဆိုတာမျိုးတွေ . . . ရေးပို့ခဲ့တယ်။ တောင်းပန်တဲ့ စကားတွေလည်း၊ ပါတာပေါ့"

"တော်တော်ရှာခဲ့သေးတာပေါ့"

"ပျောက်သောသူ ရှာရင်တွေ့ . . . ဆိုပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေတဲ့သူကို၊ ငါ . . . မရှာချင်ပါဘူး။ ဒါပေမဲ့ . . .၊ ငါ, ရှာခဲ့တယ်။ ငွေသိန်းပေါင်းများစွာ၊ ကုန်တဲ့အထိ, ငါ . . . ရှာခဲ့ပါသေးတယ်။

တခြားသူဆီကို၊ အာရုံ ညွတ်ရုံလောက်ပဲ . . . လို့၊ ယူဆ,ပြီး၊ ရှာခဲ့ပေမဲ့၊ သူ . . . တကယ်၊ ကူးပြောင်းသွားတဲ့ သတင်း၊ သိရတော့မှ၊ ငါ . . . စိတ်ထဲက၊ ထုတ်ပစ်လိုက်တာပါ''

''ဒီ . . . စာက၊ အနားမှာ . . . တစ်ယောက်ယောက် ရှိနေပြီ . . . ဆိုတာ၊ ခန့်မှန်းလို့၊ ရတဲ့ . . . စာပဲ၊ အဲဒါ . . . မင်း, မသိဘူးလား''

''သိတယ်။ စိတ်နာချိန်မို့၊ တခြားကို၊ အာရုံပြုတယ်ပဲ၊ ငါ . . . ယူဆခဲ့တာလေ။ ငါ . . . သူ့ကို၊ တကယ် ကူညီချင်ခဲ့တာပဲ။

တခြားကို ကူးသွားပြီဖြစ်တဲ့ အခု . . . အချိန်တောင်၊ သူ . . . လိုချင်ဦးမယ်ဆိုရင်၊ ငါ . . . ကူညီဦးမှာ''

''တော်ပါတော့ . . .၊ မာဃရယ်။ ဒီ . . . စကား၊ မေမြတ်နိုးလှိုင် ကြားသွားရင်၊ မကောင်း





ဘူးလေ''

''လှိုင်။ သဘောထား မသေးပါဘူး။ ကူညီမှုဆိုတာ၊ လူချင်း ပတ်သက်မှ၊ ကူညီရတာမှ၊ မဟုတ်တာ။

ငါ့ဘ၀, အလုံးစုံကို၊ လှိုင် . . . နားလည်ပါတယ်။ မြသက်ထားကို၊ ငါ . . . ထပ်ပြီး၊ ကျေးဇူးတင်စရာ၊ ရှိသေးတယ်။

အဲဒါက . . .၊ ဘာလဲ . . . ဆိုတော့၊ ဘယ်သူ့အပေါ်ဖြစ်ဖြစ်။ စေတနာကောင်းမှန်ရင်တောင်၊ စကားချိုသာရမယ် . . . ဆိုတဲ့၊ အသိတရား။

အဲဒါ . . . မြသက်ထား ပေးသွားတဲ့၊ အသိဉာဏ်ပဲ။ အဲဒီ့အတွက်၊ ငါ . . . သူ့ကို ကျေးဇူးတင်တယ်။

သူ့ခမျာ၊ မိဘ . . . ဆွေမျိုးကြောင့်၊ စိတ်အခံလေး နဲ့နေတာကို၊ ငါက, မချိုသာတဲ့၊ စေတနာလှိုင်းတွေ . . . ထန်ခဲ့မိတယ်လေ။

နာကြားဖူးတဲ့, ရဟန်းတစ်ပါးရဲ့၊ စကားနဲ့ ပြောရရင်၊ နို့အကွဲကို၊ ခဲနဲ့ ထုခဲ့သလို၊ ဖြစ်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... စိတ်မနာဘူးလားဟင် မာယာ။ အသည်း မနာဘူးလား"

"စိတ်ဆိုတာ၊ နှလုံးသားမှာ၊ ရှိနေတာလေ ကွာ။ စိတ်နာတယ် ... အသည်းနာတယ်ဆိုတာ၊ ကိုယ့်နှလုံးသားကို၊ ကိုယ် ... ပြန်ပြီး၊ ညစ်အောင် လုပ်တာနဲ့၊ အတူတူပဲ။

နှလုံးမှာ၊ နှလုံးသွေး ... ရှိတယ်။ နှလုံးသွေး ထဲမှာ၊ နာတဲ့ ... မုန်းတဲ့ စိတ်ရှိရင်၊ အဲဒီ နှလုံး သွေးက၊ တစ်ကိုယ်လုံး၊ ပျံ့နေတာလေ။

ငါ့ တစ်ကိုယ်လုံး၊ မကောင်းတဲ့ ... လှိုင်း တွေ၊ သွေးကြောတွေက၊ တစ်ဆင့် ပျံ့နှံ့ကုန်မှာပေါ့။

အဲဒါကြောင့်၊ ငါ ..., ဘယ်သူ့ကိုမှ၊ မုန်း လည်း မမုန်းဘူး ...၊ စိတ်လည်း မနာဘူး။ အသည်းလည်း၊ မနာဘူး။

အရိယာကြီးတွေလို ဉာဏ်ပညာ မထက်မြက် ခဲ့ပေမယ့်၊ ဗဟုသုတ၊ လောက်နဲ့တော့၊ ငါ့အသည်း နှလုံး၊ မညစ်ပတ်အောင်၊ ငါ, နေတတ်ရမှာပေါ့"

"မြသက်ထားက၊ အခု ... သူ့အဖေနဲ့၊





အဆက်အသွယ် မရှိပြန်ဘူး ...တဲ့"

"သူ ... အဆင်ပြေသလို နေပါစေတော့ ကွာ။ ငါ ... ဘာမှ၊ မစွက်ဖက်ချင်ပါဘူး။

လှိုင် ... နဲ့၊ လက်ထပ်မှာမို့၊ မစွက်ဖက်တာ မျိုး၊ မဟုတ်ဘူး။ ကံ ကုန်သွားပြီ ... ဆိုတဲ့၊ အသိ ဉာဏ်နဲ့ မစွက်ဖက်ချင်တာပါ။

မင်းကိုလည်း၊ တစ်ခုလောက်၊ တောင်းပန် ရဦးမယ်"

"ဘာလဲ"

"မြသက်ထားရဲ့ လက်ရှိအခြေအနေကို၊ ထိခိုက်မယ့်၊ ဘယ်စကားကိုမှ၊ ဘယ်သူ့ကိုမှ၊ မပြောပြစေချင်တာပါ"

"မင်း သူငယ်ချင်းတစ်ယောက်အနေနဲ့၊ မင်းဘက်က၊ မခံချင်စိတ်ပဲ၊ ငါ ... ထားမိတာပါ။ ကျန်တဲ့စိတ်၊ ငါ ... မထားတော့ဘူး"

"ကျေးဇူးပါပဲ ... သူငယ်ချင်းရာ"

"လာပြန်ပြီ ...၊ ဒီ ... ကျေးဇူး။ ကျေးဇူး ... ဆိုတာကို၊ မမြင်တတ်တဲ့ လူရှေ့မှာ၊ သိပ်မပြော



www.burmeseclassic.com

www.burmeseclassic.com

ဆောင်လှမျိုး(ချင်းချောင်းနှ)

မိစေနဲ့ . . . မာယ''

''. . . ။ . . .

. . . . . . . . . ။

. . . . . .''

❑

(ဘယ်သူ့ကိုမှ ပြောမပြချင်ပေမဲ့ လှိုင့်ကိုတော့ ငါ . . . ပြောပြရလိမ့်မယ် သက်ထား။ လှိုင် . . . သိချင်သည် ဖြစ်စေ၊ မသိချင်သည် ဖြစ်စေ။

''သိပ်ချစ်တယ်'' . . . လို့ နင့်ကို ငါ . . . မပြောခဲ့မိတဲ့အတွက်။ ငါ . . . , ဘယ်လို အထင်အမြင်လွဲတာ၊ ခံခဲ့ရတယ်ဆိုတဲ့ အကြောင်း . . .

ငါ . . . ''သိပ်ချစ်တယ်'' . . . လို့ ပြောမယ့် လှိုင့်ကိုတော့ သေသေချာချာ၊ ငါ . . . ပြောပြရလိမ့်မယ်။

တခြား . . . ဘယ်သူ့ကိုမှ ငါ . . . မပြောပြချင်ပါဘူး။

ငါ . . . ပြောပြရာ၊ စကားတွေအားလုံး၊ ချစ်ခြင်းတရားရဲ့



မနာတတ်တဲ့ အသည်း

ငုပ်ကွယ်နေတဲ့ သဘောသဘာဝ တွေကို၊ ရှည်ညွှန်းသလို၊ အဲဒီ . . . သဘောသဘာဝ တွေ၊ အားလုံး . . .

ငါ . . .

လှိုင့်ကို ရည်ညွှန်းပါတယ် . . . ။ လှိုင့်ကို ပြောပြနေတယ် . . . လို့ပဲ၊ ခံစားပါတယ် . . . ။)

ရင်ထဲမှာတော့၊ ခါးသက်ခဲ့ရတာပေါ့ သက်ထားရယ်။

❑

သက်ထား

အသက်ကိုတောင်

အပ်နှံထားပါလျက်၊

အမျက်သို့လှောင်

ညှိုးမှောင် ညစ်ရက်သလား။

တစ်ပင်မလဲသေးပါဘဲ

အပင်အမွှဲကို၊ အရှင်ခွဲကာ

www.burmeseclassic.com



သစ္စာယွင်းသူရဲ့

အိုးချည်း ... ကျန်
ပန်းကန်ကုန်အောင် လျက်ပြီးခါမှ၊
ချွတ်နင်း ... ညာ
အသာ နောက်ချန်သွား။

ဟို ...
နှစ်ကိုယ် ပန်းတိုင်ဆီ
ရောက်ရန်ခက်ခက်
ခရီးဆက်မယ့်, သူမှာလေ ...
ဖောက်ပြန်ချက်
သက်သက် ... ခါး။ ။

❑ ❑ ❑



(၂၄)

"ဘာ ...။

မင်း, တကယ်ပြောတာလား ... ဖော်ဖျ
တကယ် ... ကားမှောက်တာလား။ သူ ... ဆုံးတာ၊
တကယ်လား"

"မင်း ... မကြားချင်မှန်းလည်း ငါ, သိ
တယ်။ သူ့အကြောင်း ... မပြောစေချင်တော့တာ
လည်း၊ ငါ ... နားလည်တယ်။

ဒါပေမဲ့ ...

နာရေး သတင်းမို့ ငါ, ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေကွာ"

'သူ . . . တစ်ယောက်တည်း ဆုံးတာ။ ပွဲချင်းပြီး။

ကျန်တဲ့လူတွေ . . . ပွန်းပဲ့ရုံပဲ"

"ဘာ ခရီးသွားတာတဲ့လဲ"

"ဗီဒီယို သွားရိုက်တာ . . . တဲ့။ သူ . . . အခုမှ စ,ရိုက်မှာ"

"ကြားရတာ . . . ၊ ငါ, စိတ်မကောင်းဘူးကွာ။

ငါ့အမှား၊ မကောင်းဘူး . . . လို့တောင်၊ ခံစားရတယ်"

"မင်းက,လည်းကွာ။ သူ့ကံကို၊ မင်း . . . ဖန်တီးလို့၊ မရပါဘူး။

မင်းနဲ့ ဘာမှ၊ မဆိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင် မနေနဲ့တော့"

"အရင်းစစ်တော့၊ အမြစ် . . . မြေ . . . က,တဲ့"

"ဘာကိုလဲ၊ ဘာကို အရင်းစစ်ရမှာလဲ၊ မင်း



. . . မကြင်နာခဲ့မိလို့ ဒီလို . . . အဖြစ်ဆိုးတယ် . . . ဆိုလိုချင်တာလား"

"လိပ်ပြာ မလုံတာပါကွာ။

သူ့ဘဝခရီးအတွက်၊ ငါက . . . ခရီးစရိတ်တွေ . . . ခရီးလမ်းညွှန်တွေ . . . ဆေးဝါးတွေ၊ အကာအကွယ်တွေ၊ ဘယ်လို . . . ဘယ်လောက် ပေးခဲ့ပါတယ် . . . လို့၊ ယူဆ, ယူဆ။

အဲဒီ့ ခရီးမှာ၊ စီးဖို့၊ ဖိနပ် တစ်ရံ မပေးခဲ့မိဘူး"

"ဘာ ဖိနပ်လဲ . . . မာယ"

"လှလှပပ, နူးနူးညံ့ညံ့၊ ခိုင်ခိုင်ခံ့ခံ့ ချုပ်ထားတဲ့ . . . အချစ် . . . ဆိုတဲ့ . . . ဖိနပ်"

". . . ။ . . .

. . ."

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

မြသက်ထားရဲ့ ရှာပန သတင်းကို၊ ဖေဖော်ဝါရီလတွင်၊ ကျွန်တော် ကြားသိရသည်။ မိဘ,မဲ့ ရှာပန . . . ဟု၊ ခံစား ရင်နင့် ရလေ၏။

ထို ရှာပန အခမ်းအနား . . . သို့၊ မည်သူ ခွင့်ပြုသည် ဖြစ်စေ၊ မည်သူ ခွင့်မပြုသည် ဖြစ်စေ၊ မည်သည့် စိတ်နှလုံးနှင့်မျှ ကျွန်တော် . . . သွားခွင့်မရှိ။

မိုးသကြံ့ုဟ်စက်၏ ခေါင်းတိုင်ဝ, မီးခိုးငွေ့မှုကိုပင်၊ ကျွန်တော် . . . မော့မကြည့်ဖြစ်ခဲ့။ မော့ကြည့်မိခဲ့လျှင်လည်း၊ မြသက်ထားရဲ့ သားနှော အခိုးအငွေ့တွေ . . . ဟုပင်၊ ခံစားမိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဟောင်လျှိုး(ချင်းချောင်း)

မည်သို့ပင်၊ ဖြစ်စေ . . .။ ထို့ ခေါင်တိုင်ဝ,၌၊ ပကာသန . . . သဘာဝ . . . အားလုံး၏၊ လက်တစ်ပြစာ မီးခိုးတန်းလေးများ နေ့စဉ် . . . ခုန်ထွက်, ကွဲပြန့်, ပျောက်ကွယ် သွားကြရစမြဲဖြစ်ကြောင်း . . . တွေးမိစဉ်၊ ဖြူစင်သူကိုရော . . . မဖြူစင်သူကိုပါ၊ ရောနှော မြိုက်သည့်၊ မရဏမင်း၏ အမှိုက်ပုံကြီးပါလား . . . ဟု၊ ခံစားရလေ၏။

သို့သော် . . .၊ သာမန် သစ်သားတုံး တစ်တုံးကိုသော်လည်းကောင်း၊ သစ်မွှေးတုံး တစ်တုံးကိုသော်လည်းကောင်း၊ မီးရှို့လျှင် ပြာမှုန့်ဖြစ်သွားကြရသည် မှန်သော်လည်း၊ ပြာမှုန့်မဖြစ်ခင်၊ သစ်မွှေးတုံး၏၊ မီးခိုးရနံ့သည်၊ သင်းပျံ့မွှေးကြိုင်နေပြီး၊ သာမန်သစ်သားတုံး၏မီးခိုးနံ့က,တော့၊ မီးခိုးမွှန်ရုံသာ၊ ရှိချေမည်ဟု၊ ခံစားမှတ်ပိုတ်သုံးသပ်မိပြန်၏။

သစ်သားချင်းအတူတူ၊ ထင်းဖြစ်ရုံမျှသာ၊ အသုံးဝင်သော သစ်မျိုးရှိသကဲ့သို့၊ ဗိုလ်သာဂ (လူ့အသုံးအဆောင်) အဖြစ်၊ အသုံးဝင်, အသုံးကျခဲ့သော သစ်မျိုးတွေလည်း ရှိသည့်အပြင်၊ ရနံ့သင်းထုံလျက်၊ လောက,ကို၊ မွှေးပျံ့စေခဲ့သော၊ သစ်မျိုးတွေလည်း၊ ရှိခဲ့ကြပေမည်။

လူ့လောက,တွင်လည်း . . . ပုံသဏ္ဍာန်၊ စရိုက်၊ မျိုးစုံပြင်



## မနာတာတ်တဲ့ အသည်း

ရှင်သန်နေထိုင်ခဲ့ကြသူတို့သည်၊ ပြာမှုန့်မဖြစ်ခင်၊ ထင်းဖြစ်ရုံမျှသာ၊ အသုံးတည့်သွားသူများ ရှိသကဲ့သို့၊ လောက,အတွက်၊ မွှေးပျံ့စွာ၊ အသုံးဝင်သွားသူများလည်း၊ ရှိခဲ့ကြလေ၏။

မရဏမင်း၏ အမှိုက်သိမ်းစက်ကြီးအတွင်း၊ လိမ်လည်လှည့်ဖြားသူ၊ မလိမ်ညာတတ်သူ၊ အ,ကုသိုလ်ပြုသူ၊ အ,ကုသိုလ်မပြုသူ၊ လူဆိုး . . . လူကောင်း . . . အားလုံး ပြာပုံအတွင်း၊ အတူ (ရောနှောလျက်) ဆင်းသက်ရသည်ကို၊ တွေး . . . မြင်ရင်း . . .

ကိုယ်ကိုယ်တိုင်က,ရော . . .၊ ထင်းသာသာ၊ သစ်မျိုးလား . . .၊ မွှေးပျံ့သင်းထုံပါရဲ့လား။ . . . ဟု၊ အထိတ်တလန့်၊ တွေးမှတ်ဆင်ခြင်ကာ . . .၊



www.burmeseclassic.com

www.burmeseclassic.com



မနောကျင်တတ်အောင်

မွမ်းမံနေထိုင်ခဲ့သည့် . . . ကျွန်တော့်အသည်း။

နည်းနည်းတော့ . . .

နာမိသည်။

သို့သော် . . .

သောက, ပမာ မဟုတ်

ဒေါသ, အနာ မဟုတ် . . .။ - ။

❑ ❑ ❑

လေးစားခင်မင်လျက်,

**မောင်လှမျိုး(ချင်းချောင်းဖြူ)**

2012-Mar-11

11:19(p.m)

mhm.ccc@gmail.com

facebook a/c ; Hla Myo Aung



www.burmeseclassic.com